အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.168(2690-2704)

သတိပြန်လည်လာခြင်း

.May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၉၀ -

ထာဝရကျေးရွာ၏အခြေအနေ

ငါကမခိုးဘူး။ ဒီအတိုင်းပဲယူသွားတာ ။

ယူသွားတာတဲ့လား…

ဝမ်ယွန်၏မျက်နှာက ဆိုးရွားလှသည်။

ဤနေရာရှိ အခြားလူတိုင်းလည်း
မျက်နှာထက်
ထူးဆန်းသောအမူအရာများ
ရှိနေကြသည်။

အင်မော်တယ်အိမ်တော်ဟာ

သူတို့၏ရတနာပစ္စည်းများ

ခိုးယူခံရသည်ဟုထုတ်ပြန်ထားသည်။

သို့သော်လည်း လက်ရှိမှာတော့

ခိုးယူသွားခြင်းဟုတ်ပုံမရပေ။

တစ်စုံတစ်ယောက်က

အင်မော်တယ်အိမ်တော်ကို

ပေါ်တင်ဝင်ရောက်လာပြီး စိတ်တိုင်းကျ

ယူသွားတာပါ။

၎င်းက လုံးဝမတူသော

အခြေအနေနှစ်ခုပါ။

မဟာမျိုးနွယ်စုကြီး ၆ ခုမှ

ပညာရှင်များဟာ

တိမ်ဖြူဝတ်အမျိုးသားကို

စူးစိုက်ကြည့်ရင်း မျက်နှာပေါ်တွင်

လေးနက်သောအမူအရာများ

ရှိနေခဲ့သည်။

ထိုလူက အင်မော်တယ်အိမ်တော်ထဲသို့
ပေါ်တင်ဝင်ကာ တစ်စုံတစ်ခုယူလာပြီး
ပြန်ထွက်သွားခဲ့သည်။ သေချာသည်မှာ
တိမ်ဖြူဝတ်အမျိုးသားက
သာမန်စားသမားမဟုတ်တန်ရာ။

လူတိုင်း၏အကြည့်များအောက်မှာပဲ
တိမ်ဖြူဝတ်အမျိုးသားဟာ
ထာဝရလျှို့ဝှက်နယ်မြေဆီသို့
ဦးတည်သော အလင်းတံခါးဝဆီသို့

ဖြည်းညှင်းစွာလျှောက်လာသည်။
ဤအချိန်တွင် ဝမ်ယွန် က
တိမ်ဖြူဝတ်အမျိုးသားရှေ့ကနေ
ပိတ်ရပ်ထားလိုက်သည်။

တိမ်ဖြူဝတ်အမျိုးသားက ရပ်လိုက်ပြီး
ဝမ်ယွန် ကိုမော့ကြည့်ကာ "ဟမ်..."

ဝမ်ယွန် က ဂရုမစိုက်သည့်လေသံဖြင့်
"ကျေးဇူးပြုပြီး ဒီမှာခဏစောင့်ပါ"

တိမ်ဖြူဝတ်အမျိုးသားက သူ့ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး “ငါမစောင့်နိုင်ဘူး”

ဝမ်ယွန်၏ မျက်လုံးများက အနည်းငယ် မှိတ်သွားကာ "ငါ အတင်းနေခိုင်းရင် ဘယ်လိုလုပ်မလဲ"

တိမ်ဖြူဝတ်အမျိုးသားက နေရာမှာတင်

ပျောက်သွားသည်။

တစ်ချိန်တည်းမှာပဲ အလင်းတန်းတစ်ခု

လင်းလက်လာသည်။

တိမ်ဖြူဝတ်အမျိုးသား က

ထာဝရလျှို့ဝှက်နယ်မြေထဲသို့

ဝင်ရောက်သွားခဲ့ပြီဖြစ်သည်။

ဤနေရာရှိလူတိုင်းသည် ဝမ်ယွန်အား

ထိတ်လန့်စွာ ကြည့်နေကြသည်။

ဒီအချိန်မှာ ပတ်ဝန်းကျင်မှ

လေပြင်းတစ်ချက် တိုက်ခတ်သွား၏။

ခလွပ်...

ဝမ်ယွန်၏ခေါင်းဟာ သူ့လည်ပင်းမှ

ပြုတ်ကျသွားသည်။ စမ်းရေတွင်းကဲ့သို့

သွေးများ တလဟော စီးကျလာသည်။

ဤမြင်ကွင်းကြောင့် ဤနေရာရှိလူတိုင်း

အံ့အားသင့်သွားကြသည်။

သေပြီလား...

ဟင်းလင်းပြင်နတ်ဘုရားအဆင့်

ပညာရှင်ဟာ

ထိုကဲ့သို့ပင်သေဆုံးသွားခဲ့သည်။

ထို့အပြင် ဝမ်ယွန်

ဘယ်လိုအသတ်ခံရမှန်းကို ဘယ်သူမှ

နားမလည်နိုင်ခဲ့ကြပေ။

လူတိုင်း

အကြီးအကျယ်ထိတ်လန့်သွားခဲ့ကြသည်

။

အားလုံးက မျက်နှာပေါ်တွင်

ချွေးအေးများစီးကျလာပါသည်။ ဝမ်ယွန်

က ဟင်းလင်းပြင်နတ်ဘုရားအဆင့်

ပညာရှင် ပါ။

မူလကမ္ဘာအဆင့်များပင်လျှင်

အလွယ်တကူမသတ်နိုင်ပေ။ သို့သော်

တိမ်ဖြူဝတ်ဓားသမားက

အသာအယာပင် သတ်ပစ်လိုက်သည်။

တိမ်ဖြူဝတ်အမျိုးသား၏ခွန်အားက

လုံးဝကိုကြောက်စရာကောင်းလှသည်။

ဤအချိန်တွင် ဝမ်ယွန်၏အလောင်းရှေ့၌

ဆံပင်ဖြူအဘိုးကြီးတစ်ဦး

ရုတ်တရက် ပေါ်လာသည်။

သူ့ရင်ဘတ်နားတွင် "仙" ဟူသော

စာလုံးသေးသေးလေး ရေးထိုးထား၏။

၎င်းက အင်မော်တယ်အိမ်တော်၏

အမှတ်အသားပင်ဖြစ်သည်။

အဘိုးကြီးက ဝမ်ယွန်၏လည်ပင်းကို

ငုံ့ကြည့်ပြီးနောက် သူ့မျက်နှာပေါ်တွင်

လေးနက်သောအမူအရာတစ်ခု

တဖြည်းဖြည်းပေါ်လာသည်။

ဤအတောအတွင်း သူ့နောက်ကွယ်ရှိ

အာကာသထဲမှ

ထည်ဝါသောဝတ်ရုံဝတ်အမျိုးသားတစ်

ယောက် ထွက်လာခဲ့သည်။

သက်လတ်ပိုင်းအမျိုးသားက

အဘိုးကြီးကို ကြည့်ကာ

"အကြီးအကဲလင်း၊ သူဘယ်သူလဲဆိုတာ

မင်းသိလား” ဟုမေးလိုက်သည်။

ဆံပင်ဖြူအဘိုးကြီးက ခေါင်းကို

အနည်းငယ်ခါယမ်းကာ “သူ့ကို ရှာနေတာ

ရပ်ဖို့ အမိန့်ပေးလိုက်”

ဟုသာပြောခဲ့သည်။

"ဘာလဲ..." သက်လတ်ပိုင်းအမျိုးသားက မျက်မှောင်ကြုတ်ကာ

“အကြီးအကဲလင်း၊ သူယူသွားပြီ... အဲဒီပစ္စည်းကို ခိုးယူသွားပြီ။ ငါတို့အင်မော်တယ်အိမ်တော်အတွက် အရမ်းအရေးအကြီးဆုံးတယ်၊ ဒါကို လက်လွှတ်ခံလို့မဖြစ်ဘူး”

အကြီးအကဲလင်း က

သက်လတ်ပိုင်းအမျိုးသားကို

ရုတ်တရက် တားလိုက်ပြီး

“မင်းအသက်က ပိုအရေးကြီးသလား

ဒါမှမဟုတ် အဲဒီအရာက

ပိုအရေးကြီးသလား” ဟု မေးလိုက်၏။

သက်လတ်ပိုင်းအမျိုးသားက

“မင်းလိုလူကတောင် သူ့ကို အနိုင်ယူဖို့

မယုံကြည်နိုင်တဲ့အထိ သန်မာနေသလား”

ဟူ၍ လေးနက်စွာ ပြန်မေးသည်။

အကြီးအကဲလင်း က

သက်လတ်ပိုင်းအမျိုးသား ကို

စိုက်ကြည့်လိုက်ပြီး “ဝမ်ယန်ရှန်း၊

မင်းမျက်လုံးကိုဖွင့်ပြီးသေချာကြည့်။

သူက မင်းနဲ့အဆင့်တူဖြစ်တဲ့ ဝမ်ယွန်ကို

တစ်ချက်တည်းနဲ့သတ်သွားတယ်။

ငါက မူလကမ္ဘာအဆင့် ဆိုပေမယ့်

ဟင်းလင်းပြင်နတ်ဘုရားအဆင့်

ပညာရှင်တစ်ယောက်ကို

ချက်ချင်းသတ်နိုင်မယ်လို့မပြောရဲဘူး။

ဒါပေမဲ့ သူ ဒါကို

ထမင်းစားရေသောက်လို လုပ်သွားတယ်။

ဒီတော့ သူ့ရဲ့ ခွန်အားဟာ ငါတို့

မျှော်လင့်ထားတာထက်ကို

ကျော်လွန်သွားပြီ”

ဝမ်ယန်ရှန်း ဟာ

ချက်ချင်းတိတ်ဆိတ်သွားသည်။

အကြီးအကဲလင်း က ဆက်ပြောသည်

“ဒီမှာနေပြီး

ယန်ယဲ့ကိုပဲစောင့်ကြည့်နေပါ။

သူ့ကို လွတ်မြောက်ခွင့်ပေးလို့မရဘူး။

ငါက အိမ်တော်သခင်ကို

ပြန်သွားတွေ့ရလိမ့်မယ်။ ပြီးမှ သူ ဘယ်လိုဆုံးဖြတ်မလဲကြည့်ကြတာပေါ့”

ထိုစကားပြောပြီးနောက် နေရာမှာတင် ပျောက်သွားသည်။

ဝမ်ယန်ရှန်း က မျက်နှာပျက်သွားသည်။ ခဏအကြာတွင် သူက ဟန်ယွမ်မျိုးနွယ်၏ဘိုးဘေး

ဟန်ယွမ်လင်း အား "ဘိုးဘေးဟန်ယွမ်၊ အထဲမှာ ဘာလှုပ်ရှားမှုရှိလဲ"

ဟန်ယွမ်လင်း က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး “ဘာမှ ထူးခြားတာတော့ မရှိပါဘူး။ ဒါပေမဲ့ မကြာခင် ပြန်ထွက်လာမယ်လို့ ငါထင်တယ်။ ထာဝရလျှို့ဝှက်နယ်မြေက တစ်နှစ်ပြည့်တာနဲ့

သူ့အလိုလိုပျောက်ကွယ်သွားတတ်တယ်။ အခု အချိန်စေ့ပြီ”

ဝမ်ယန်ရှန်း က အနည်းငယ်ခေါင်းညိတ်လိုက်သည် “ဒါဆိုကောင်းပြီ”

ထို့နောက် မြေပြင်ပေါ်ရှိ ဦးခေါင်းမဲ့အလောင်းကို စိုက်ကြည့်နေသည်။ ဝမ်ယွန်က သူ၏မျိုးနွယ်တူဖြစ်သည်။ သူ၏ဝမ်းကွဲအစ်ကိုဟုပြောရင်ပိုမှန်ပါသ

ည်။ နှစ်ယောက်ကြား ဆက်ဆံရေးဟာ

ငယ်ငယ်ကတည်းကပင်

ကောင်းမွန်ခဲ့သည်။

သူက ခဏလောက် ငြိမ်သက်သွားပြီး

ထာဝရလျှို့ဝှက်နယ်မြေတံခါးဝကို

စိုက်ကြည့်ရင်း "ယန်ယဲ့၊ မင်းအတွက်

မဟုတ်ရင် သူသေမှာ မဟုတ်ဘူး။

မင်းအပြင်ထွက်လာရင် ငါမင်းကို
နှိပ်စက်မယ်"

ဟန်ယွမ်လင်း က ဝမ်ယန်ရှန်း ကို
တစ်ချက်ကြည့်လိုက်ပြီး သူ့စိတ်ထဲတွင်
အထက်အမြင်သေးမှုများ ပေါ်လာသည်။
ဝမ်ယန်ရှန်း ဟာ
တိမ်ဖြူဝတ်ဓားသမားကို လိုက်မရှာရဲဘဲ
ယန်ယွဲ့ကိုသာ အပြစ်ပုံချခဲ့သည်။

ပြောစရာမလိုအောင်ပါ၊ သူ့လုပ်ရပ်က

ရှက်ဖွယ်အတိပင်။

...

ထာဝရကျေးရွာ ...။

ကောင်းကင်ထက်တွင်

ကြောက်မက်ဖွယ်ကောင်းသော

ဆောဘာစွမ်းအင်များ

ဆင်းသက်လာသည်။ ကမ္ဘာကြီးကို

ခွဲထုတ်တော့မည်ထင်ရ၏။

ဆောဘာအလင်းတန်းများဟာ

အနက်ရောင် အရိပ်တစ်ကို

ဖုံးလွှမ်းထားသည်။

အနက်ရောင်အရိပ်က အခြားမဟုတ်ပေ၊

ငရဲဘုံကိုးခုကေရာဇ်ပင်ဖြစ်သည်။

သို့သော်လည်း ထာဝရကျေးရွာ၏
အုပ်ချုပ်သူများက လက်မခံခဲ့ပေ။

အထူးသဖြင့် ဝမ်အရှုးမလေး၏အဖိုး၊
ကလေးမျက်နှာအဘိုးကြီး၊ အန်တီယန်
နှင့် သားသတ်သမား တို့ဟာ
ယန်ယဲ့၏ရှေ့ကနေ ရပ်နေခဲ့ကြသည်။

ကောင်းကင်ထက်မှ ဆေဘာစွမ်းအင်များ

အရိပ်မည်းကြီးပေါ်သို့

ဆင်းသက်လာသောအခါတွင်

ရောမလက်ကြီးတစ်ဖက်ရုတ်တရက်ပေါ်

လာပြီး ရိုက်ထုတ်ပစ်လိုက်သည်။

ဘောင်း...

ဆောဘာအလင်းတန်းဟာ ပြင်းထန်စွာ

တုန်ခါသွားပြီးနောက်

ကြေမွသွားခဲ့သည်။

အုန်း...

ဆောဘာစွမ်းအင်များ ကွဲထွက်သွားပြီး

ပြင်းထန်သော စွမ်းအင်လှိုင်းလုံးများက

ကောင်းကင်တစ်ခုလုံးအား

ရိုက်ခတ်သွားတော့သည်။

ဤအတောအတွင်း လုံ့တစ်စင်းက

ရောမနဂါးကြီးတစ်ကောင်အလားလေထဲ

သို့ ထိုးတက်လာသည်။

လှံ၏နောက်ကွယ်တွင်

ကလေးမျက်နှာအဘိုးကြီး

ရပ်နေခဲ့သည်။ ဒီအချိန်မှာ သူ့မျက်နှာက

ကလေးမျက်နှာမဟုတ်တော့ဘဲ

တစ်ကိုယ်လုံး

ပြင်းထန်သောအရှိန်အဝါများ

ဖြာထွက်နေပါသည်။

ကောင်းကင်ထက်တွင်...

ငရဲဘုံကိုးခုကောရာဇ်က

အေးစက်စက်အသံတစ်ချက်ထုတ်လိုက်

ရာ စူးရှသောအသံလှိုင်းက

လှံကိုထိမှန်သွားသည်။

တစ်ချိန်တည်းမှာပဲ

အနက်ရောင်လက်ကြီးတစ်ဖက်က

ကလေးမျက်နှာအဘိုးကြီးကို

ရိုက်ချလိုက်လေသည်။

အုန်း…

ကောင်းကင်ကြီးသည် ပြင်းထန်စွာ တုန်ခါသွားပြီးနောက် ပုံရိပ်တစ်ခု ပြုတ်ကျလာသည်။

ဝုန်း…

မြေပြင်တစ်ခုလုံး

ရုတ်တရက်ပြိုကျသွားသည်။ သို့သော်

ပြိုကျလာသောမြေပြင်သည်

ထာဝရကျေးရွာဖက်သို့

တိုးလာသောအခါ

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်ကြိုးမျှင်တစ်ချောင်းပေါ်လာပြီး

ပိတ်ဆို့သွားခဲ့သည်။

ဤအချိန်တွင်

ကလေးမျက်နှာအဘိုးကြီးက အန်တီယန်

အနားမှာ ရုတ်တရက် ပေါ်လာသည်။

ထို့နောက် ငရဲဘုံကိုးခုကေရာဇ် ကို

မော့ကြည့်ကာ "အစ်မကြီး၊

မင်းအလှည့်ရောက်ပြီ"

အန်တီယန် က ဝမ်အရှူးမလေး၏အဖိုးကို

တစ်ချက်ကြည့်လိုက်ပြီး "လူအိုကြီး၊

နင်အရင်သွားမလား။ ဒါမှမဟုတ်
ငါသွားလိုက်ရမလား"

သူမက ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး
ဝမ်အရှူးမလေး၏အဖိုးကို
စိုက်ကြည့်ရင်း "နင်အရင်သွားမှာလား။
ဒါမှမဟုတ် ငါသွားလိုက်ရမလား"

အဘိုးကြီးက ပြုံးပြီး “ဒါဆို

ငါအရင်သွားလိုက်မယ်”

ထိုစကားပြောပြီးသည်နှင့်

လက်နှစ်ဖက်ကို ရုတ်တရက်

မြှောက်လိုက်ရာ ကောင်းကင်ယံ၌

ပါးလွှာသောသွေးချည်မျှင်များ

ထွက်ပေါ်လာသည်။ သိပ်မကြာလိုက်ပေ၊

ထာဝရကျေးရွာ၏

အထက်ကောင်းကင်ဃံဟာ

သွေးကြိုးများဖြင့် ဖုံးလွှမ်းထားသည်။

"လူရှိုင်းနတ်ဘုရားနည်းစနစ်တွေလား"

ကောင်းကင်ထက်မှ

ငရဲဘုံကိုးခုကေရာဇ်၏

အေးစက်စက်အသံထွက်ပေါ်လာခဲ့သည်

“မင်းရဲ့ ခွန်အားကို ကောင်းကောင်း

ဖုံးကွယ်ထားတာပဲ”

ထိုစကားပြောပြီးသည်နှင့်

သူ၏လက်ကိုဝှေ့ယမ်းလိုက်သည်။

ကောင်းကင်ယံတွင်

ရောမလက်ကြီးနှစ်ဖက်

ထွက်ပေါ်လာပြီးသွေးကြိုးများကို

ဆုတ်ဖြဲလိုက်လေသည်။

သို့သော်လည်း များပြားလှသော

သွေးကြိုးများဟာ ပြတ်တောက်မသွားဘဲ

လျင်မြန်စွာ ပေါင်းစည်းသွားကြသည်။

ထို့နောက်

ငရဲဘုံကိုးခုကေရာဇ်၏တစ်ကိုယ်လုံးကို

တင်းတင်းကြပ်ကြပ်

ချုပ်နှောင်သွားသည်။

ဆူး ....ဆူး ....ဆူး ....ဆူး...

သိပ်ပြီးမကြာလိုက်ပေ၊

ငရဲဘုံကိုးခုကေရာဇ်၏ခန္ဓာကိုယ်အနှံ့

သွေးနီရောင်အစင်းကြောင်းများ

ပေါ်လာသည်။ သို့သော်

ဤအခိုက်အတန့်တွင် သူ့ထံမှ

ပြင်းထန်သော အရှိန်အဝါတစ်ခု

ထွက်ပေါ်လာသည်။

ဘမ်း…

ထိုအရှိန်အဝါနှင့်အတူ

ငရဲဘုံကိုးခုကေရာဇ်ကို

ချုပ်နှောင်ထားသော သွေးကြိုးများဟာ

ပျောက်ကွယ်သွားခဲ့သည်။

ထို့နောက်

ပြင်းထန်သောအရှိန်အဝါတစ်ခုက

ရောမလှိုင်းလုံးကြီးသဖွယ် ကောင်းကင်မှ

ဆင်းသက်လာခဲ့သည်။

"တိုက်တန်နတ်ဆိုးသွေးမျိုးဆက်"

ဝမ်အရှူးမလေး၏အဖိုးက “သန့်စင်မှုက

၇၀% လောက်။

ဘယ်လောက်ရှားပါးလိုက်သလဲ"

အန်တီယန် ကလည်း အနည်းငယ်

ခေါင်းညိတ်ပြပြီး "သူ့ကို

ဒီအဆင့်ရောက်သွားဖို့ ဘယ်တုန်းကမှ

မမျှော်လင့်ထားဘူး"

ထိုစကားပြောပြီးသည်နှင့်

သူမ၏လက်ဝါးနှစ်ဖက်ကို မြှောက်ကာ

အပေါ်သို့ပင့်ရိုက်လိုက်သည်။

ဂျိန်း…

ရောမလက်ဝါးကြီးတစ်ဖက်က

ကောင်းကင်ပေါ်သို့ ထိုးတက်သွားသည်။

ကမ္ဘာကြီးကို
မှောက်လှန်ပစ်နိုင်သည်ဟုထင်ရလေသ
ည်။

ဘောင်း...

ကျယ်လောင်သော ပေါက်ကွဲသံ
ထွက်ပေါ်လာပြီးနောက် အရှိန်အဝါက
ချက်ချင်း ကွဲထွက်သွားသည်။
အန်တီယန်၏ တိုက်ခိုက်မှုသည်လည်း

သဲလွန်စမရှိဘဲ

ပျောက်ကွယ်သွားခဲ့သည်။

"ငါ့ကို အုပ်စုဖွဲ့တိုက်ခိုက်နေတာလား"

ငရဲဘုံကိုးခုကောရာဇ်က အေးစက်စွာ

အော်ဟစ်လိုက်ပြီး

"အနောက်တောင်တန်းမှာရှိတဲ့

နတ်ဆိုးအရေအတွက်နဲ့ ယှဉ်နိုင်မလား"

ထိုပြောပြီးသည်နှင့်တပြိုင်နက် သူ့ထံမှ စူးရှသောအသံလှိုင်းတစ်ခု ပျံ့လွင့်လာပြီး အနောက်တောင်တန်းများဆီသို့ တိုးဝင်သွားသည်။

ခဏအကြာတွင် ရေယာတစ်ခုလုံး တုန်ခါသွားကာ အနောက်တောင်တန်းမှ မရေမတွက်နိုင်သော မှုလနတ်ဆိုးများ ပြေးထွက်လာကြသည်။

ဤမြင်ကွင်းအား မြင်လိုက်သောအခါ

အန်တီယန်

တို့လေးယောက်၏အမူအရာများဟာ

ချက်ချင်း ပြောင်းလဲသွားသည်။

သူတို့လေးယောက်ပေါင်းထားရင်တော့

ငရဲဘုံကိုးခုကေရာဇ်ကို ကြောက်စရာ

မလိုပါ။ သို့သော်လည်း

အနောက်တောင်တန်းမှ

မူလနတ်ဆိုးများသာ တစ်စုတစ်စည်းထဲ

တိုက်ခိုက်လာလျှင်

ခုခံနိုင်မည်မဟုတ်ပေ။

ဤအခိုက်အတန့်တွင်

မရေတွက်နိုင်သော နတ်ဆိုးအုပ်ဟာ

ထာဝရကျေးရွာ ဆီသို့ တစ်ဟုန်ထိုး

ပြေးလွှားနေကြသည်။

ဤအချိန်တွင်

ထာဝရလျှို့ဝှက်နယ်မြေတစ်လျှောက်ရှိ

မြေပြင်သည် အဆက်မပြတ်

တုန်ခါနေသည်။

ဤအတောအတွင်း

ထာဝရကျေးရွာအဝင်ဝ၌

သာမန်ဓားတစ်ချောင်းကိုင်ထားသော

တိမ်ဖြူဝတ်အမျိုးသားတစ်ဦး

ရုတ်တရက် ပေါ်လာခဲ့သည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၉၁ - အရမ်းအားနည်းတယ်

ဤအချိန်တွင် ထာဝရကျေးရွာ၏

ပတ်ပတ်လည်၌ မရေမတွက်နိုင်သော

နတ်ဆိုးများ ဝိုင်းရံထားခဲ့သည်။

ထောင်သောင်းချီသော
မူလနတ်ဆိုးအုပ်ကြီးဟာ တစ်ရွာလုံးကို
ထွက်ပေါက်မရှိအောင်
တင်းတင်းကြပ်ကြပ် ပိတ်ထားသည်။

တိမ်ဖြူဝတ်အမျိုးသားက ရွာအဝင်ဝ၌
ရပ်နေရင်း ပတ်ဝန်းကျင်ကို
အကဲခတ်နေသည်။

သူ့အကြည့်များက အန်တီယန်၊
ဝမ်အရှုးမလေး၏အဖိုး နှင့်
ငရဲဘုံကိုးခုကေရာဇ်တို့အပေါ်
ကျဆင်းသွားသည်။
ခဏအကြာတွင်တော့ ယန်ယဲ့ဆီကို
အကြည့်ရောက်သွားသည်။
သူ၏မျက်လုံးထဲမှ အံ့သြမှုတစ်ချက်
တောက်ပလာပြီး ယန်ယဲ့ ဆီသို့
ဖြည်းညှင်းစွာ လျှောက်လာသည်။

တစ်ချိန်တည်းမှာပင်
ဤနေရာရှိလူတိုင်းက
တိမ်ဖြူဝတ်အမျိုးသား ရောက်နေတာကို
သတိပြုမိသွားကြသည်။

ပိုင်ဇိုရှန် လည်း သတိထားမိသွားပြီး
တိမ်ဖြူဝတ်အမျိုးသားကို
လှည့်ကြည့်လိုက်သည်။

အန်တီယန်နှင့် အခြားလူတိုင်းလည်း

တိမ်ဖြူဝတ်အမျိုးသားကို

စိုက်ကြည့်နေကြသည်။

လူတိုင်းက ဤနေရာတွင်

ရုတ်တရက်ပေါ်လာခဲ့သော

တိမ်ဖြူဝတ်ဓားသမားကို

သတိမပြုတ်ထားနေကြသည်။

တိမ်ဖြူဝတ်အမျိုးသားက

ယန်ယွဲ့အနားကို လျှောက်လာပြီး

"အရှူးဆန္ဒ.... ... စိတ်ဝင်စားစရာပဲ" ဟူ၍

တိုးတိုးလေးပြောလိုက်ပါသည်။

ပိုင်ဇီရှန် က အသံကိုနှိမ့်ကာ

တိုးတိုးလေးမေးလိုက်သည်

"အကြီးအကဲ၊ သူ့ကိုသိလား"

တိမ်ဖြူဝတ်အမျိုးသားက

အနည်းငယ်ခေါင်းညိတ်ပြပြီး

“ငါသိပါတယ်”

ပိုင်ဇီရှန် က ခပ်မေးခါနီးတွင်

တိမ်ဖြူဝတ်အမျိုးသားက

တိုးတိုးလေးပြောလိုက်သည်

"သူသတိပြန်လည်လာပြီဆိုရင်

ငါတို့သဘောတူညီချက်ကို မမေ့ဖို့

သူ့ကိုပြောပါ"

ထိုစကားသာ ပြောပြီး

အနောက်တောင်တန်းဆီသို့

ဖြည်းညှင်းစွာ လျှောက်သွားခဲ့သည်။

သို့သော် သူ့လမ်းရှေ့တွင်

နတ်ဆိုးအများအပြား ပိတ်ဆို့နေသဖြင့်

ရပ်တန့်သွားသည်။ ဒီအချိန်မှာ

အားလုံးက တိမ်ဖြူဝတ်စားသမားကို

စိုက်ကြည့်နေကြသည်။

တိမ်ဖြူဝတ်စားသမား က

ငရဲဘုံကိုးခုကေရာဇ်ကို

တစ်ချက်လှမ်းကြည့်ကာ

“မင်းတို့အားလုံးက ငါ့အတွက်

အားနည်းလွန်းတယ်။ မင်းတို့အားလုံးကို

ငါစိတ်မဝင်စားဘူး၊ ဒါဆိုရင်

ဘေးဖယ်ကြ… ”

အရမ်းအားနည်းနေတာလား…

ထိုစကားကိုကြားလိုက်သောအခါ
လူတိုင်း၏မျက်နှာပေါ်တွင်
ထူးဆန်းသောအမူအရာများ
ရှိနေကြသည်။

အရမ်းအားနည်းနေတယ်။
ငရဲဘုံကိုးခုကေရာဇ်နှင့် ထောင်ချီသော
မူလနတ်ဆိုးများက အားနည်းသည်လား။

သူရှူးသွားပြီလား ။

"ဟားဟား…" ငရဲကိုးဘုံဧကရာဇ်က ကောင်းကင်ယံထက်ကနေ ရယ်မောလိုက်လေသည်။ ထို့နောက် အနက်ရောင်အရိပ်က တိမ်ဖြူဝတ်စားသမားရှေ့တွင် ပေါ်လာပြီး "လူသား၊ မင်းအမြင်မှာ ငါတို့ကအားနည်းလွန်းတယ်လို့ ပြောနေတာလား"

တိမ်ဖြူဝတ်စားသမား က ခေါင်းညိတ်ပြပြီး “ငါ စော်ကားလိုစိတ် မရှိပါဘူး။ ဒါပေမဲ့ မင်းတို့အားလုံးက တကယ်ကို အားနည်းနေကြတာ”

"ငါတို့ တကယ် အားနည်းတာလား..." ငရဲကိုးဘုံကောရာဇ် က ဒေါသတကြီး ရယ်မောရင်း “ဒါဆို မင်းအမြင်မှာ ဘာကို သန်မာတယ်လို့ ယူဆလဲ”

တိမ်ဖြူဝတ်စားသမားက ကောင်းကင်ကို တစ်ချက်ကြည့်လိုက်ပြီး “အဲဒီလူ၊ ဒီကိုခဏတဖြုတ် ဖြတ်သွားတဲ့လူ…”

အန်တီယန် နှင့် အခြားလူတိုင်းလည်း မျက်လုံးထဲတွင် သိချင်စိတ်အပြည့်ဖြင့် တိမ်ဖြူဝတ်စားသမားကို စိုက်ကြည့်နေသည်။ အကြောင်းမှာ

တိမ်ဖြူဝတ်စားသမားက ထိုတည်ရှိမှုကို အာရုံခံမိသောကြောင့်ပင်။

ငရဲကိုးဘုံကေရာဇ်၏မျက်နှာက ရုတ်တရက် လေးနက်တည်ကြည်လာပြီး "မင်းက ဘယ်သူလဲ" ဟု မေးလိုက်ပါသည်။

တိမ်ဖြူဝတ်စားသမားက ပြန်မဖြေဘဲ ခေါင်းကို အနည်းငယ်ခါယမ်းကာ ရှေ့သို့

ဆက်လျှောက်လာခဲ့သည်။

ငရဲကိုးဘုံကောရာဇ် နှင့် မီတာ ၃၀

ခန့်အကွာသို့ ရောက်လာသောအခါ

ပြင်းထန်သောအရှိန်အဝါများ

ရုတ်တရက်ပျံ့လွင့်လာပြီး

တိမ်ဖြူဝတ်စားသမားကို

ဖိနှိပ်လိုက်သည်။

ဤအချိန်တွင် အလင်းတန်းတစ်ခု

ရုတ်တရက်လင်းလက်လာသည်။

အလင်းတန်းပျောက်ကွယ်သွားသည့်အ
ခါ တိမ်ဖြူဝတ်စားသမားက
ငရဲကိုးဘုံကေရာဇ်၏နောက်တွင်
ရပ်နေခဲ့သည်။

လူတိုင်း အံ့အားသင့်သွားကြသည်။

ဆူး...

ငရဲကိုးဘုံကေရာဇ်၏လည်ပင်းမှ

သွေးများပန်းထွက်လာကာ

သူ၏ခေါင်းက မြေပြင်ပေါ်သို့

လိမ့်ဆင်းသွားသည်။

"မဖြစ်နိုင်ဘူး..." ဤအချိန်တွင်

ခေါင်းပြတ်၏မျက်လုံးထဲ၌

မယုံကြည်နိုင်မှုအပြည့်ဖြင့် ရုတ်တရက်

စကားပြောလာသည်။

ခဏအကြာတွင်

ငရဲကိုးဘုံကေရာဇ်၏ခန္ဓာကိုယ်ဟာ

ခေါင်းပြတ်ကိုကောက်ယူ၍

ကောင်းကင်ထက်သို့

ပျောက်ကွယ်သွားခဲ့သည်။ ဤအချိန်တွင်

တိမ်ဖြူဝတ်စားသမားကို

ဝိုင်းရံထားသော မူလနတ်ဆိုးများလည်း

တရွေ့ရွေ့နှင့် ပြန်ဆုတ်သွားကြသည်။

ငရဲဘုံကိုးခုကေရာဇ် ပင်လျှင်
ခေါင်းဖြတ်ခံလိုက်ရ၏။

ထို့ကြောင့် ရာချီသော
မူလနတ်ဆိုးများဟာ
ချက်ချင်း ပြန်ဆုတ်သွားတော့သည်။

ရွာထဲမှ ထွက်သွားခါနီးတွင်
တိမ်ဖြူဝတ်ဓားသမားဟာ ခဏရပ်ပြီး
ညာဖက်ကို လှမ်းကြည့်လိုက်သည်။

ထိုနေရာတွင်

အမည်မသိသားရဲ့အသားများကို

ကိုက်ဖွဲ့စားသောက်နေသော

ကလေးမလေးတစ်ယောက်ရှိနေသည်။

တိမ်ဖြူဝတ်ဓားသမား၏အကြည့်ကို

သူမသတိပြုမိသောအခါ

ကလေးမလေးက

စားလက်စအသားပိုင်းကို

အမြန်ဖွက်လိုက်သည်။ ထို့နောက်

သူ့ကိုသတိဖြင့်ကြည့်နေသည်။

တိမ်ဖြူဝတ်ဓားသမားက

ကလေးမလေးကို

ခဏကြာငေးကြည့်နေရင်း “

သွေးမျိုးဆက်က အရမ်းကောင်းတယ်။

ကံမကောင်းစွာပဲ၊ မင်းဟာ

ငယ်လွန်းတယ်"

ထိုစကားပြောပြီးသည်နှင့် အဝေးကို ပျောက်ကွယ်သွားပါတော့သည်။

ဤအချိန်တွင် အန်တီယန် နှင့်အခြားလူတိုင်းက ထိတ်လန့်နေကြတုန်းပါ။

တိုက်ခိုက်မှုတစ်ခုပါ။

တိမ်ဖြူဝတ်ဆားသမားက
တိုက်ခိုက်မှုတစ်ခုတည်းဖြင့်သော
ငရဲကိုးဘုံကောရာဇ်ကို
ခေါင်းဖြတ်ပစ်လိုက်သည်။

သူတို့အမြင်မှာ တိမ်ဖြူဝတ်ဆားသမားက
မူလခေတ်၏ ကျန်ရှိနေသော
ပညာရှင်တစ်ဦးဟုပင်
ထင်မိသွားစေသည်။

အန်တီယန် က ထိတ်လန့်နေရာကနေ သတိပြန်ဝင်လာတော့ ပိုင်ဇီရှန် ကို စိုက်ကြည့်ရင်း "နင်သူ့ကို သိလား"

ပိုင်ဇီရှန်က ခေါင်းခါလိုက်သည် "ဒါပေမဲ့ သူက ယန်ယဲ့ကို သိတယ်။ သူတို့ကြားမှာ ဆက်ဆံရေးတစ်ခုခုတော့ ရှိကောင်းရှိနိုင်ပါတယ်”

"ဒီကလေးကလည်း

ဓားသမားတစ်ယောက်ပဲလေ."

ဤအချိန်တွင်

ကလေးမျက်နှာအဘိုးကြီးက

ရုတ်တရက်ဝင်ပြောလိုက်သည်

“သူက အဲဒီတိမ်ဖြူဝတ်အမျိုးသားရဲ့

နောက်မျိုးဆက် ဆက်ခံသူများ

ဖြစ်နေမလား”

ဖြစ်နိုင်ချေများသဖြင့် လူတိုင်း

မျက်မှောင်ကြုတ်သွားကြသည်။

ယန်ယဲ့သည် ဓားသမားဖြစ်သလို

တိမ်ဖြူဝတ်အမျိုးသားကလည်း

ထူးဆန်းသော

ဓားသမားတစ်ဦးပင်။ ထို့အပြင်

နှစ်ယောက်စလုံးက အချင်းချင်း

သိနေကြသည်။

“ခဏလေး…” ဤအချိန်တွင် အန်တီယန်

က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

"သူ့ရဲ့ဓားတာအို က ဒီကလေးနဲ့

လိုးဝမတူဘူး။ ဒါ့ပြင် သူသာ ဒီကလေးရဲ့

ဆရာဖြစ်နေရင် သူ့တပည့်ကို

ချက်ချင်းပြန်ခေါ်သွားမှာပေါ့”

"လောလောဆယ်ဒါကိုထားလိုက်ရအော

င်…" တစ်ချိန်တည်းမှာပဲ

ဝမ်အရှုးမလေး၏အဖိုးက

ပြောလိုက်သည်

“လက်တလောအရေးကြီးတာက

ဒီကလေးကို ပြုစုပျိုးထောင်ပေးဖို့

ကိစ္စပဲ။ သူတို့ ပြန်သွားရမယ့်အချိန်က

သိပ်မကျန်တော့ဘူး”

အန်တီယန် က အနည်းငယ်

ခေါင်းညိတ်ပြီး သားသတ်သမားကို

စူးစိုက်ကြည့်ကာ "နင် သူ့ကို တစ်ခုခု သင်ပေးချင်သေးရင် မြန်မြန်လုပ်ပါ"

စကားပြောနေရင်းဖြင့် ပိုင်ဇီရှန် ကို စိုက်ကြည့်ကာ "သမီးငယ်လေး၊ ငါနဲ့လိုက်ခဲ့"

ပိုင်ဇီရှန် ဟာ ခဏတုံ့ဆိုင်းသွားပြီး နောက်ကနေ လိုက်သွား၏။

သို့သော်လည်း ယန်ယဲ့ သည်

ပိုင်ဇိရှန်၏နောက်ကို လိုက်ပါသွားသည်။

သားသတ်သမား၏မျက်နှာက

မည်းမှောင်သွားသည်။ သို့ရာတွင်

သူလည်း

ယန်ယဲ့နောက်ကိုလိုက်သွားရုံသာတတ်နိုင်

၏။

ပိုင်ဇိရှုန် မပါဘဲ ယန်ယဲ့ကို လေ့ကျင့်သင်ကြားပေးဖို့ကမဖြစ်နိုင်သောကြောင့်ပါ။

ကလေးမျက်နှာအဘိုးကြီးနှင့် ဝမ်အရှူးမလေး၏အဖိုး တို့သာလျှင် ဤနေရာတွင် ကျန်ခဲ့သည်။

"လူအိုကြီး၊ ဒါက နည်းနည်းတော့ ထူးထူးခြားခြားပဲ"

ကလေးမျက်နှာအဘိုးကြီးက

ရုတ်တရက်ပြောခဲ့သည်

“ဒီလိုမျိုးအထွတ်အမြတ်ပညာရှင်က

အပြင်လောကမှာပေါ်လာတယ်၊

နည်းနည်းတော့ထူးဆန်းတယ်လို့မထင်

ဘူးလား”

ဝမ်အရှူးမလေး၏အဖိုး က

အနည်းငယ်ခေါင်းညိတ်ပြပြီး

"တကယ်ကို ထူးထူးခြားခြားပဲ"

ဟုပြန်ပြောသည်။

ခဏအကြာတွင် ဝမ်အရှုးမလေး ဆီသို့

လျှောက်သွားပြီးနောက် သူမ၏လက်ကို

ဆွဲကာ အဝေးသို့

ပျောက်ကွယ်သွားသည်။

သိပ်မကြာလိုက်ပေ၊

ကလေးမျက်နှာအဘိုးကြီးတစ်ယောက်

တည်းသာ

တိတ်ဆိတ်လျက်ကျန်နေခဲ့သည်။

...

ထာဝရကျေးရွာ၏

အနောက်ဖက်တောင်တန်း...

ဤအခိုက်အတန့်တွင်

တိမ်ဖြူဝတ်စားသမားက ယန်ယဲ့နှင့်

ပိုင်ဇိုရှန် တို့ရောက်ဖူးသော

ကျတီးခေါင်လွင်ပြင်သို့

ရောက်ရှိလာသည်။

လမ်းတစ်လျှောက်တွင် သူသည်

မည်သည့်နတ်ဆိုးများနှင့်မျှ

မတွေ့ခဲ့ရပေ။

သူ့လမ်းကြောင်းက လုံးဝရှင်းနေပါသည်။

အချိန်အတော်ကြာအောင်

ဆက်သွားနေပြီးနောက် ရပ်တန့်လိုက်ပြီး

ညာဖက်သို့ လှမ်းကြည့်လိုက်သည်။

ထိုနေရာအား အတင်းအကြပ်

ဖျက်ဆီးထားပုံရသည်။

သူက ပျက်စီးနေသော ဧရိယာကို

ခဏကြာအောင် ငေးကြည့်နေရင်း

"ရှေးဟောင်းခေတ်...

အင်အားကြီးသူတွေထွက်ပေါ်လာတဲ့ခေ
တ်" ဟု တိုးတိုးလေးပြောခဲ့သည်။

ထို့နောက် ကောင်းကင်ပေါ်ကို
ဖြည်းညှင်းစွာ မော့ကြည့်ရင်း
“သနားစရာကောင်းလိုက်တာ”

"ဘာကသနားစရာကောင်းတာလဲ..."
အသံတစ်သံ ရုတ်တရက်
ထွက်ပေါ်လာသည်။

အသံနှင့်အတူ တိမ်ဖြူဝတ်စားသမား၏

အနီးအနားရှိ အာကာသထဲမှ

အနက်ရောင်အလင်းတန်းတစ်ခု

ထွက်ပေါ်လာသည်။

တိမ်ဖြူဝတ်စားသမားက သူ့အကြည့်ကို

ဆုတ်လိုက်ပြီး "အရင်ခေတ်က

မမွေးဖွားခဲ့တာ သနားစရာပဲ"

"မင်းအရင်ခေတ်မှာ

မွေးဖွားမလာခဲ့လို့လား" အနက်ရောင်

အလင်းတန်းကြီးက ရုတ်တရက်

ရယ်မောလိုက်ပြီး “အရင်ခေတ်ဟာ

တန်ခိုးရှင်ခေတ်ပဲ။ ကံကြမ္မာတောင်

ကြောက်ရတဲ့ ခေတ်လည်း ဖြစ်ခဲ့တယ်။

အင်ပါယာအဆင့်စွမ်းအားရှင်တွေ၊

လောကနတ်ဘုရားတွေနဲ့

အင်မော်တယ်တွေ

မရေမတွက်နိုင်အောင်ပဲ။ တကယ်တော့

ထာဝရစကြာဝဠာရဲ့

သမိုင်းတစ်လျှောက်မှာ အထူးခြားဆုံး

ခေတ်တစ်ခုလို့ပြောရမယ်။

မင်းအရင်ခေတ်မှာ မွေးဖွားချင်တယ်လို့

ပြောတယ်ဆိုတော့ မင်းကိုယ်တိုင်

အဲဒီခေတ်က ဉာဏ်ကြီးရှင်တွေနဲ့

ယှဉ်နိုင်မယ်လို့ထင်လား"

"ယှဉ်နိုင်မှာလား..."

တိမ်ဖြူဝတ်စားသမားက ခေါင်းခါပြီး

“ငါက ပြိုင်ဖို့မရှာဘူး။ ငါရှာနေတာက

ရှုံးနိမ့်မှုပဲ”

အရှုံးကိုလိုက်ရှာနေတယ်...

ပတ်ဝန်းကျင်က တိတ်ဆိတ်သွားခဲ့သည်။

...

ထာဝရကျေးရွာ ..။
ကျောက်တုံးအိမ်ထဲတွင်.... ။

သားသတ်သမားက သူ့ရှေ့မှ
ဓားနှစ်ချောင်းကို တိတ်ဆိတ်စွာ
စိုက်ကြည့်နေ၏။

အချိန်တော်တော်ကြာမှ ယန်ယွဲ့နှင့်
ပိုင်ဇိရှန် တို့အား ကြည့်ကာ
“ဒီစစ်မြေပြင်မှာ မင်းတွေ့ခဲ့တာလား"

ပိုင်ဇိရှန် က ခေါင်းညိတ်လိုက်သည်။

သားသတ်သမားက သွေးဓားကြီးကို လက်ညှိုးထိုးပြပြီး “အဲဒါကို "အနန္တ" လို့ခေါ်တယ်။ ငါတို့ခေတ်က နတ်ဘုရားလက်နက်အဆင့်စာရင်းမှာ အဆင့် ၁၀ မှာရှိခဲ့တယ်။

ဒါကို လူတိုင်း သုံးလို့မရလောက်အောင် စွမ်းအင်တွေ၊သတ္တုတွေအမျိုးမျိုးနဲ့ဖန်တီးထားတာပဲ”

လူတိုင်း မသုံးနိုင်အောင်လား...

ပိုင်ဇီရှန် က ထိတ်လန့်သွားပြီး "ဒါက အရမ်းကြောက်စရာကောင်းလား"

သားသတ်သမား က ခေါင်းညိတ်လိုက်ပြီး

"ဟုတ်ပါတယ်၊

ကြိုတင်သတ်မှတ်ချက်က မင်းအဲဒါကို

လွှဲယမ်းလို့ရတယ်။

လောလောဆယ်တော့ စိတ်ဆန္ဒမပါဘဲ

လွှဲယမ်းလို့ မရဘူး” သူက ယန်ယဲ့ကို

စိုက်ကြည့်ရင်း “ပြောစရာတောင်

မလိုပါဘူး၊ ဒီကလေးက တကယ်ကို

ကံကောင်းတာပါ။ ဒီဓားက

ဓားဝိညာဉ်မရှိတော့ဘူးဆိုတော့

အသက်ရှင်လျက်နဲ့သေနေသလိုပဲ။

ဒီတော့ သေလွန်သူဝိညာဉ်တွေက

ဓားနဲ့ပေါင်းစည်းပြီး

ဓားဝိညာဉ်ဖြစ်လာတယ်။ ပြောရရင်

အနန္တက သူ့ကို

ပိုင်ရှင်အဖြစ်အသိအမှတ်ပြုလိုက်တာလို့

ယူဆနိုင်တယ်”

ပိုင်ဇိရှန် က တိုးတိုးလေးပြောလိုက်သည်

"ဒါပေမဲ့ သူက ဓားကိုမသုံးနိုင်သေးဘူး"

သားသတ်သမား က “စိတ်မပူပါနဲ့၊

အဲဒီသေလွန်သူဝိညာဉ်တွေရဲ့

အကူအညီနဲ့ သူ သေချာပေါက်

တတ်နိုင်ပါတယ်။ ကျန်တဲ့အချိန်တွေမှာ

သူ့ကို ပိုပြီးသန်မာလာအောင်

ငါလေ့ကျင့်ပေးလိုက်မယ်”

စကားပြောနေစဉ်တွင်

ဒုတိယမြောက်ဓားကို စိုက်ကြည့်ကာ

သူ့မျက်လုံးထဲမှ  ရှုပ်ထွေးသော

ခံစားချက်များ ပေါ်လာသည်။

“အရိုပ်မဲ့ဓား…။ ဒါက

လျှို့ဝှက်လက်နက်လို့ပြောသင့်တယ်။

အသံတိတ် ဓားတစ်လက်ဖြစ်သလို

တိုက်ခိုက်တဲ့အခါ တစ်ဖက်လူက

ဘာမှန်းတောင်မသိလိုက်ဘဲနဲ့သေသွားနို

င်တယ်။ ဒါဟာ အနန္တ ထက်

ပိုကြောက်စရာကောင်းတာက

ဓားရှိနေတာကို

သတိထားမိတာနဲ့သေနေပြီဆိုတာပဲ။

လွန်ခဲ့တဲ့နှစ်တွေမှာ အဲဒီဓားကို

ဖန်တီးခဲ့တဲ့သူက

အနန္တဓားကိုသုံးတဲ့ဘိုးဘေးတစ်ဦးပဲ။

ဒီဓားနဲ့ ငါတို့မူလဆေဘာဂိုဏ်းရဲ့

ဘိုးဘေးတစ်ဦးကိုတောင်

သတ်လုနီးပါးဖြစ်သွားတယ်”

သူက ယန်ယဲ့ကို စိုက်ကြည့်ကာ

"အခုတော့ ဓားနှစ်ချောင်းစလုံး

ဒီကလေးလက်ထဲ ရောက်ဖို့

မမျှော်လင့်ထားဘူး"

ပိုင်ဇီရှန် က "အကြီးအကဲ၊ အနန္တ က

အရိပ်မဲ့လောက် အားမကောင်းလို့လား"

သားသတ်သမား က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

"ပိုအားကောင်းပေမယ့် အရိပ်မဲ့ဓား က

ပေါ့ပါးပြီး ဖုံးကွယ်တိုက်ခိုက်တဲ့အခါမှာ

အရမ်းကြောက်စရာကောင်းတယ်။

တစ်စုံတစ်ယောက်နဲ့

အနီးကပ်တိုက်ခိုက်ရင်

အသံတိတ်လုပ်ကြံနိုင်တယ်”

စကားပြောနေစဉ် သူက အနန္တာများကို

လက်ညှိုးဖြင့် ပုတ်လိုက်ရာ ယန်ယဲ့ ဆီသို့

ရောက်သွားခဲ့သည်။ ယန်ယဲ့က

ဖမ်းဆုပ်လိုက်သည်။ သို့သော်လည်း

သူ၏ခန္ဓာကိုယ်က

ကွေးညွတ်သွားလေတော့သည်။

ဓားက တော်တော်ကို လေးလံပါသည်။

သားသတ်သမား က "အခုကစပြီး

မင်းဘာပဲလုပ်လုပ် သယ်သွားရလိမ့်မယ်"

သူက ပိုင်ဇီရှန်ကို စိုက်ကြည့်ရင်း “မင်း

သူ့ကို ကြည့်ထားလိုက်။ ဓားကို

သူ့နောက်ကျောမှာထမ်းပိုးပြီးတော့

တစ်နေ့ ၁၄ နာရီ သယ်သွားရမယ်။

ကျင့်ကြံတဲ့အခါကျတော့လည်း

မရပ်ရဘူး။ ဒါ့အပြင် ဒီဓားကို

ကျောပိုးပြီးတော့

အနောက်တောင်တန်းရဲ့
အပြင်ဖက်နယ်မြေကို နေ့တိုင်း အကြိမ်
၁၀၀ ပြေးရမယ်”

ပိုင်ဇိရှန် က ခဏတုံ့ဆိုင်းသွားပြီး
"သိုင်းဦးလေး၊
ဒီလိုလေ့ကျင့်တဲ့နည်းလမ်းက
အလုပ်ဖြစ်ပါ့မလား" ဟု မေးလိုက်သည်။

လေ့ကျင့်ခြင်း သို့မဟုတ်

ကျင့်ကြံခြင်းဟာ

အလွှန်အခြေခံကျသောနည်းလမ်းဟု

ယူဆနိုင်၏။ ၎င်းသည်

ကျင့်ကြံခြင်းလမ်းစဉ်ကို

ခြေချခါစသူများ

အသုံးပြုမည့်အရာဖြစ်သည်။

သားသတ်သမား က “ဒါက သူ့အတွက်

အသုံးဝင်ပါတယ်။ သူ့ခန္ဓာကိုယ်က

အဲဒါကို ကျင့်သားရရမယ်။

ဒီလိုမှမဟုတ်ရင် နောင်မှာ သူက

အတင်းအသုံးချရင် သူ့ခန္ဓာကိုယ်ကို

ထိခိုက်စေလိမ့်မယ်။ အခု ကျင့်သားရရင်

နောင်မှာ သူ့အတွက် အကျိုးရှိမှာ

မဟုတ်ဘူးလား၊ အထူးသဖြင့်တော့

သူ့လက်နဲ့ ခန္ဓာကိုယ်ကို သေချာပေါက်

အကျိုးရှိစေလိမ့်မယ်”

ပိုင်ဇိရှုန် က ခေါင်းညိတ်လိုက်သည်။
ထို့နောက် ယန်ယဲ့ကိုကြည့်ကာ
လက်ဟန်ခြေဟန်ဖြင့်
သွေးဓားကြီးကိုကျောပေါ်တင်ထမ်းပိုးရန်
ပြောလိုက်၏။

သွေးဓားကို
ကျောပေါ်လွယ်လိုက်သည်နှင့်
ယန်ယဲ့၏ခြေထောက်အောက်မှ
မြေပြင်ဟာ အက်ကွဲစပြုလာလေသည်။

ထို့အပြင် သူ့ခန္ဓာကိုယ်ဟာ ချက်ချင်းပင် တင်းမာလာသည်။

သို့သော်လည်း ယန်ယဲ့သည် လွှတ်မချခဲ့ပေ။ ထိုအတိုင်းပင် နေ့တိုင်းနေ့တိုင်း မိုးလင်းလာသည်နှင့်တပြိုင်နက် သွေးဓားကြီးကို ထမ်းကာ အနောက်တောင်တန်းဆီသို့ ပြေးထွက်သွားသည်။ အစတွင်

သူ့အတွက် ပြင်းပြင်းထန်ထန်
ခက်ခဲလေသည်။ သို့သော်လည်း
နောက်ပိုင်းမှာတော့ တစ်နေ့ထက်တစ်နေ့
သူ့ခန္ဓာကိုယ်ဟာ တဖြည်းဖြည်း
ကျင့်သားရလာခဲ့သည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၉၂ - ဆေဘာနှစ်လက်နဲ့ ဓားတစ်လက်

ပြောစရာမလိုအောင်ပင်
အလွန်နာကျင်သည့် လေ့ကျင့်မှုတစ်ခုပါ။

အစပိုင်းတွင် ယန်ယဲ့သည်
ခြေလှမ်းအနည်းငယ်ရောက်သည်နှင့်
မြေပြင်ပေါ်သို့ လဲကျသွားသည်။

သို့သော်လည်း သူသည် ကုန်းရုန်းထကာ

ရှေ့ကိုဆက်သွားနေသည်။

ဤမြင်ကွင်းကို ကြည့်ရင်း

ပိုင်ဇိရှုန်၏နှလုံးသားထဲမှာ

နာကျင်နေခဲ့သည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်

ဤနေ့အဆင့်ထိ

ဘယ်လိုရောက်လာခဲ့ကြောင်းသိလိုက်ရ

သည်။

သူသည် အခက်အခဲများ၊

အန္တရာယ်များစွာ

ရင်ဆိုင်ဖြတ်ကျော်ပြီးသန်မာလာခဲ့သည်။

သားသတ်သမားနှင့် အခြားလူတိုင်းဟာ

ယန်ယွဲ့၏လုပ်ကို

အလွန်နှစ်သက်နေကြသည်။

အထူးသဖြင့်

သားသတ်သမားပင်ဖြစ်သည်။

ယန်ယွဲ့၏ဆရာအနေဖြင့်

ဆင်းရဲဒုက္ခအာယ ခံနိုင်ရည်ရှိသော

တပည့်တစ်ဦးပိုင်ဆိုင်ခြင်းဟာ

ကျေနပ်ဖွယ်ပင်မဟုတ်ပါလား။ သို့သော်

ဤဖြစ်စဉ်ကသာမန်ဆင်းရဲဒုက္ခတစ်ခုမှ

မဟုတ်ပေ။ အစပိုင်းတွင်

ယန်ယွဲ့၏ခန္ဓာကိုယ်ဟာ

ကွဲအက်သွားသည်။ သို့သော်လည်း

သူသည် နာကျင်ဟန်မပြဘဲ ရှေ့ကိုသာ

ဆက်လျှောက်နေခဲ့သည်။

ထိုကဲ့သို့သော စိတ်ဆန္ဒစွမ်းအားသည်

အမှန်တကယ် ရှားပါးလွန်းလှသည်။

မှန်သည်၊ ဤလေ့ကျင့်မှုဖြစ်စဉ်ဟာ

ယန်ယဲ့၏ခန္ဓာကိုယ်အတွက်ပင်

အင်မတန်အန္တရာယ်များလှသည်။

ဤအတောအတွင်း

ဝမ်အရှူးမလေး၏အဖိုး က နေ့တိုင်း

အနောက်တောင်တန်းဆီသို့သွားကာ

ဆေးပင်များရှာဖွေခဲ့သည်။

ထို့နောက်ယန်ယဲ့၏ခန္ဓာကိုယ်ကိုသန့်စင်

ပေးခဲ့သည်။

တစ်ရက်မှာတော့ ယန်ယဲ့ သည်

အနောက်တောင်တန်းဆီသို့

ရောက်ရှိလာပြီးနောက်

ရုတ်တရက်ရပ်တန့်သွားသည်။

ထို့နောက် သူ့ညာလက်ကို အနည်းငယ်

လိမ်လိုက်ရာ

အနက်ရောင်ဓားတစ်ချောင်း

ပေါ်လာသည်။

ဓား...

ယန်ယဲ့၏ခန္ဓာကိုယ်သည် ရုတ်တရက်
အသွင်ပြောင်းသွားပြီး ဓားကို ရှေ့သို့
ခုတ်ပိုင်းလိုက်သည်။

အနန္တဓားနယ်မြေ...

ခလွပ်...

သူ့ရှေ့ရှိ အာကာသကို
ဖြတ်တောက်ပစ်လိုက်သည်။ ထိုမျှနှင့်

အဆုံးမသတ်သေးပေ။ ဓားပိုင်းချက်

ဆင်းသက်လာသည်နှင့်

ဓားစွမ်းအင်တစ်စင်းထွက်ပေါ်လာခဲ့သည်

။ ဓားပိုင်းချက်မှ

ဓားစွမ်းအင်ထွက်ပေါ်လာသောအခါ

ယန်ယဲ့၏ခန္ဓာကိုယ်ဟာ

တုန်လှုပ်သွားခဲ့သည်။

ယန်ယဲ့ သည် သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ၃

ကီလိုမီတာအကွာသို့

လွင့်ထွက်သွားခဲ့သည်။

ဘမ်း...

မြေပြင်ပေါ်တွင် တွင်းနက်ကြီးတစ်ခု

ဖြစ်ပေါ်လာသည်။

သို့သော် သိပ်မကြာလိုက်ဘဲ ယန်ယဲ့ဟာ

မြေတွင်းထဲကနေ

တွားသွားတက်လာခဲ့သည်။ ထို့နောက်

အနန္တဆေဘာကို

ကျောပေါ်တင်ထမ်းပိုးပြီး

ခပ်လှမ်းလှမ်းဆီသို့

လျှောက်သွားပါတော့သည်။

ဤအတိုင်းပင် အချိန်

တစ်လခန့်ကြာမြင့်သွားပေပြီ။

နေ့စဉ်၊နေ့တိုင်း ယန်ယဲ့ဟာ

အနန္တဆေဘာကို

ကျောပေါ်တင်လွယ်ထားရင်း

အနောက်တောင်တန်းဆီသို့

လာရောက်ပြီးလေ့ကျင့်ခဲ့သည်။ သို့သော်

ဓားနယ်မြေကို

တစ်ကြိမ်သာ ထုတ်ဖော်နိုင်၏။

ထိုတစ်ကြိမ်ကပင် သူ့ကို

အားကုန်လုနီးပါးဖြစ်သွားစေသည်။

ဝါးအိမ်ထဲတွင် ...။

ယန်ယဲ့ သည် ဝါးကုတင်ပေါ်၌
ကိုယ်တုံးလုံးအနေအထားဖြင့်
လှဲနေသည်။

ပိုင်ဇီရှန်ဟာ
ကျောက်စိမ်းပုလင်းတစ်လုံးကိုကိုင်ထား
လျက် သူ့ရှေ့တွင်ရပ်နေခဲ့သည်။

ကျောက်စိမ်းပုလင်းထဲမှ

ဆေးအရည်များကို

တစ်စက်စီလောင်းချကာ ယန်ယွဲ့အား

လိမ်းပေးနေသည်။ အစပိုင်းမှာတော့

သူမအတွက် အတော်လေး

ရှက်စရာကောင်းခဲ့သည်။ သို့သော်လည်း

ရက်တွေကြာလာပြီးနောက်တော့

သိပ်ပြီးမရှက်တော့သလိုပင်။

မည်သို့ပင်ဆိုစေကာမူ သူမက

ယန်ယွဲ့၏အရာအားလုံးကို

မြင်ထားပြီးဖြစ်ရာ

အဖြစ်သည်းနေစရာမလိုတော့ပေ။

သို့သော် ဆေးလိမ်းပေးလိုက်တိုင်း

ပိုင်ဇီရှန်၏မျက်နှာလှလှလေးက

နီရဲနေခဲ့သည်။

ဤအချိန်လည်း ခြွင်းချက်မဟုတ်ပေ။

၎င်းက မိန်းမသားတို့၏သဘာဝပင်။

နှစ်နာရီအကြာတွင် ယန်ယဲ့သည်

ကုတင်ပေါ်မှထရပ်လိုက်သည်။ ပိုင်ဇီရှန်

ဟာ ယန်ယဲ့ကို

အဝတ်အစားများဝတ်ဆင်ပေးလိုက်၏။

ထို့နောက်တွင် နှစ်ယောက်သား

ဝါးအိမ်ထဲမှ ထွက်လာကာ

ရွာအနောက်ဖက်တောင်တန်းဆီသို့

လျှောက်သွားကြသည်။ အစပိုင်းတွင် ပိုင်ဇိရှုန်ဟာ ယန်ယွဲ့ကို တော်တော် လေးစိုးရိမ်နေခဲ့သည်။ စိတ်မချသဖြင့် နေ့တိုင်းလိုလိုယန်ယွဲ့နောက်ကနေလိုက် လာခဲ့သည်။ သို့သော်လည်း ယန်ယွဲ့သည် ခါတိုင်းထက်ပို၍ တည်ငြိမ်လာပုံရ၏။

မှန်သည်၊

အဓိကအကြောင်းအရင်းကတော့ အန်တီယန် ဟာ သူ၏အရူးစိတ်ကို

ယာယီချိတ်ပိတ်ထားလို့ပါ။ မဟုတ်လျှင်

ယန်ယွဲ့ဟာ လုံး၀ ပုံမှန်မဟုတ်ပေ။

လောလောဆယ်မှာတော့

သူမြင်သမျှလူတိုင်းကို မတိုက်ခိုက်ပေ။

.....

ဤအတောအတွင်း ယန်ယဲ့ သည်

ခါတိုင်းလိုပင် အနန္တာများကို

ထမ်းပိုး၍လှေကျင့်ခဲ့သည်။

တစ်နေ့တွင် ယန်ယဲ့သည်

ရွာအနောက်ဖက်တောင်တန်းဆီသို့

တစ်ယောက်တည်း ရောက်လာခဲ့သည်။

တောအုပ်ရှေ့သို့ရောက်လာသောအခါ

ရပ်တန့်လိုက်သည်။ နက်နဲသွားသည်။

ခဏအကြာတွင်တော့ တောအုပ်ထဲမှ

ပြင်းထန်သောအရှိန်အဝါများနှင့်အတူ ကောင်းကင်ပျံသန်းခြင်းဝံပုလွေ ဟာ ခုန်ထွက်လာခဲ့သည်။

ဝံပုလွေက ယန်ယွဲ့အား မြင်သောအခါ ဒေါသတကြီးအူလိုက်လေသည်။ ထိုလူသားက သူ၏ညီငယ်လေးကို အကြိမ်ကြိမ်ခုတ်ဖြတ်ထားသောကြောင့် သဘာဝအတိုင်း ဒေါသဖြစ်ခဲ့သည်။

ကောင်းကင်ပျံသန်းခြင်းဝံပုလွေဟာ

စွဲစွဲငင်ငင်အူလျက် ယန်ယဲ့ကို

ခုန်အုပ်လိုက်ပါတော့သည်။

ယန်ယဲ့က သူ့လက်ထဲမှ ဆေဘာကို

ဖယ်လိုက်သည်။ တစ်ချိန်တည်းမှာပဲ

သူ့လက်ထဲမှာ

အနက်ရောင်ဓားတစ်ချောင်း

ပေါ်လာသည်။

ဤအချိန်တွင်

ကောင်းကင်ပျံသန်းခြင်းဝံပုလွေ ဟာ

သူ့ရှေ့ကို ရောက်လာသည်။

၎င်းသယ်ဆောင်လာသည့် ဖိအားကြောင့်

ယန်ယွဲ့၏ပတ်ပတ်လည်ရှိ အာကာသဟာ

ကွဲအက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင်

ယန်ယွဲ့၏ခန္ဓာကိုယ်သည် ရုတ်တရက်

အသွင်ပြောင်းသွားပြီး သူ့စားကို
ပိုင်းချလိုက်သည်။
ထိုမျှနှင့်မရပ်တန့်သေးဘဲ ယန်ယွဲ့က
နောက်တစ်ကြိမ်ထပ်ခုတ်လိုက်သည်။

အနန္တစားနယ်မြေ…ကိုထုတ်သုံးလိုက်တာ
အပြင် ဓားနှစ်ချက်ဆင့်ခုတ်လိုက်သည်။

ဘမ်း…

ဓားပိုင်းချက်နှစ်ချက်က

ကောင်းကင်ပျံသန်းခြင်းဝံပုလွေကို

ဆက်တိုက်ထိမှန်ပြီး

အဝေးသို့ လွင့်ထွက်သွားခဲ့သည်။

အဆုံးတွင်

ဝံပုလွေပြုတ်ကျသည့်နေရာမှာ

ရောမတွင်းနက်ကြီး

ဖြစ်ပေါ်လာလေသည်။

ထို့အပြင်

ကောင်းကင်ပျံသန်းခြင်းဝံပုလွေဟာ

တစ်ကိုယ်လုံး ကွဲအက်သွားသည် ။

အထူးသဖြင့် ဦးခေါင်းပေါ်က ဒဏ်ရာ၊

ဒီဒဏ်ရာသာ

နည်းနည်းလေးနက်သွားပါက

တစ်ခေါင်းလုံး အစိတ်စိတ်အမွှာမွှာ

ကွဲထွက်သွားပေမည်။

ကောင်းကင်ပျံသန်းခြင်းဝံပုလွေဟာ

ဆက်ပြီးမတိုက်ခိုက်ဘဲ ယန်ယဲ့ကို

စူးစိုက်ကြည့်နေသည်။ ဒီအချိန်မှာ

၎င်း၏မျက်လုံးများမှ ရက်စက်မှုများ

အစား ကြောက်ရွံ့မှုဖြင့်

အစားထိုးလာသည်။

ယန်ယဲ့ သည်လည်း

ထပ်ပြီးမတိုက်ခိုက်ခဲ့ပေ။

အနန္တဓားကြီးကိုထမ်းပိုးထားလျက်

ထွက်ခွာသွားခဲ့သည်။

ယန်ယဲ့ ထွက်သွားသည်နှင့် ဝံပုလွေဟာ

သိသိသာသာ သက်သာရာရသွားပုံပင်။

ချက်ချင်းပင် နောက်ပြန်လှည့်ကာ

တောအုပ်ထဲသို့ ပြေးဝင်သွားတော့သည်။

ယန်ယဲ့ ထွက်သွားပြီး သိပ်မကြာခင်မှာပဲ

သူရပ်နေခဲ့သည့်နေရာတွင်

သက်လတ်ပိုင်းအမျိုးသားတစ်ယောက်ပေါ်လာသည်။

အခြားသူမဟုတ်ပေ၊ သားသတ်သမားပင်။

ယန်ယွဲ့တစ်ယောက်တည်း အနောက်တောင်တန်းဆီသို့ လှူတိုင်း သူက စိတ်မချပေ။ နောက်ကနေ တောက်လျှောက်လိုက်နေတာဖြစ်သည်။

အဓိကကတော့ ငရဲကိုးဘုံကောရာဇ်
ကြောင့်ပင်။ ၎င်းက
ခေါင်းပြတ်သွားသော်လည်း မသေခဲ့ပေ၊
ဒဏ်ရာအပြင်းအထန်ရသွားရုံပါ။
ထို့အပြင် အနောက်တောင်တန်းထဲ၌
အမည်မသိနတ်ဆိုးအများအပြားလည်းရှိ
ခဲ့သည်။ ၎င်းတို့ဟာ
ယန်ယဲ့ရင်ဆိုင်နိုင်သည့်အရာများ
မဟုတ်ကြပေ။ ထို့ကြောင့်

သားသတ်သမားက

သူ၏တပည့်ဖြစ်သူကို

နောက်ကနေလိုက်ပါစောင့်ရှောက်နေခြင်း

ပင်။

ယန်ယွဲ့၏အစောပိုင်းက တိုက်ခိုက်မှုကို

တွေးမိသောအခါ သားသတ်သမား က

အကြာကြီးတိတ်ဆိတ်သွားသည်။

ထို့နောက် ခါးသက်သက်ရယ်မောကာ

"သူ့ဓားက

နည်းနည်းတောင်ပိုအားကောင်းနေသေးတယ်"

ထိုစကားပြောပြီးတာနဲ့ လှည့်ထွက်သွားသည်။

.....

လက်ရှိအချိန်တွင် ယန်ယဲ့၏ခွန်အားက

မူလတာအိုသခင်များကို

ဓားတစ်ချက်ဖြင့်သတ်ပစ်နိုင်ပါသည်။

သူ၏ရုပ်ခန္ဓာနှင့် လက်နှစ်ဖက်ဟာ

အဆင့်တိုးလာသည်နှင့်အမျှ

ဓားနည်းစနစ်လည်း

တိုးတက်လာသည်။

ထို့အပြင် သူသည် ဆောဘာနှင့်

လေ့ကျင့်နေစဉ်အတွင်း အမြန်နှုန်း၊

တုံ့ပြန်မှုနှင့် အရှိန်သည် သိသိသာသာ

တိုးတက်လာခဲ့သည်။

တစ်ချိန်တည်းမှာပင်

ယန်ယဲ့၏ဓားပိုင်းချက် အရှိန်နှင့်

စွမ်းအားဟာ သိသိသာသာ

တိုးတက်လာသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့သည်

ဓားနှင့် ဆေးဘာကို

တပြိုင်တည်းအသုံးပြုနေ၏။

သူ့အမြင်အရတော့ ဓားဟာ

ဓားဖြစ်သည်။ ဆေးဘာက ဆေးဘာပင်။

...

ရှာအဝင်ဝတွင် ။

သားသတ်သမား က ယန်ယဲ့နှင့်

ပိုင်ဇီရှန်ကို ရွာအဝင်ဝသို့ခေါ်လာခဲ့သည်။

သူ့လက်ထဲတွင် ဓားတစ်လက်ပေါ်လာပြီး

ယန်ယဲ့ကို ထိုးချိန်ကာ "မင်းလာခဲ့စမ်း..."

သို့သော် ယန်ယဲ့သည်

ကျောက်ရုပ်ထုလိုပင်

ဘာမှမတုံ့ပြန်ခဲ့ပါ။

ဤအချိန်တွင် သားသတ်သမားက

ယန်ယဲ့ရှေ့မှာ ရုတ်တရက် ပေါ်လာပြီး

သူ့ဓားကို ပိုင်းချလိုက်သည်။

ပိုင်ဇီရှန် က ချက်ချင်း

ဘေးဖယ်လိုက်သည်။

ယန်ယဲ့က ရုတ်တရက်

မော့ကြည့်လိုက်သည်။ သူက

မရှောင်တိမ်းဘဲ လက်နှစ်ဖက်ကို ဆန့်ပြီး

သားသတ်သမား၏ဓားကို ဖမ်းဆုပ်ကာ

ပြန်တွန်းထုတ်လိုက်လေသည်။

ဘမ်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

ယန်ယွဲ့ သည်

ရွာထဲသို့လွင့်ထွက်သွားခဲ့သည်။

သူပြုတ်ကျတဲ့ နေရာမှာ
လူသားပုံသဏ္ဍာန်
မြေတွင်းနက်ကြီးပေါ်လာသည်။

သားသတ်သမား က ရှေ့သို့
ခြေတစ်လှမ်းတိုးကာ "လာစမ်းပါ။
ဆက်လုပ်..."

ယန်ယဲ့က ညာခြေကိုတစ်ချက်ပုတ်ကာ
ခုန်ထလိုက်သည်။

ဘမ်း...

ထိုခဏလေးမှာပဲ

သားသတ်သမား၏အထက်မှာ

ချက်ချင်းပေါ်လာပြီး

ဓားကိုလက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လျက်ပို

င်းချလိုက်သည်။

သာမန်ရိုးရှင်းသော ဓားချက် ။

ဤတိုက်ခိုက်မှုမှာ မည်သည့်နည်းစနစ်မျှ သို့မဟုတ် ရှုပ်ထွေးသောလှည့်စားမှုများ ပါဝင်မနေပေ။ ဓားကို သာမန်အတိုင်းသာခုတ်ချလိုက်တာဖြစ်သည်။

သို့သော် သားသတ်သမား၏မျက်လုံးများဟာ အနည်းငယ် ကျဉ်းမြောင်းသွားခဲ့သည်။

တစ်ချိန်တည်းမှာပင်
နောက်သို့ခြေတစ်လှမ်းပြန်ဆုတ်ပြီး
သူ၏ဆောဘာကို ပိုင်းချလိုက်သည်။

ဘမ်း...

ဆောဘာနှင့် ဓား
တို့တိုက်မိသည်နှင့်တပြိုင်နက်
ကျယ်လောင်သောပေါက်ကွဲသံကြီးထွက်

ပေါ်လာသည်။ ယန်ယဲ့ဟာ ရှာထဲသို့

နောက်တစ်ကြိမ်လွင့်ထွက်သွားသည်။

သားသတ်သမားက မီတာ ၃၀

ဝန်းကျင်အကွာကို ပြန်ဆုတ်သွားရသည်။

ခဏအကြာတွင်ပဲ ယန်ယဲ့ဟာ

မြေပြင်ပေါ်မှ ကုန်းရုန်းထလာသည်။

ဒီအချိန်မှာ သူ့လက်မောင်းနှစ်ဖက်က

အက်ကွဲရာတချို့ ပေါ်လာသည်။

ဤအတောအတွင်း သားသတ်သမားက ယန်ယဲ့ ဆီသို့ ပြေးဝင်လာသည်။

ထိုခဏလေးမှာပဲ ယန်ယဲ့ရှေ့မှာပေါ်လာသည်။ ယန်ယဲ့က တုန်လှုပ်သွားပုံမရဘဲ သူ၏ဓားကိုမြှောက်ပြီး ခုတ်ချလိုက်သည်။

သူ့စားချက်က သာမန်ဖြစ်သော်လည်း

မြေပြင်ကို

ခွဲထုတ်ပစ်နိုင်သည့်အလားထင်ရလေသ

ည်။

ဓားနှင့် ဆေဘာက

နောက်တစ်ကြိမ်တိုက်မိသွားပြန်သည်။

အုန်း...

တိုက်ခိုက်သည့်နေရာမှ ပြင်းထန်သော

စွမ်းအင်လှိုင်းများ ဖြာထွက်လာခဲ့သည်။

ယန်ယွဲ့ သည် ရွာထဲကိုသာ

လွင့်ထွက်လာပြန်သည်။

သားသတ်သမား ကလည်း နောက်ကို

အဆက်မပြတ်ပြန်ဆုတ်သွားခဲ့သည်။

ယန်ယွဲ့၏လက်မောင်းနှစ်ဖက်က

သွေးများစီးကျလာသည်။

သူ၏လက်နှစ်ဖက်စလုံး

ကွဲအက်သွားသည်။

ဤအချိန်တွင် သားသတ်သမား က

ယန်ယဲ့ဆီကို ထပ်မံခုန်ဝင်လာခဲ့သည်။

ယန်ယဲ့က အနန္တဆောဘာကို

ရုတ်တရက်ဖမ်းဆုပ်လိုက်ပြီး

သားသတ်သမားကို

ပိုင်းချလိုက်လေသည်။

အနန္တဆေဘာ က

လေထုကိုဆုတ်ဖြဲသွားပြီး

အာကာသပြင်တစ်လျှောက်

အရာအားလုံးကို ခွဲထုတ်ပစ်လိုက်သည်။

သားသတ်သမား၏မျက်လုံးများက

အနည်းငယ်ကျဉ်းမြောင်းသွားသည်။

သူ၏ဆေဘာကို

လျင်မြန်စွာဝှေ့ယမ်းလိုက်ရာ

ဆောဘာအလင်းတန်းတစ်ခုက ၁

ကီလိုမီတာအကွာကနေ ပိုင်းချလာသော

အနန္တဆောဘာကိုထိမှန်သွားသည်။

သို့သော် တစ်ချိန်တည်းတွင်

သူ၏အမူအရာဟာ

အနည်းငယ်ပြောင်းလဲသွားပြီး ၃

မီတာအကွာသို့

ချက်ချင်းပြန်ဆုတ်သွားခဲ့သည်။

ဒီအချိန်မှာ သူ့ဗိုက်ပေါ်တွင်

ပြတ်ရှဒဏ်ရာတစ်ချက်ရှိနေသည်။

အရိပ်မဲ့ဓား...

သားသတ်သမား က

တိုးညှင်းစွာရေရွတ်လိုက်သည်။

ထို့နောက် မော့ကြည့်လိုက်ရာ

ဆောဘာစွမ်းအင်က သူ့ဆီ

တည့်တည့်ကျဆင်းလာသည်။

သေချာကြည့်ပါက

ဆောဘာအလင်းတန်းမှာ

ဓားစွမ်းအင်အလင်းတန်းနှစ်စင်း

ရှိနေတာကို သတိပြုမိပေမည်။

ယန်ယဲ့က ဆေဘာစွမ်းအင်ကို

အနန္တစားနယ်မြေနှင့်

ပေါင်းစပ်ပြီးထုတ်လွှတ်လိုက်တာဖြစ်သ

ည်။

ဆေဘာအလင်းတန်းက လျင်မြန်စွာပင်

ကျဆင်းသွားသည် ။

သားသတ်သမား၏ မျက်လုံးများက

အနည်းငယ် ကျဉ်းမြောင်းသွားပြီး

သူ့ဆေဘာကို မြှောက်လိုက်သည်။

ဖုန်း…

ဖြောင်း…

ကျယ်လောင်သော ပေါက်ကွဲသံတစ်သံ

ထွက်ပေါ်လာပြီးနောက်

သားသတ်သမား၏ဆေဘာက

နှစ်ပိုင်းကျိုးပဲ့သွားတော့သည်။

တစ်ချိန်တည်းမှာပဲ လူကပါ မီတာ ၃၀

ကျော်အကွာသို့ လွင့်ထွက်သွားခဲ့သည်။

ဤအချိန်တွင် ဆေဘာတစ်ချောင်းက

လေထုကိုဆုတ်ဖြဲ၍ သားသတ်သမား ကို

ပိုင်းချလာသည်။

"အနန္တဆေဘာ.... "

သားသတ်သမား၏ အမူအရာက

မပြောင်းလဲဘဲ သူ့လက်ဝါးနှစ်ဖက်ကို

ပူးကပ်လျက် အနန္တဆေဘာကို

တွန်းထုတ်လိုက်သည်။

သို့သော် သူ့အမူအရာက ချက်ချင်းပင်

တခဏတည်းမှာပင် သိသိသာသာ

ပြောင်းလဲသွားသည်။

အေးစက်စက် အလင်းတန်းတစ်ခုက
သားသတ်သမား၏ဗိုက်ကို
ထိမှန်သွားသည်။

ဆူး…

သွေးစီးကြောင်းတစ်ခု ဖြန်းခနဲ
ထွက်လာပြီး သားသတ်သမားဟာ ၁၀
မီတာအကွာသို့ ပြန်ဆုတ်သွားခဲ့သည်။

ထို့နောက် သူ့ဗိုက်ကို ငုံ့ကြည့်ကာ

ယန်ယဲ့အား မော့ကြည့်လိုက်သည်။

ဤအချိန်တွင်

ယန်ယဲ့၏ညာဖက်လက်ထဲ၌

အနက်ရောင်ဓားတစ်ချောင်း

ကိုင်ထားကာ ဘယ်ဖက်လက်က

အရိပ်မဲ့ဆေဘာကို ဆုပ်ကိုင်ထားခဲ့သည်။

အနန္တဆေဘာက သူ့နောက်ကျောမှာသာ လွယ်ထားလေသည်။

"ဆေဘာနှစ်လက်နှင့် ဓားတစ်လက် ကိုင်ထားသောအရှူး...."

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၉၃ - မူလစစ်မြေပြင်

ဒီအရူးက ဆေဘာနှစ်လက်နဲ့

ဓားတစ်လက်ကို

တပြိုင်တည်းသုံးနေတာလား ။

သားသတ်သမားက ယန်ယွဲ့ကို

စူးစူးစိုက်စိုက်ကြည့်ရင်းက

သူ့စိတ်ထဲတွင် ထိတ်လန့်တုန်လှုပ်မှုနှင့်

စိတ်ရှုပ်ထွေးသော ခံစားချက်များ

ရှိနေသည်။

ယန်ယဲ့ဟာ ဆေဘာနှင့် ဓားကို

လိုက်လျောညီထွေစွာ

အသုံးပြုနိုင်မည်ဟု မထင်ထားမိပေ။

ထို့ကြောင့် သူ့စိတ်ထဲ

ပိုလို့ပင်တုန်လှုပ်သွားရသည်။

ယန်ယဲ့၏

သာမန်ရိုးရှင်းသောတိုက်ခိုက်မှုဟာ

မူလကမ္ဘာအဆင့် ပညာရှင်ပင်လျှင်

ရင်ဆိုင်နိုင်စွမ်းမရှိသည့်အရာဖြစ်သည်

ဟု ဆိုနိုင်သည်။ အရေးကြီးဆုံးအပိုင်းမှာ

သာမန်တိုက်ခိုက်မှုသာ ဖြစ်သည်။

ထို့အပြင် ဆေဘာနှင့် ဓားကို

သုံးနေသည့်တိုင်

ဘာအခက်အခဲမှရှိမနေပေ။

တာအိုလမ်းစဉ် အားလုံးသည်

အဆုံးသတ်၌

တူညီသောလမ်းကြောင်းသို့

ဦးတည်ခဲ့သည်။ တာအိုလမ်းစဉ်များဟာ

တစ်ခုနှင့်တစ်ခုမတူကြပေ။

ခြားနားမှုများ ရှိနေဆဲဖြစ်သည်။ သို့သော်

ယန်ယွဲ့ သည် မတူညီသောတာအိုနှစ်ခုကို

ပြီးပြည့်စုံစွာ ပေါင်းစပ်နိုင်ခဲ့သည်။

၎င်းက သားသတ်သမားကို
ပိုပြီးထိတ်လန့်သွားစေသည်။

သူသည် ယန်ယဲ့အား တပည့်အဖြစ်
လက်ခံလိုက်သော်လည်း ဓားတာအို
ကိုပြောင်းလဲပစ်ရန် မစဉ်းစားခဲ့ပေ။
ယန်ယဲ့၏ဓားတာအိုက
ဒဏ္ဍာရီလာအဆင့်သို့ပင်ခြေလှမ်းဝင်နေ
ပြီဖြစ်သည်။ အကယ်၍ သူ၏ဓားတာအို
ကို စွန့်လွှတ်လိုက်ပါက

လူမိုက်သာဖြစ်သည်။ အစပိုင်းမှာတော့ သားသတ်သမားဟာ ယန်ယဲ့၏ ဓားတာအိုနှင့် ဆေဘာတာအို အကြောင်းကိုတွေးပြီး စိုးရိမ်နေမိသည်။

ယခုမူကား ဘာပြဿနာမှမရှိမှန်း မြင်တွေ့ခဲ့သည်။

တစ်ချိန်တည်းတွင် ယန်ယဲ့ဟာ ထိုမျှအသက်အရွယ်မှာပင်

မျိုးဆက်ပေါင်းများကဲ့သို့

တိုက်ခိုက်ရေးစွမ်းအားကို

ပိုင်ဆိုင်ထားသဖြင့် သူ့စိတ်ထဲမှာ

ရှုပ်ထွေးသော

စိတ်ခံစားမှုများရှိနေပါသည်။ သူသည်

ယန်ယဲ့၏အသက်အရွယ်တုန်းက ထိုမျှ

သန်မာခြင်းမရှိပေ။

၎င်းက သဘာဝအရည်အချင်းဟာ
အရာအားလုံးကို မဆုံးဖြတ်နိုင်ကြောင်း
သက်သေပြခဲ့သည်။

သားသတ်သမား ဟာ သူ့ဗိုက်ထဲက
ဒဏ်ရာကို တစ်ချက်ကြည့်လိုက်ပြီး
ယန်ယဲ့ကို စိုက်ကြည့်ရင်း "သားလေး၊
မင်းအခုကျောင်းပြီးသွားပြီပဲ"

ကျောင်းပြီးသွားတာလား...

ပိုင်ဇိရှန်လည်း အံ့အားသင့်သွားပြီး

"အကြီးအကဲ၊ သူ..."

သားသတ်သမား က “မင်းတို့မှာ

အချိန်သိပ်မကျန်တော့ဘူး၊ ငါတို့လည်း

အတူတူပဲ။ ကောင်းပြီ၊

ငါ့နောက်ကိုလိုက်ခဲ့ကြ..."

စကားပြောပြီးသည်နှင့် နောက်လှည့်ပြီး

ထွက်သွားသည် ။

ဝါးအိမ်လေးထဲ၌...

ကလေးမျက်နှာအဘိုးကြီး၊ အန်တီယန်

နှင့် သားသတ်သမား တို့ရှိနေကြသည်။

အန်တီယန် က "သမီးငယ်လေး၊

ဒီနေရာက ဘာလဲဆိုတာ

အရမ်းသိချင်နေတာထင်တယ်။

ဟုတ်တယ်မလား"

ပိုင်ဇီရှန် က ခေါင်းညိတ်လိုက်သည်။

အမှန်ပင်၊

ဤလျှို့ဝှက်ဆန်းကြယ်သောနေရာအ

ကြောင်းကို အမြဲတမ်း သိချင်နေခဲ့သည်။

အန်တီယန် က “ဒီနေရာဟာ မူလခေတ်က စစ်မြေပြင်တစ်ခုပါ။ လွန်ခဲ့တဲ့နှစ်တွေက တိုက်ပွဲမှာ မရေမတွက်နိုင်တဲ့ မူလနတ်ဆိုးတွေ၊ မူလအင်ပါယာတွေ နဲ့ မူလနတ်ဘုရားတွေ ကျဆုံးခဲ့တယ်။ သူတို့အထဲက တစ်ယောက်ဟာ မူလနတ်ဘုရားတိုင်လင်း လို့ခေါ်တဲ့ အနန္တတန်ခိုးရှင်တစ်ပါးပဲ။ သူသေဆုံးတဲ့အချိန်မှာ

လက်ကျန်စွမ်းအားအကုန်သုံးပြီးတော့
ဒီစစ်မြေပြင်ရဲ့အစိတ်အပိုင်းကို
ချိတ်ပိတ်ခဲ့တယ်။
အကြောင်းအရင်းနှစ်ခုကြောင့်
ချိတ်ပိတ်ခဲ့တာ။ ပထမအချက်က
ပြင်ပလူတွေကို ဒီနေရာကို
မဝင်စေချင်လို့"

အန်တီယန် က
ခဏရပ်ပြီးဆက်ပြောခဲ့သည်

"ဒီစစ်မြေပြင်မှာ ပညာရှင်တွေအများကြီး ကျဆုံးခဲ့ရတယ်။ သူတို့ရဲ့ အလောင်းတွေကို ပြင်ပလူတွေမထိတွေ့စေချင်ကြဘူး။ ဒုတိယအကြောင်းကတော့ သူ ဒီနေရာက လူတချို့နဲ့ မူလနတ်ဆိုးတွေကို ထွက်မသွားစေချင်တာ။ အဲဒီစစ်ပွဲအတွင်းမှာ အားလုံးနီးပါး

ကျဆုံးခဲ့ကြပေမယ့် တချို့ကတော့

အသက်ရှင်ကျန်ရစ်ခဲ့တယ်”

ဤအချိန်တွင် အန်တီယန် က

ကောင်းကင်ကို မော့ကြည့်ရင်း

“တကယ်တော့ ငါတို့နေတဲ့

ထာဝရကျေးရွာ ဟာ

ငါတို့နဲ့မတားဆီးနိုင်တဲ့ ကပ်ဆိုးတစ်ခုကို

ကြုံတွေ့ခဲ့ရတယ်။ အစတုန်းကတော့

ဒီရွာက ရွာမဟုတ်ဘူး၊

နိုင်ငံငယ်လေးတစ်ခုပဲ။ စစ်မြေပြင်နဲ့

နီးကပ်လွန်းလို့ ကံဆိုးသွားတာပေါ့။

အနန္တတန်ခိုးရှင်က

စစ်မြေပြင်တစ်ဝက်ကိုချိတ်ပိတ်တဲ့အချိန်

မှာ

ဒီနိုင်ငံငယ်ကိုပါတစ်ခါတည်းထည့်ပိတ်ခဲ့

တယ်။ ပြောရရင်

ငါတို့ရဲ့ ဒီထာဝရကျေးရွာဟာ အရင်က

နိုင်ငံငယ်တစ်ခုဖြစ်ခဲ့တယ်ဆိုတာပဲ”

ပိုင်ဇိုရှန် က တိုးတိုးလေးမေးလိုက်သည်

"ဆရာ၊ ဘာလို့ဒီမှာ လူနည်းနေရတာလဲ"

အန်တီယန် က ရယ်မောလိုက်ပြီး "ဒီမှာ

မရေမတွက်နိုင်တဲ့ မူလနတ်ဆိုးတွေ

ရှိနေတယ်ဆိုတာ မမေ့ပါနဲ့"

ပိုင်ဇိုရှန်လည်း တိတ်ဆိတ်သွားသည်။

အန်တီယန် က “ထာဝရနိုင်ငံငယ်လေးမှာ ပညာရှင်သူတွေ ရှိခဲ့ပါတယ်၊ ဒါပေမဲ့ အဲဒီ မူလနတ်ဆိုးတွေ၊ မူလအင်ပါယာတွေနဲ့ ယှဉ်ရင် သူတို့က တော်တော် အားနည်းသွားတယ်။ အစမှာ ချိတ်ပိတ်စည်းကို ဖြတ်ကျော်ချင်ပေမယ့် အနန္တတန်ခိုးရှင် ချန်ထားတဲ့ချိတ်ပိတ်စည်းကိုမဖြတ်နိုင်ခဲ့ကြဘူး။

ပြီးတော့ ဒီမှာ မရေမတွက်နိုင်တဲ့

မူလနတ်ဆိုးမျိုးနွယ်စုတွေအများကြီးရှိ

တယ်။ ဒီတော့ ငါတို့ထာဝရနိုင်ငံရဲ့

ပညာရှင်တွေအကုန်နီးပါးသေဆုံးခဲ့တယ်

။ ပတ်ပတ်လည်မှာရှိတဲ့နိုင်ငံတွေပါ

မူလနတ်ဆိုးတွေရဲ့

ဝါးမျိုတာကိုခံခဲ့ရတယ်။နောက်ဆုံးမှာ

ငါတို့နေတဲ့

ထာဝရကျေးရွာလေးပဲကျန်နေခဲ့တယ်”

ပိုင်ဇိရှန် က "မူလနတ်ဆိုးတွေက ဒီရွာကို လွှတ်ပေးခဲ့တာလား"

အန်တီယန် က  တခစ်ခစ်ရယ်ပြီး “ဒါက ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ သူတို့မှာ ရွေးချယ်စရာမရှိလို့ပဲ။ ဘာ့ကြောင့်လဲဆိုတော့ အစပိုင်းမှာ သူတို့လည်း ဒီနေရာကနေ ထွက်သွားချင်တယ်။ စည်းတံဆိပ်ကိုဖြတ်ကျော်ဖို့ကြိုးစားတဲ့

နတ်ဆိုးတွေအကုန်နီးပါးအသတ်ခံရတ

ယ်။ ကျန်တဲ့ နတ်ဆိုးတွေ ကတော့

ဒဏ်ရာ အပြင်းအထန်ရသွားတယ်။

ဒီလိုနဲ့ ငါတို့မှာ

ရွေးချယ်စရာတစ်ခုပေါ်လာတယ်။

ဒီနိုင်ငံငယ်လေးရဲ့

ထိပ်သီးပညာရှင်တွေအကုန်ပေါင်းပြီး

တန်ပြန်တိုက်ခိုက်တာပဲ။ ငါတို့က

အစွမ်းထက်တဲ့နတ်ဆိုးတွေကို
ရွေးပြီးလိုက်သတ်တယ်။
အဲဒီနောက်မှာတော့ မူလနတ်ဆိုးတွေဟာ
ကြီးမားတဲ့ ဆုံးရှုံးမှုတွေကို
မခံနိုင်တော့ဘူး။ ဒါ့ကြောင့် လူသားတွေနဲ့
မူလနတ်ဆိုးတွေကြားမှာ
ငြိမ်းချမ်းရေးသဘောတူညီချက်ချုပ်ဆို
နိုင်ခဲ့တယ်”

ပိုင်ဇိရှန် က ရုတ်တရက် မေးလိုက်သည်
"ဒါဆို အပြင်လူတွေက ဘာလို့
ဝင်လာနိုင်ရတာလဲ"

"ချိတ်ပိတ်စည်းပျက်သွားလို့..."
အန်တီယန် က ဆက်ပြောသည်
“တစ်ချိန်တုန်းက လူသားတွေနဲ့
မူလနတ်ဆိုးတွေပေါင်းပြီးတော့
စည်းတံဆိပ်ကို
ချိုးဖျက်ဖို့ကြိုးစားခဲ့သေးတယ်။

မအောင်မြင်ခဲ့ပေမယ်လို့ စည်းတံဆိပ်ရဲ့ ဝိညာဉ်ကို ဒဏ်ရာအပြင်းအထန်ရအောင်လုပ်နိုင်ခဲ့တယ်။ ပြီးတော့ စည်းတံဆိပ်က မတည်မငြိမ်ဖြစ်လာတာပဲ။ ဒါဟာ အပြင်လူတွေ ဒီနေရာကိုဝင်လာနိုင်၊ ထွက်သွားနိုင်ရတဲ့အကြောင်းအရင်းပဲ။ ဘာ့ကြောင့်လဲဆိုတော့ စည်းတံဆိပ်ရဲ့ဝိညာဉ်ကို

ပေးခဲ့တဲ့အမိန့်က ဒီမှာရှိတဲ့

သက်ရှိသတ္တဝါတွေကို

အပြင်လောကထွက်မသွားအောင်

ထိန်းချုပ်ထားရုံပဲလေ”

ပိုင်ဇီရှန် က "ဆရာ၊ အပြင်လူတွေကို

ဝင်မလာစေချင်လို့ စည်းတံဆိပ်ကို

ဖန်တီးခဲ့တာလို့ ပြောတာမဟုတ်ဘူးလား"

အန်တီယန် က ပြုံးပြီး "ဒီရွာကို ရောက်ပြီး ဒီနေရာက ထွက်သွားနိုင်တဲ့ သူတွေ ကြားဖူးသလား"

ပိုင်ဇီရှန် က
ဘာပြောရမှန်းပင်မသိတော့ပေ။

အန်တီယန် က ထပ်ပြောပါသည်
“ဒီနေရာကို ချိတ်ပိတ်ပြီးတာနဲ့ ရွာရဲ့အပြင်ဖက် ရေါယာက

အပြင်လူတွေဝင်လာနိုင်အောင်လို့

အလိုလိုပွင့်လာတယ်။ ဒါပေမဲ့ ရွာနဲ့

အနောက်တောင်တန်းကိုတော့

ဝင်လာလို့မရဘူး။ တစ်ခါတုန်းက

ရွာအပြင်ဖက်ကို လူတစ်ယောက်

ရောက်လာသေးတယ်။ သူက ရွာထဲကို

အတင်းဝင်ချင်နေတာ။ သားသတ်သမား

က

သူ့ကိုမဝင်ဖို့နဲ့ချက်ချင်းပြန်သွားဖို့ပြောပါ

သေးတယ်။ ဘယ်လိုပြောပြောအဲဒီလူက

ထွက်မသွားခဲ့ဘူး။ နောက်တော့

သားသတ်သမားက

စိတ်တိုတိုနဲ့ခုတ်ထစ်ပစ်လိုက်တယ်”

“ဒါနဲ့ ဆရာ့ကို တစ်ခုပြောချင်တယ်...”

ပိုင်ဇိရှန်က စကားဖြတ်ပြောလိုက်သည်

"ဝမ်အရှူးမလေး က

အပြင်ထွက်လို့ရပြီပြောနေတယ်။ သူမက
ငါတို့နဲ့အတူလိုက်ချင်နေတာ"

အန်တီယန် က ခဏကြာအထိ
ငြိမ်သက်သွားသည်။

ဤအတောအတွင်း သူမက
သက်ပြင်းတစ်ချက် ထွက်ပေါ်လာသည်
“ဒါက သူမ
ဘယ်လောက်ထူးခြားလဲဆိုတာ

နင်မသိလို့ပါ။ ဒီကလေးမလေးက အရမ်းထူးခြားတယ်။ ဒီနေရာမှာ အပြင်လောကကို ထွက်သွားမလား၊ ပြန်ဝင်လာမလား...
လုပ်နိုင်တာဆိုလို့သူပဲရှိတယ်။ မဟုတ်ဘူး၊ ဝမ်အရှူးမလေး က လူသားမဟုတ်ဘူး”

ပိုင်ဇိရှန် က သိချင်သွားမိသည် "ဒါဆို သူက ဘာလဲ"

သုံးယောက်သား

အကြည့်ချင်းဖလှယ်ကြပြီး မေးခွန်းကို

ပြန်မဖြေကြပေ။

ခဏအကြာတွင် အန်တီယန် က

“စည်းတံဆိပ်ရဲ့ ဝိညာဉ်က သူမကို

မတားဆီးတာမဟုတ်ဘူး၊ မလုပ်ရဲတာ။

တကယ်တော့ သူမ ထွက်သွားနိုင်တာ

တော်တော်ကြာပြီ။ ဒါပေမဲ့

အရှုးအိုကြီးက

တစ်ခုခုဖြစ်မှာစိုးရိမ်နေတာလေ။ သူမက

အသက်ငယ်သေးတော့ ကမ္ဘာကြီး

ဘယ်လောက်ဆိုးယုတ်သလဲဆိုတာ

မသိပါဘူး။ သူတစ်ယောက်တည်းနဲ့

အပြင်ထွက်ခွင့် ပေးလိုက်ရင်

ဒုက္ခဖြစ်လိမ့်မယ်။ ဒါနဲ့ သူမ

အရွယ်ရောက်တဲ့အထိ

ဒီရွာမှာပဲနေခိုင်းထားတာ။ အခုအချိန်ထိ

ဒီကလေးကို ဘာကြောင့်
ရွေးချယ်ခဲ့တာလဲဆိုတာ ငါ
မသိသေးပါဘူး။ နောက်ဆုံးတော့ ဒီရွာကို
လူတော်တော်များများ ရောက်ဖူးပေမယ့်
သူဘယ်တော့မှ မရွေးခဲ့ဘူး”

ပိုင်ဇီရှန် က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်သည်
"ငါလည်းမသိဘူး"

အန်တီယန် က ခေါင်းညိတ်ပြပြီး
မတ်တပ်ထရပ်ကာ "ငါနဲ့လိုက်ခဲ့"

ပိုင်ဇိုရှန် ဟာ ခဏလောက်
တုံ့ဆိုင်းသွားပြီး နောက်ကနေ
လိုက်သွားသည်။

ဤအချိန်တွင် ယန်ယဲ့က
ပိုင်ဇိုရှန်နောက်ကို ကမန်းကတန်း
ထလိုက်သွားသည်။ သို့သော်လည်း

သားသတ်သမား က ယန်ယဲ့ကို
ဖမ်းကိုင်လိုက်ပြီး "မင်းဒီမှာပဲနေ..."

စကားပြောနေရင်းဖြင့်
သားသတ်သမားက ယန်ယဲ့ကို ချက်ချင်း
လွှတ်လိုက်သည်။

ယန်ယဲ့က သူ့စားကို ဆွဲထုတ်ရန်
ပြင်နေသောကြောင့်ပါ။

သားသတ်သမား က

ပိုင်ဇိုရှန်အနားကနေလိုက်ပါသွားသော

ယန်ယွဲ့ကို လှမ်းကြည့်လိုက်ပြီး

"ဒီကလေးက ဒေါသကို မထိန်းနိုင်ရင်

ဒုက္ခရောက်လိမ့်မယ်"ဟုတိုးညှင်းစွာပြော

လိုက်ပါသည်။

"ငါတော့မထင်ဘူး"

ကလေးမျက်နှာအဘိုးကြီးက

ပြောလိုက်၏

“ရက်စက်ကြမ်းကြုတ်မှုမရှိဘဲ

ဒီလောကမှာ အထွတ်အထိပ်ကို

မရောက်နိုင်ဘူး၊ မင်းဟာ

ပိုရက်စက်လေလေ ထိပ်ဆုံးကို

ရောက်ဖို့ပိုလွယ်လာလိမ့်မယ်။ အစက

ဒီကလေး

ဒုက္ခရောက်လိမ့်မယ်ပဲထင်ခဲ့တာ၊

ဒါပေမယ့် သူ့အတွက်

သေချာပေါက်ဒုက္ခမဖြစ်နိုင်ဘူး"

သားသတ်သမား က ခေါင်းယမ်းပြီး

ပြုံးကာ "ငါမျှော်လင့်ပါတယ်"

...

အန်တီယန် က ယန်ယဲ့နှင့် ပိုင်ဇီရှန်

တို့အား ဝါးအိမ်ထဲသို့ ခေါ်လာသည်။

သူမက စကားစမပြောခင်

ယန်ယဲ့ကိုတစ်ချက်ကြည့်လိုက်သည်။

ထို့နောက် ပိုင်ဇီရှန် ကို စိုက်ကြည့်ရင်း

"သမီးငယ်လေး၊ ငါက

ကျင့်ကြံရေးနည်းစနစ်နဲ့ ငါ့ဂိုဏ်းရဲ့

တိုက်ခိုက်ရေးနည်းစနစ်တချို့ကို နင့်ဆီ

လက်ဆင့်ကမ်းခဲ့တယ်။

အပြင်လောကကို ပြန်ရောက်တာနဲ့

ဂရုတစိုက်ကျင့်ကြံပါ။

နင့်အတွက် မူလကမ္ဘာအဆင့်

ရဲ့အထက်ဆင့်ကို တက်လှမ်းဖို့

ခက်ခဲမှာမဟုတ်တော့ဘူး"

ထိုစကားပြောပြီးနောက်

ဝါးအိမ်အတွင်းဖက်သို့ ဝင်သွားခဲ့သည်။

ခဏအကြာတွင်

ကျောက်စိမ်းသေတ္တာတစ်လုံးနှင့်အတူ

ပြန်ထွက်လာခဲ့သည်။

ပိုင်ဇိရှန် က "ဆရာ၊ အဲဒါကဘာလဲ"

အန်တီယန် က ယန်ယဲ့နှင့် ပိုင်ဇိရှန်တို့အား တစ်ချက်ကြည့်လိုက်ပြီး “ငါ့မင်္ဂလာဦး လက်ကောက်လေးတွေ။ ငါ့ရဲ့ခင်ပွန်းဆုံးပါးသွားကတည်းက ထပ်မဝတ်ဖြစ်တော့ဘူး။ အခု နင်နဲ့ ဒီကလေးကို လက်ဆောင်ပေးလိုက်မယ်"

“ဆရာ…” ပိုင်ဇိရှန် က ယန်ယွဲ့ကို
ကြည့်လိုက်ပြီး “သူနဲ့ ငါ…”

အန်တီယန် က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး “ကလေး၊
အဲဒါအတွက် စိတ်ပူစရာ မလိုပါဘူး။
သူဟာ စိတ်ခံစားချက်ကို
လုံးဝအလေးအနက်ထားတယ်ဆိုတာသိ
သာပါတယ်။ သူ့အကျင့်စရိုက်ကို
အခြေခံပြီး ငါ့တပည့်မလေးကို

တခြားမိန်းမတစ်ယောက်လို့

ထင်နေတာမဟုတ်လား။

သူဒီလိုလုပ်ရဲမှတော့

တာဝန်ယူရလိမ့်မယ်။ ဒါ့ကြောင့်

အရမ်းကြီး စိတ်ပူစရာ မလိုပါဘူး။

ငါတို့အမျိုးသမီးတွေရဲ့ဘဝမှာ

ငါတို့နှစ်သက်တဲ့သူတစ်ယောက်ကို

ရှာတွေ့ဖို့ဆိုတာ မလွယ်ပါဘူး။

ငါ့တပည့်မလေးက

တစ်ယောက်ယောက်ကိုတွေ့ပြီဆိုတော့

ကျန်တာကို စိတ်မပူပါနဲ့။

ငါ့စကားတွေကအကုန်အမှန်တွေချည်းပဲ

လို့မပြောနိုင်ပေမယ့်

သေချာပေါက်အဆင်ပြေမှာပါ”

ပိုင်ဇိရှန် က "ဆရာ၊

ဘာကိုပြောချင်တာလဲ"

အန်တီယန် က “ဒါဟာ ထာဝရမတည်မြဲဘူးဆိုရင်တောင် အနည်းဆုံးတော့ အချိန်တစ်ခုအထိ ဖြစ်နိုင်တယ်” ဟုပြောပါသည်။

ပိုင်ဇီရှန် က ဘာပြန်ပြောရမှန်းမသိပေ။

အန်တီယန် က တိုးတိုးလေးပြောလိုက်သည် “နင်က တခြားသူတွေထက်

ပိုကောင်းအောင်ကြိုးစားတတ်တဲ့

အမျိုးသမီးပါ၊ ဒါပေမယ်လို့ သူ့ရှေ့မှာကျ

နူးညံ့သိမ်မွေ့တဲ့ မိန်းမပျိုတစ်ယောက်လို

ဖြစ်နေတယ်ဆိုတာ သိလား။

အပြင်ထွက်ပြီးတာနဲ့ နင်တို့နှစ်ယောက်

ဘယ်လောက်အထိရှေ့ဆက်နိုင်မယ်ဆို

တာ ငါမသိပေမယ့်

မကောင်းတာတစ်ခုခုတော့

ဘာမှမကြားရဘူးလို့

ငါမျှော်လင့်ပါတယ်"

ထိုစကားပြောပြီးနောက် ယန်ယဲ့ကို

စိုက်ကြည့်ရင်း "ငါ နင့်ကို

အထင်လွဲတာမဟုတ်ဘူးဆိုတာ

ငါယုံတယ်"

ပိုင်ဇိရှန် က ဖြည်းညှင်းစွာ

ဒူးထောက်လိုက်ပြီး "ဂရုစိုက်ပါ ဆရာ"

အန်တီယန် က ပြုံးပြီး

“အဆင်ပြေပါတယ်။

စည်းတံဆိပ်ရဲ့ဝိညာဉ်မှာ

တစ်စုံတစ်ခုဖြစ်လာရင်

ငါတို့ဆရာတပည့်တွေ အပြင်လောကမှာ

ပြန်တွေ့နိုင်တယ်။ ကောင်းပြီ၊

ဆက်သွားကြပါ..."

ပိုင်ဇီရှန်ဟာ အန်တီယန် ကို

နောက်တစ်ကြိမ် ဦးညွှတ်ပြီး

ယန်ယဲ့နှင့်အတူ ဝါးအိမ်လေးထဲမှ

ထွက်သွားခဲ့သည်။

ပိုင်ဇီရှန်က ယန်ယဲ့၏လက်ကိုဆွဲပြီး

သားသတ်သမား၏

ကျောက်တုံးအိမ်ထဲသို့ဝင်သွားကြသည်။

သားသတ်သမား က သူတို့နှစ်ယောက်ကို

တစ်ချက်ကြည့်လိုက်ပြီး "ဂရုစိုက်ပါ" ဟုသာ ပြောခဲ့သည်။

ပိုင်ဇီရှန် က ဘေးနားရှိ ယန်ယွဲ့ကိုလှည့်ကြည့်လိုက်သည်။

ယန်ယွဲ့ သည် အကြာကြီးငြိမ်သက်နေပြီးမှ သားသတ်သမား ကို အနည်းငယ် ဦးညွှတ်လိုက်သည်။ ထို့နောက်

သူ၏လက်ဝါးကိုလှန်လိုက်ရာ

ရွှေရောင်ဆေဘာတစ်ချောင်းက

သားသတ်သမားရှေ့တွင် ပေါ်လာသည်။

သားသတ်သမားက ရွှေရောင်ဆေဘာကို

စိုက်ကြည့်ရင်း

ခဏကြာအောင်ထိတ်လန့်သွားသည်။

ဆေဘာအသွားထက်၌

စာလုံးတစ်လုံးရေးထိုးထား၏။

အရေးအသားက အနည်းငယ်ညံ့ပြီး
မကြာခင်ရမှ ရေးထိုးထားပုံရသည်။

ရွှေရောင်ဆေဘာကို ငေးကြည့်နေရင်းက
သားသတ်သမား ဟာ ရုတ်တရက်
ရယ်မောလိုက်လေသည်။

ထာဝရကျေးရွာ၏ အဝင်ဝ ...။

ရွာအဝင်ဝသို့ ရောက်လာချိန်တွင်

ယန်ယဲ့ သည် ရုတ်တရက်

ရပ်တန့်သွားသည်။ မလှမ်းမကမ်းရှိ

သစ်သားခုံတန်းလျားပေါ်တွင်

ကလေးမျက်နှာအဘိုးကြီးတစ်ယောက်

လဲလျောင်းနေခဲ့၏။ ယန်ယဲ့က

အဘိုးကြီးဆီသို့ ရုတ်တရက် လျှောက်

လာခဲ့သည်။

သို့သော် သူက မတိုက်ခိုက်ဘဲ

ကလေးမျက်နှာအဘိုးကြီး၏နံဘေးမှာ

ဘူးသီးခြောက်တစ်လုံးကို

ချထားလိုက်ပါသည်။ အထဲမှာ

စပျစ်ရည်များနှင့် ပြည့်နေ၏။

ပိုင်ဇိရှန် ဟာ ယန်ယဲ့ကို

ခဏစောင့်နေပြီးနောက် ရွာထဲကနေ

ခေါ်သွားခဲ့သည်။

ရွာအပြင်ထွက်ခါနီးတွင် နှစ်ယောက်သား

ရပ်လိုက်ပြန်သည်။ ရှေ့မလှမ်းမကမ်း၌

မိန်းမငယ်လေးတစ်ဦးနှင့်

အဘိုးကြီးတစ်ဦး တို့ရပ်နေကြလို့ပါ။

ဝမ်အရှုးမလေးတို့ မြေးအဖိုးပါ။

ဝမ်အရှုးမလေးက တခစ်ခစ်ရယ်ရင်း

"အဖိုးက နင်တို့နဲ့အတူ အပြင်ထွက်ပြီး

ပျော်ပျော်ပါးပါး နေလို့ရတယ်လို့

ပြောခဲ့တယ်"

ပိုင်ဇိုရှန် က ဝမ်အရှူးမလေး၏အဖိုးကို ကြည့်လိုက်သည်။

အဘိုးကြီးက "သမီးငယ်လေး၊ ကျေးဇူးတင်ပါတယ်"

ပိုင်ဇိုရှန် က ခေါင်းညိတ်လိုက်သည်။ ထို့နောက် ဝမ်အရှူးမလေး၏လက်ကို ကိုင်ကာ ရွာထဲကနေ ထွက်လာပါတော့သည်။

ဝမ်အရှုးမလေးက အတော်

လေးပျော်ရွှင်နေပုံပါ။ ခဏအကြာတွင်

နောက်ကိုပြန်လှည့်ကြည့်လိုက်ရာ

သူမ၏အဖိုးဖြစ်သူကိုလှမ်းမြင်လိုက်သ

ည်။

ခဏတုံ့ဆိုင်းသွားပြီးနောက် သူမလေးက

ချစ်စဖွယ်အပြုံးလေးနှင့်

လှမ်းအော်လိုက်သည် "အဖိုး၊ ငါ့ကို

စောင့်နေပါ။ ရက်ပိုင်းအတွင်း
ပြန်လာခဲ့မယ်"

ထိုအတိုင်းပြောပြီးသည်နှင့်
တစ်ဖက်ကိုပြန်လှည့်ကာ
ယန်ယဲ့တို့နှစ်ယောက်
နှင့်အတူလိုက်ပါသွားတော့သည်။

ရွာအဝင်ဝတွင် အဘိုးကြီးက
ကလေးသုံးယောက်

ပျောက်ကွယ်သွားသည်ကို ကြည့်ကာ “ကလေးတို့ အဆင်ပြေပါစေ…” ဟု တိုးတိုးလေးပြောလိုက်ပါသည်။

ထိုစကားပြောပြီးသည်နှင့် အဘိုးကြီး၏ခေါင်းထက်မှဆံပင်များဟာ ချက်ချင်းဖြူဖွေးလာကာ ခေါင်းပေါ်မှပြုတ်ကျသွားသည်။ ဒီအချိန်မှာ သူ၏ခန္ဓာကိုယ်ဟာ ချက်ချင်းပင် ပုပ်ပွလာသည်။

သိပ်မကြာလိုက်ပေ၊ သူ့လက်မှ

သားရဲအရိုးတစ်ခု ပြုတ်ကျလာသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၉၄ - ထွက်ခွာကြခြင်း

ရှာဝင်ပေါက် ...။

သစ်သားခုံတန်းလျားပေါ်တွင်

ပက်လက်လန်လှဲနေသော

ကလေးမျက်နှာအဘိုးကြီးဟာ

သက်ပြင်းချလိုက်လေသည်။

ဝါးအိမ်ထဲမှာတော့ အန်တီယန် က

မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပြီး "ကံကြမ္မာကို

သိဖို့က လွယ်ပါတယ်၊

အဲဒါကိုဆန့်ကျင်ဖို့မလွယ်ဘူး"

ရှာထိပ်ရှိ အသားဆိုင်ရှေ့တွင်

သားသတ်သမား၏ဓားမ က ရုတ်တရက်

တုန်လှုပ်သွားပြီး “မင်းဘာကို

မြတ်နိုးတွယ်တာလဲ..”

...

ယန်ယဲ့တို့သုံးယောက်

ထွက်သွားပြီးနောက်တွင်

အေးချမ်းသာယာနေသော

ထာဝရကျေးရွာ လေးဟာ ရုတ်ချည်းပင်

ပြောင်းလဲသွားတော့သည်။

ထာဝရကျေးရွာ တစ်ရွာလုံးနှင့်

အနောက်ဖက်တောင်တန်းသည်

ရုတ်တရက်ကြီး

ပျောက်ကွယ်သွားခဲ့သည်။

ဤအခိုက်အတန့်တွင် ပိုင်ဇီရှန်၊ ယန်ယွဲ့နှင့် ဝမ်အရှူးမလေး တို့ဟာ အမည်မသိ တောင်တန်းဒေသတစ်ခုထဲ၌ ရှိနေကြသည်။

တစ်လမ်းလုံးတွင် ဝမ်အရှူးမလေး သည် အပြင်လောကအကြောင်းကို အလွန်သိချင်ပြီး မေးခွန်းများကို

အဆက်မပြတ်မေးမြန်းနေခဲ့သည်။

ပိုင်ဇီရှန်ဟာ

စိတ်ဆိုးဒေါသထွက်သွားခြင်းမရှိပေ၊

သိသမျှကို စိတ်ရှည်လက်ရှည်

ပြောပြခဲ့သည်။ ဝမ်အရှူးမလေး၏အဖိုး

က ယန်ယွဲ့အား

ဂရုတစိုက်ကြြင်နာပေးခဲ့သည်မဟုတ်ပါ

လား။

ပိုင်ဇိရှန် ဟာ

ဝမ်အရှူးမလေးအပေါ်အထင်ကောင်းအ

မြင်ကောင်းများရှိခဲ့သည်။

ခဏကြာတွင် သုံးယောက်စလုံး

ရုတ်တရက် ရပ်သွားကြသည်။

သူတို့ရှေ့ ခပ်လှမ်းလှမ်းရှိ

တောင်တန်းကြီးဟာ ဆတ်ခနဲ

တုန်ခါသွားသည်။ ခဏအကြာတွင်

သူတို့ခြေထောက်အောက်ရှိ မြေပြင်သည်
အဆက်မပြတ်လှုပ်ခါလာတော့သည်။

သိပ်မကြာလိုက်ပေ၊ သူတို့ရှေ့တွင်
ဧရာမနတ်ဆိုးကြီးတစ်ကောင်
ပေါ်လာပါသည်။

၎င်းက အခြားမဟုတ်ပေ၊ ယန်ယွဲ့နှင့်
ပိုင်ဇီရှန်တို့ ထာဝရလျှို့ဝှက်နယ်မြေထဲသို့

ဝင်လာချိန်က တိုက်ခိုက်ခဲ့သော မူလနတ်ဆိုးကြီးပင်။

လူသားခန္ဓာကိုယ်နဲ့ နွားခေါင်းပါ မူလနတ်ဆိုး...

"အကြီးကြီးပဲ... " ဝမ်အရှူးမလေးက ရုတ်တရက်ပြောလိုက်သည် "ဒါဟာ ငါပထမဆုံးမြင်ဖူးတာပဲ"

ပိုင်ဇိရှန် ဟာ မျက်နှာပေါ်တွင် လေးနက်

သိမ်မွေ့သော အရိပ်အယောင်များ

ရှိနေသည်။ သူမနှင့်

ယန်ယွဲ့ပူးပေါင်းထားလျှင်ပင်

ထိုနွားနတ်ဆိုးကြီးကို မယှဉ်နိုင်မှန်း

သိနေလို့ပါ။ အထူးသဖြင့်

ဎင်း၏လက်သီးတစ်ချက်ဟာ

လောကကိုပင်ဖျက်ဆီးပစ်နိုင်လောက်ပေ

သည်။

ပိုင်ဇိုရှန်က တွန့်ဆုတ်မနေဘဲ ယန်ယွဲ့နှင့်

ဝမ်အရှူးမလေးကို

လက်တစ်ဖက်စီဆွဲကာ အာကာသထဲသို့

ဝင်ပုန်းနေလိုက်သည်။

ဤအချိန်တွင် ဝမ်အရှူးမလေးက

ယန်ယွဲ့ကို

စိုက်ကြည့်ကာ "အစ်မကြီးပိုင်၊

အရှူးယန်က

အဆင်ပြေလာမှာလား" ဟု

မေးလိုက်သည်။

ပိုင်ဇိရှန်က ယန်ယဲ့ကို စိုက်ကြည့်နေသည်

"အခုနောက်ပိုင်းမှာ သူက

ပိုပြီးသာမာန်ဖြစ်နေတာကို နင်

သတိမထားမိဘူးလား"

"ငါ့ကိုလှည့်စားဖို့မကြိုးစားနဲ့..."

ဝမ်အရှူးမလေးက "သူ့ရဲ့ အရူးစိတ်ကို

ဖိနှိပ်ထားလို့ ဘာမှမဖြစ်တာ" ဟု
ပြောခဲ့ပါသည်။

သူမက ယန်ယဲ့ကို
ခဏစိုက်ကြည့်ပြီးနောက်
ပိုင်ဇိရှန်၏နံဘေးကို ပြေးသွားပြီး "သူက
ငါတို့ကို ချက်ချင်း တိုက်ခိုက်မယ်လို့
နင်ထင်လား"

ပိုင်ဇိရှန် က အနည်းငယ်ခေါင်းခါပြီး အပြုံးနှင့်ပြန်မေးသည် "သူလုပ်မယ်လို့ နင်ထင်လား"

ဝမ်အရှူးမလေး က တိုးတိုးလေးပြန်ဖြေသည် “သူကတော့ ကြိုက်ပုံမပေါ်ဘူး၊ ဒါပေမဲ့ ငါလည်း သေချာတော့ မသိဘူး။ ငါ သူ့ကို အချိန်အတော်ကြာတဲ့အထိ စောင့်ကြည့်နေခဲ့တာ။ သူလေ့ကျင့်နေတဲ့

အနောက်ဖက်တောင်တန်းကို

တစ်ခေါက်သွားကြည့်သေးတယ်။

ငါမြင်တာကို နင်သိလား"

ပိုင်ဇီရှန် က သိချင်စိတ်အပြည့်ဖြင့်

"ဘာလဲ" ဟုမေးလိုက်သည်။

ဤအချိန်တွင် သူတို့ရှေ့ရှိ

တောင်တန်းကြီးဟာ ပြင်းထန်စွာ

တုန်ခါသွားသည်။

ရှေ့ကိုလှမ်းကြည့်လိုက်ရာ

နွားနတ်ဆိုးကြီးက

တစ်ခုခုအားရှာနေသကဲ့သို့

ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်နေကြော

င်း တွေ့လိုက်ရသည်။

ဝမ်အရှူးမလေး က

ရုတ်တရက်ပြောပါသည် "ဒါက

တကယ်ကြီးတယ်"

ပိုင်ဇိရှန် က တိုးတိုးလေးမေးသည် "နင်

အဲ့ဒါကို မကြောက်ဘူးလား"

"ကြောက်ရမလား" ဝမ်အရှူးမလေး က

မျက်တောင်ခတ်လိုက်ပြီး "ဘာလို့လဲ။

အကောင်ကြီးတယ်၊ ထင်သလောက်

မသန်မာဘူး"

ပိုင်ဇိရှန် က မျက်နှာပေါ်တွင်

ထူးဆန်းသောအမူအရာနှင့်

ဝမ်အရှူးမလေးကို စိုက်ကြည့်နေသည်

"နင် အားကောင်းတယ်လို့

မထင်ဘူးလား"

ဝမ်အရှူးမလေး က ခေါင်းညိတ်ပြီး "ဒါက

အကောင်ကြီးတာပဲရှိတယ်၊ ဒါပေမဲ့

အရမ်းမသန်ဘူး"

ပိုင်ဇိရှန် က ထပ်မေးခါနီးတွင်

ရောမန္တားနတ်ဆိုးကြီးဟာ

သူတို့သုံးယောက်

ပုန်းအောင်းနေတဲ့ဖက်ကို ရုတ်တရက်

ပြေးချလာပါတော့သည်။

ငါတို့ပုန်းနေတာကို

ရှာတွေ့သွားတာလား...

ပိုင်ဇီရှန်ဟာ အနည်းငယ်

ထိတ်လန့်သွားသည်။ ဝမ်အရှူးမလေးက

ရှေ့ထွက်ကာ

နွားနတ်ဆိုးကြီးထံပြေးဝင်သွားလေသည်။ ပိုင်ဇိုရှန် လည်း ထိတ်လန့်နေရာမှ သတိပြန်ဝင်လာပြီး ကမန်းကတန်း ကုန်းအော်လိုက်သည် "ဝမ်လေး၊ ဒီကို ပြန်လာခဲ့"

ဤအချိန်တွင် ဝမ်အရူးမလေးက နွားနတ်ဆိုးကြီးရှေ့ကိုပင် ရောက်နေလေပြီ။

ပြောစရာမလိုအောင်၊

သူမ၏ခန္ဓာကိုယ်သေးသေးလေးဟာ

လူတစ်ယောက်ရှေ့မှာရပ်နေသည့်

ပုရွက်ဆိတ်တစ်ကောင်လိုသာ။

ရောမန္တားနတ်ဆိုးကြီးနှင့် ယှဉ်ပါက

သေးငယ်လွန်းလှသည်။

သို့သော်လည်း ဝမ်အရှူးမလေးက

မကြောက်မရွံ့ဖြင့်

သူမ၏လက်သီးလေးကိုမြှောက်ပြီး

နွားနတ်ဆိုးအား ထိုးလိုက်လေသည်။

ဘမ်း...

လက်သီးသေးသေးလေးမှ

ပြင်းထန်သောစွမ်းအင်လှိုင်းများ

ထွက်လာသည်။ သို့သော်

ဝမ်အရှူးမလေးဟာ ၁၀

ကီလိုမီတာကျော်အကွာထိ
လွင့်ထွက်သွားခဲ့သည်။

ရောမန္တာနတ်ဆိုးကြီး ကတော့
ခြေလှမ်းအနည်းငယ်သာ
နောက်ပြန်ဆုတ်သွားသည်။

ဤအတောအတွင်း မူလနတ်ဆိုးက
သိသိသာသာ ဒေါသထွက်သွားပြီး

ရောမလက်သီးကြီးကိုမြှောက်ကာ

ဝမ်အရှူးမလေးအား ထိုးချလိုက်သည်။

၎င်း၏လက်သီးကြောင့်

ကောင်းကင်တစ်ခုလုံး ပြိုကျသွားသည်။

သို့သော်လည်း ဝမ်အရှူးမလေး က

မကြောက်ရွံ့ဘဲ

နောက်ထပ်လက်သီးတစ်ချက်ကို

တစ်ချက်ထိုးလိုက်သည်။

သူမ၏ လက်သီးပေါ်တွင်

ရွှေရောင်ဖျော့ဖျော့အလင်းလွှာလေးတစ်

ခု ပေါ်လာသည်။

ဘုန်း...

လက်သီးချက်မှ မီးတောင်ကဲ့သို့

စွမ်းအင်လှိုင်းလုံးများ ထွက်ပေါ်လာပြီး

ကောင်းကင်ထက်သို့ ပျံ့လွင့်သွားကာ

မူလနတ်ဆိုး၏လက်သီးကို

ဆောင့်ထိုးလိုက်သည်။

ဘမ်း…

မူလနတ်ဆိုးသည် ခြေလှမ်းများစွာ

နောက်ပြန်ဆုတ်သွားခဲ့သည်။

သို့သော်လည်း ဝမ်အရှူးမလေး ဟာ

ယန်ယွဲ့နှင့် ပိုင်ဇိရှန် တို့ဆီကို

ပြန်လွင့်လာခဲ့သည်။

ဝမ်အရှုးမလေးက သူမ၏လက်သီးကို
ငုံ့ကြည့်ပြီးနောက် မူလနတ်ဆိုးကို
လှမ်းကြည့်ကာ "ဒီကောင်က မဆိုးပါဘူး"
ဟုပြောလေသည်။

ဤအချိန်တွင် မူလနတ်ဆိုးက
ရောမလက်သီးကြီးဖြင့် သူတို့သုံးယောက်
ရပ်နေသည့်နေရာကို
လှမ်းထိုးလိုက်သည်။

ဝမ်အရှူးမလေး က မျက်တောင်ခတ်ပြီး ယန်ယဲ့၏နောက်ကို ပြေးဝင်သွားရင်း "အရှူးယန်၊ ငါပင်ပန်းနေပြီ ။ နင်ဒါကို ဖြေရှင်းလိုက်ပါ"

ပိုင်ဇိရှန် က ဤမြင်ကွင်းကို ကြည့်၍ ဘာပြောရမှန်းပင်မသိတော့ပေ။

ယန်ယဲ့သည် ရုတ်တရက်ထကာ

မူလနတ်ဆိုးထံ ခုန်ဝင်လိုက်သည်။

ခဏအကြာတွင်ပဲ

အထက်ကောင်းကင်ယံ၌ အေးစက်သော

အလင်းတန်းတစ်ခု  လင်းထိန်သွားသည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့ဟာ

အနန္တဆေဘာ ကို

လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ကာ

ပိုင်းချလိုက်လေသည်။

ဤအချိန်တွင်

မူလနတ်ဆိုး၏ရောမလက်သီးချက်က

ကျရောက်လာသည်။

အုန်း...

မူလနတ်ဆိုး၏ရောမလက်သီးကြီးဟာ

ပွင့်ထွက်သွားသည်။ ၎င်းကိုယ်တိုင်ပင်

ခြေလှမ်း ၁၀ လှမ်းခန့်

နောက်ပြန်ဆုတ်သွားခဲ့သည်။

ဤအတောအတွင်း ယန်ယဲ့က

အနန္တဆေဘာ ကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်လိုက်ပြီး ရှေ့သို့

ပိုင်းချလိုက်သည်။

ဆူး...

ဆေဘာမှ

သွေးနီရောင်အလင်းတန်းတစ်စင်း

ပြေးထွက်လာသည်။ အလင်းတန်းဟာ
လေထဲသို့ လင်းလက်တောက်ပလာပြီး
လမ်းကြောင်းတစ်လျှောက်ရှိ
အာကာသဟာ ပွင့်ထွက်သွားသည်။

မူလနတ်ဆိုးက
အရွယ်အစားကြီးမားသော်လည်း
တုံ့ပြန်မှုဟာ နှေးကွေးခြင်းမရှိပေ။
ယန်ယဲ့၏ ဆေဘာအလင်းတန်း
ကိုမြင်လိုက်သည်နှင့် တပြိုင်နက် ၎င်း၏

ညာဘက်လက်သီးကို ထပ်မံဆုပ်လိုက်ပြီး

ကောင်းကင်ပေါ်သို့ ပင့်ထိုးလိုက်သည်။

အထက်ကောင်းကင်ပြင်သည်

ပြင်းထန်စွာ

တုန်လှုပ်သွားခဲ့သည်။

ဂျုန်း...

အနန္တဆေဘာ က

မူလနတ်ဆိုး၏လက်သီးကို

ချေဖျက်ပစ်လိုက်သည်။ ထို့နောက်

တန်ပြန်အားက မူလနတ်ဆိုးကို

နောက်ပြန်လွင့်ထွက်သွားစေသည်။

ထို့အပြင် ၎င်း၏ လက်သီးဟာ

ပွင့်ထွက်သွားခဲ့သည်။ သို့သော် ၎င်းသည်

အပေါ်ယံဒဏ်ရာလောက်သာ။

သွေးတစ်စက်မှပင်ထွက်မလာခဲ့ပေ။

အပြန်အလှန်အားဖြင့်

ယန်ယဲ့၏အနန္တဆောဘာက

နောက်ကိုပြန်ကန်ထွက်လာသည်။

ယန်ယဲ့သည် သူ၏ညာလက်ကို လေထဲသို့

ဆန့်ထုတ်လိုက်ပြီး

ပြန်ကန်ထွက်လာသော ဆောဘာကို

ဖမ်းကိုင်လိုက်သည်။

ဘမ်း...

သူ့ပတ်ဝန်းကျင် အာကာသဟာ

တုန်ခါသွားပြီး ဆက်တိုက်ပင်

နောက်ပြန်ဆုတ်သွားလိုက်ရသည်။

ဤအချိန်တွင် ဝမ်အရှူးမလေးက

ရုတ်တရက်ပြောခဲ့သည် "အရှူးယန် က

တော်တော်သန်မာတယ်"

ပိုင်ဇီရှန် က ပြုံးပြီး "အရင်တုန်းကတော့

ဒီကောင်ကြီးရဲ့ တိုက်ခိုက်မှုကို

တစ်ချက်တောင်

မခုခံနိုင်ခဲ့ဘူး"ဟုပြန်ပြောလိုက်သည်။

ဤအချိန်တွင် ယန်ယဲ့သည်

ကောင်းကင်ယံမှာပဲ ရုတ်တရက်

ပျောက်ကွယ်သွားသည်။ထို့နောက်

သွေးနီရောင်ဆောဘာစွမ်းအင်များ

လေထဲသို့ အဆက်မပြတ်

တောက်ပလာသည်။

အလင်းတန်းတစ်ခုစီဟာ

လျှပ်စီးကြောင်းများကဲ့သို့

အလွန်လျင်မြန်ပြီး

မူလနတ်ဆိုး၏ခန္ဓာကိုယ်ကိုထိမှန်သွားသ

ည်။

သို့သော် မူလနတ်ဆိုးဟာ ဘာမှမ

ဖြစ်သလိုပင်၊ ၎င်း၏လက်သီးများကို

လေထဲသို့ အဆက်မပြတ်

ဆောင့်ထိုးချလိုက်သည်။

လက်သီးချက်များ အောက်တွင်

ကောင်းကင်ပြင်သည် ပြင်းထန်စွာ

လှုပ်ခတ်သွားသည်။

ဤအတောအတွင်း

မူလနတ်ဆိုး၏ကိုယ်ပေါ်တွင်

အက်ကြောင်းများ

တဖြည်းဖြည်းပေါ်လာသည်။

ဓားဒဏ်ရာများပင်ဖြစ်သည်။

သို့ရာတွင် သွေးတစ်စက်တောင်
မထွက်ခဲ့ပေ။ အရေပြား
ဘယ်လောက်ထူမှန်း သိသာပါသည်။

ဘမ်း...

ကျယ်လောင်သော ပေါက်ကွဲသံ
ရုတ်တရက်ထွက်ပေါ်လာပြီးနောက်

မူလနတ်ဆိုးဟာ ၁၀ ကီလိုမီတာအကွာကို

လွင့်ထွက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့ သည်

ရုပ်တန့်သွားသည်။

မူလနတ်ဆိုး၏ခန္ဓာကိုယ်ဟာ

ဒဏ်ရာဒဏ်ချက်အပြည့်

ဖုံးလွှမ်းထားသော်လည်း

ဘာမှပြဿနာမရှိခဲ့ပေ။

သို့သော်လည်း လက်ရှိမှာတော့

ယန်ယဲ့ဟာ အားကုန်လုနီးပါးဖြစ်နေပါပြီ။

သူက ဆက်ပြီးမတိုက်ခိုက်ချင်တော့ပေ။

ဝမ်အရှူးမလေးက ရုတ်တရက်

ပြောလိုက်သည် "ဒီကောင်ကြီးရဲ့

အရေပြားက အရမ်းထူတယ်"

ပိုင်ဇိုရှန် က တစ်ချက်ကြည့်လိုက်ပြီး

"လစ်လျူရှုထားလိုက်ပါ။

သွားကြရအောင်"

စကားပြောပြီးနောက် ယန်ယဲ့နှင့်

ဝမ်အရှူးမလေး၏လက်ကိုဆွဲကာ

ထွက်ပေါက်ဆီသို့ လျှောက်သွားသည်။

မူလနတ်ဆိုးကြီးကို

ဆက်ပြီးတိုက်ခိုက်နေရန်မလိုအပ်ပေ။

သို့သော် သူတို့လမ်းလျှောက်လာရင်း ပိုင်ဇီရှန် ဟာ ရှေ့တွင် တစ်စုံတစ်ခု ပိတ်သွားသည်ကို ခံစားလိုက်ရသည်။ နောက်ကိုပြန်လှည့်ကြည့်လိုက်ရာ မှူလနတ်ဆိုးကြီးကလိုက်လာနေကြောင်း မြင်လိုက်လေတော့သည်။ သို့သော် မတိုက်ခိုက်တော့ပါ။

ပိုင်ဇိရှန်က မျက်မှောင်ကြုတ်ပြီး

"ဘာလိုချင်လို့လဲ"

ဝမ်အရှူးမလေးက ပြုံးပြီး "နင်သူ့ကို

မေးချင်တာလား"

ပိုင်ဇိရှန် က သူမကို စိုက်ကြည့်ရင်း

"သတိထားပါ"

ဝမ်အရှူးမလေး က

ခေါင်းညိတ်ပြပြီးနောက် မူလနတ်ဆိုး

ထံပြေးသွားကာ

"အကြီးအကဲ၊ နင်ဘာလိုချင်တာလဲ။

တိုက်ခိုက်ချင်တာလား။ နင်ငါတို့နဲ့

မယှဉ်နိုင်ဘူးလို့ ပြောနေတာနော်။ နင့်ကို

တိုက်ခိုက်ဖို့

ဆေဘာကိုင်ထားတဲ့အရှူးတောင်မလိုဘူး၊

ငါ နင့်ကို အသေသတ်ပစ်နိုင်တယ်”

မူလနတ်ဆိုး က ယန်ယဲ့ကိုသာ

လက်ညှိုးထိုးပြပြီး “ဝိညာဉ်...”

ဘာ ဝိညာဉ်တုန်း...

ဝမ်အရူးမလေးက

မျက်တောင်ခတ်လိုက်ပြီး

"နင်ဘာကိုဆိုလိုတာလဲ။

နည်းနည်းရှင်းအောင်ပြောနိုင်မလား"

သို့သော် မူလနတ်ဆိုး က ယန်ယဲ့ကိုသာ ထပ်မံညွှန်ပြပြီး “ဝိညာဉ်...” ဟုသာအကြိမ်ကြိမ်ပြောနေတော့သည်။

ဝိညာဉ်လား. ။

ဝမ်အရှူးမလေးက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး မူလနတ်ဆိုးကိုလှည့်ကြည့်ကာ "နင် အပြင်ထွက်ပြီး ကစားချင်တာလား"

မူလနတ်ဆိုးက တိတ်ဆိတ်နေ၏။

သမ်အရှုးမလေးက ယန်ယဲ့ကို လက်ညှိုးထိုးပြပြီး "နင်က သူနဲ့လိုက်ချင်တာလား။ သူနဲ့အတူ အပြင်ထွက်ချင်တာမဟုတ်လား"

မူလနတ်ဆိုးကြီးက ယန်ယဲ့ကို လက်ညှိုးထိုးပြပြီး "ဝိညာဉ်..."

ဝမ်အရှူးမလေး က

မူလနတ်ဆိုးကိုကြည့်ကာ "နင်က

ဘယ်လိုနတ်ဆိုးမိုက်ဖြစ်နေတာလဲ။တက

ယ်တော့ နင်ဒီလိုမဖြစ်သင့်ဘူး၊

ဒီနှစ်တွေမှာ ဘာတွေစားခဲ့လဲ"

မူလနတ်ဆိုး က တိတ်ဆိတ်နေသည်။

အချိန်အတော်ကြာပြီးနောက်

ဝမ်အရှုးမလေး က သူ့ကိုယ်သူ

ညွှန်ပြရင်း “ငါ့လိုပုံစံပြောင်းလိုက်။

နားလည်လား၊

နင့်ကိုယ်နင်သေးအောင်လုပ်"

မူလနတ်ဆိုးက အချိန်အတော်ကြာ

တိတ်ဆိတ်သွားသည်။ ရုတ်တရက်

သူ့ခန္ဓာကိုယ်က အနည်းငယ်

ကျုံ့ဝင်သွားသည်။

ဝမ်အရှူးမလေး၏မျက်လုံးများ

တောက်ပလာပြီး "ဒါပဲလေ။

အရမ်းကောင်းတယ်၊

သေးသေးဖြစ်သွားပြီ"

ဤအချိန်တွင် ရောမန္ဒားနတ်ဆိုးကြီးဟာ

နတ်ဆိုးငယ်လေးတစ်ကောင်

ဖြစ်သွားခဲ့သည်။

ပိုင်ဇီရှန် လည်း ဤမြင်ကွင်းကြောင့်

အံ့အားသင့်သွားခဲ့သည်။

တစ်ချိန်တည်းမှာပဲ ဝမ်အရှူးမလေး က

 သူ့ကိုယ်သူ ညွှန်ပြပြီး "ငါနဲ့ အတူ

အပြင်မှာပျော်ဖို့ လိုက်လာခဲ့။

ငါတို့ပျော်ပြီးရင် အိမ်ကို

ပြန်လာကြရအောင်"

ထို့နောက် မူလနတ်ဆိုးကိုခေါ်ကာ

ယန်ယဲ့နှင့် ပိုင်ဇီရှန် တို့ထံ

လျှောက်လာခဲ့သည်။

ထို့နောက် သူမက ပိုင်ဇီရှန် ကိုကြည့်ပြီး

"အစ်မကြီးပိုင်၊ သူက အပြင်ထွက်ပြီး

ငါတို့နဲ့ ကစားချင်နေတာ။

သွားကြရအောင်။ သူ့ကို အပြင်မှာ

ရက်နည်းနည်းလောက်ကစားခိုင်းလိုက်မယ် "

ပိုင်ဇီရှန် က ဘာပြောရမှန်းမသိတော့ပေ။

ထိုကဲ့သို့ပင်၊ လူသုံးယောက်၏ နောက်၌ မူလနတ်ဆိုးငယ်လေးတစ်ကောင် လိုက်လာခဲ့သည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၉၅ -  အသားလှီးတာကို

အတုယူနေတာလား

လမ်းတစ်လျှောက်လုံးတွင် ပိုင်ဇီရှန်

သည် မူလနတ်ဆိုးကို

သတိအပြည့်ထားနေခဲ့သည်။ သို့သော်

မူလနတ်ဆိုးဟာ

ဝမ်အရှူးမလေး၏နောက်မှာသာရပ်နေခဲ့သည်။ဘာမှမလုပ်ပေ။

အချိန်တော်တော်ကြာပြီးနောက်တော့ သူတို့ရှေ့တွင် တလက်လက်တောက်ပနေသော အပြာရောင်အလင်းတံခါးကြီး ပေါ်လာခဲ့သည်။ အလင်းတံခါး၏ အခြားတစ်ဖက်၌ ထာဝရနယ်စပ်ရှိနေခဲ့သည်။

ပိုင်ဇိရှန် က နံဘေးမှ ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး "ဘာပဲဖြစ်ဖြစ်

ငါတို့အတူတူရင်ဆိုင်ကြမယ်"

စကားပြောပြီးနောက်

ယန်ယဲ့၏လက်ကိုဆွဲကာ

အလင်းတံခါးဆီသို့ လျှောက်လာခဲ့သည်။

ဤအချိန်တွင် ဝမ်အရှူးမလေးက

ရှေ့ကိုခုန်ထွက်ပြီး

အလင်းတံခါးထဲသို့ပြေးဝင်သွားသည်။

ပိုင်ဇီရှန်၏အမူအရာက

ပြောင်းလဲသွားပြီး "ဝမ်လေး..."

အော်ခေါ်လိုက်ရင်း

ယန်ယဲ့ကိုလက်ဆွဲကာ

အမြန်ဝင်လိုက်သည်။

မှုလနတ်ဆိုးက အလင်းတံခါးကို

စိုက်ကြည့်ကာ အနည်းငယ် ချီတုံချတုံနှင့်

ကြောက်ရွံ့နေသည်။ ခဏအကြာတွင်

ပတ်ဝန်းကျင်ကို

တစ်ချက်လှည့်ကြည့်ပြီးနောက်

အလင်းတံခါးဆီသို့ ဖြည်းညှင်းစွာ

လျှောက်လာတော့သည်။

ဥဩအတောအတွင်း တစ်နေရာတွင်
ထူးဆန်းသော ပုံရိပ်တစ်ခုရှိနေခဲ့သည်။
ပုံရိပ်က အချိန်အတော်ကြာအောင်
ငြိမ်သက်နေပြီးနောက်တွင်
သူ့ရင်ဘတ်ပေါ်ရှိ လက်ကိုဖြည်းညှင်းစွာ
ဖယ်ရှားလိုက်သည်။ ထိုခဏလေးမှာပဲ
သူ့ရင်ဘတ်ကနေ သွေးများ
တလဟောစီးကျသည်။

အတော်လေးနက်လှသော

ဓားဒဏ်ရာတစ်ချက်ပါ။

“ဘယ်လောက်တောင်

အစွမ်းထက်တဲ့ဓားလဲ...” ပုံရိပ်က

တိုးတိုးလေးပြောလိုက်သည်။

ခလွပ်...

ပုံရိပ်ဟာ ရုတ်တရက်

ကွဲထွက်သွားပြီးနောက်

ထာဝရလျှို့ဝှက်နယ်မြေတစ်ခုလုံး

ပြင်းထန်စွာ တုန်လှုပ်သွားခဲ့သည်။

အမှန်တော့ ပုံရိပ်က

စည်းတံဆိပ်၏အသိစိတ်ဝိညာဉ်ဖြစ်သ

ည်။

ထာဝရကျေးရွာ၏

အနောက်တောင်တန်းများဆီမှ

ဒေါသသံများ ရံဖန်ရံခါ

ထွက်ပေါ်လာသည် "ဝိညာဉ်ဖန်ဆင်းရှင်၊

ဝိညာဉ်ဖန်ဆင်းရှင် ..." ဟူသော ဒေါသ၊

မကျေနပ်သံများ

သယ်ဆောင်လာခဲ့သည်။

၎င်းက အခြားမဟုတ်ပေ၊

ငရဲကိုးဘုံကောရာဇ် ပင်။

အပြည့်အဝမ မကြီးထွားသေးသော ဝိညာဉ်ဖန်ဆင်းရှင် ။ မည်သို့နည်း၊ ဖြစ်နိုင်ချေများကြောင်း ဆိုလိုပါသည်။

ထို့ကြောင့် ငရဲကိုးဘုံဧကရာဇ် က ယန်ယွဲ့ကို ဖမ်းဆီးချင်နေတာဖြစ်သည်။ သို့သော်လည်း ...

...

ထာဝရနယ်စပ် ...။

ထာဝဂိတ်တံခါးဝတွင် မျိုးနွယ်စု (၆) ခုမှ

အဆင့်မြင့်ပညာရှင်များ ရှိနေကြသည်။

သို့သော်လည်း ယခုအခါ

အဖွဲ့ခေါင်းဆောင်ဟာ

အင်မော်တယ်အိမ်တော်၏ ဝမ်ယွန်အစား

ဝမ်ယန်ရှန်းဖြစ်ခဲ့သည်။

လူတိုင်း

ဘယ်နေရာမှထမသွားဘဲစောင့်ဆိုင်းနေကြသည်။

အင်မော်တယ်အိမ်တော်နှင့် မျိုးနွယ်စု ၆ ခုမှ ပညာရှင်များဟာ ယန်ယဲ့ပြန်ထွက်လာမည့်အချိန်ကို ကြိုစောင့်နေကြသည်။

ဤ]တစ်ခါ သူတို့၏တပ်ဖွဲ့များကို
အကုန်စေလွှတ်ထားခဲ့သည်။ မျိုးနွယ်စု
၆ ခုနှင့် အင်မော်တယ်အိမ်တော်ဟာ
ယန်ယွဲ့ကို အပြီးတိုင်ဖယ်ရှားချင်နေမှန်း
သိသာပါသည်။

ဟင်းလင်းပြင်နတ်ဘုရားအဆင့် ၇
ယောက်နှင့် မူလတာအိုသခင်
တစ်ဒါဇင်ကျော် ။ သို့သော်

ထိုအင်အားစုက ဖန်ဆင်းရှင်တစ်ပါးကို
သတ်ရန်ရောက်နေကြသည်။

၎င်းသည် ထာဝရနယ်စပ်၏
သမိုင်းကြောင်းတစ်လျှောက် တစ်ခါမှ
မကြုံစဖူး အခြေအနေတစ်ခုပါ။

အချိန်များ တရွေ့ရွေ့နဲ့
ကုန်ဆုံးလာခဲ့သည်။

အပြာရောင်အလင်းတံခါးသည်

ရုတ်တရက် တုန်ခါသွားသည်။

ဤနေရာမှ လူတိုင်း ချက်ချင်းပင်

စိုက်ကြည့်နေကြသည်။ အားလုံးက

အပြာရောင်အလင်းတံခါးကိုသာ

စူးစိုက်ကြည့်နေလေသည်။

အထူးသဖြင့် ရှီယွမ်ယင်ပါ။

သူ့မျက်လုံးထဲ၌

လုံးဝဖုံးကွယ်မထားသော

လူသတ်လိုစိတ်များ ရှိနေ၏။

အကြောင်းမှာ ယန်ယဲ့သာ

အသက်ရှင်နေလျှင်

သူ၏ရှီယွမ်မျိုးနွယ်က ဘယ်တော့မှကို

ငြိမ်းချမ်းမှာမဟုတ်လို့ပါ။

ထိုကဲ့သို့ပင်၊ လူတိုင်း၏

အကြည့်များအောက်မှာပဲ

အပြာရောင်အလင်းတံခါးထဲမှ

သေးငယ်သော

ပုံရိပ်လေးတစ်ခုထွက်လာခဲ့သည်။

၎င်းပုံရိပ်ကို မြင်လိုက်ရသဖြင့် အားလုံး

အံ့ဩသွားကြသည်။

ယန်ယွဲ့ မဟုတ်ပါ။

ဝမ်အရှူးမလေး ပင်။ ဝမ်အရှူးမလေး က

 ခေါင်းကို ပြင်းပြင်းထန်ထန် ခါလိုက်ပြီး
“ဘယ်လိုနေရာကြီးလဲ၊ ခေါင်းတောင်
အရမ်းမူးနေတယ်"

ဤအချိန်တွင် ဝမ်ယန်ရှန်း က
ရုတ်တရက် ရှေ့တိုးလာပြီး "မင်းက
ဘယ်သူလဲ"ဟုမေးလိုက်သည်။

ဝမ်အရူးမလေး က ခေါင်းခါပြီး
ဝမ်ယန်ရှန်း ကို

လစ်လျူရှုထားလိုက်သည်။ ဒီအချိန်မှာ သူမ၏ခေါင်းလေးက တုန်ယင်နေပြီး မူးဝေနေပုံရသည်။

ဝမ်ယန်ရှန်း၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားသည်။ သူ့ညာလက်ကို ဝှေ့ယမ်းလိုက်သည်နှင့် လေပြင်းတစ်ချက် တိုက်ခတ်သွားသည်။ အလွန်လျင်မြန်ပြီး ဝမ်အရှူးမလေး ထံ ချက်ချင်းတိုးဝင်သွားသည်။

သို့သော်လည်း ကလေးမလေးကို
လုံးဝထိခိုက်မှုမရှိပေ။
လေလမ်းကြောင်းပင်
နောက်ပြန်လှည့်သွားသည် ။

ဤနေရာရှိ လူတိုင်း၏ အမူအရာသည်
ပြောင်းလဲသွားခဲ့သည်။

ဤအချိန်တွင် ဝမ်အရှူးမလေး က ဝမ်ယန်ရှန်း ကို စိုက်ကြည့်ကာ "ဘာလို့ ငါ့ကို ရိုက်တာလဲ"

ဝမ်ယန်ရှန်း၏မျက်လုံးများ အနည်းငယ် မှေးကျဉ်းလာကာ "မင်းက ဘယ်သူလဲ"

ဝမ်အရှူးမလေး က သူမ၏လက်သေးသေးလေးကို မြှောက်လိုက်ပြီး "ဘာလို့မေးတာလဲ"

ဝမ်ယန်ရှန်း၏မျက်လုံးထဲမှ

လူသတ်လိုစိတ်ပေါ်လာပြီး

ဝမ်အရှူးမလေးကို

လက်ညှိုးထိုးလိုက်သည် ။

သူ့လက်ချောင်းထိပ်မှ

ကြောက်မက်ဖွယ်စွမ်းအင်လှိုင်းတစ်ခုထွ

က်လာပြီး ဝမ်အရှူးမလေးရှေ့ကို

ချက်ချင်းရောက်လာသည်။

ဝမ်အရှူးမလေး က

ဒေါသထွက်သွားသည်။

သူမ၏လက်ကို မြှောက်လိုက်ပြီး

လက်သီးနဲ့ ထိုးလိုက်သည် ။

ဘမ်း...

စွမ်းအင်လှိုင်းက ချက်ချင်းပင်

ကွဲထွက်သွားသည်။ ထို့နောက်

ဝမ်အရူးမလေးက ဝမ်ယန်ရှန်း ရှေ့မှာ ပေါ်လာပြီး နောက်ထပ် လက်သီးတစ်ချက်ကို ထိုးလိုက်သည်။

ဝမ်ယန်ရှန်း၏ အမူအရာသည် ချက်ချင်းပင် ပြောင်းလဲသွားသည်။ သူ့ပြိုင်ဖက်ကို လျှော့တွက်မိလိုက်မှန်း သိသွား၏။

ထို့ကြောင့် ပေါ့ပေါ့ဆဆမလုပ်ရဲဘဲ
ငွေလုံ့တစ်ချောင်းကို
ထုတ်ယူလိုက်သည်။ ထို့နောက်
သူ၏ငွေလုံ့ကိုမြှောက်ပြီး
ဝမ်အရှူးမလေး၏လက်သီးကိုလှမ်းထိုး
လိုက်သည်။

သို့သော် တိုက်မိသည်နှင့် တပြိုင်နက်
ဝမ်ယန်ရှန်း၏ အမူအရာသည်
သိသိသာသာ ပြောင်းလဲသွားသည်။

ငွေလုံက ချက်ချင်းပွင့်ထွက်သွားခဲ့သည်။

ထို့အပြင် လူတိုင်း၏

အံ့အားသင့်နေသောအကြည့်များအောက်

မှာပဲ ဝမ်ယန်ရှန်း ဟာ နောက်ကို

အကြိမ်ကြိမ်ပြန်ဆုတ်သွားခဲ့ရသည်။

ဤမြင်ကွင်းကြောင့် လူတိုင်းက

ထိတ်လန့်သွားပြီး ဝမ်အရှူးမလေး

ကိုစိုက်ကြည့်နေသည်။

ဤအချိန်တွင် ဝမ်အရှူးမလေးက

သူမ၏လက်ဝါးများကို ပွတ်သပ်ပြီး

ဝမ်ယန်ရှန်း ကိုစိုက်ကြည့်ကာ

"နင့်စိတ်ထဲမှာ ငါ့ကို အနိုင်ကျင့်ဖို့

လွယ်တယ်လို့များ ထင်နေတာလား"

ဝမ်ယန်ရှန်း က သူ့ပါးစပ်ထောင့်က

သွေးများကို သုတ်လိုက်ပြီး

ဝမ်အရှုးမလေးကို စိုက်ကြည့်ရင်း
"မင်းက ဘယ်သူလဲ"

ဝမ်အရှုးမလေး က အေးစက်စွာ
အော်ဟစ်လိုက်သည် "ဘာလို့ ဒီစကားပဲ
ထပ်ထပ်မေးနေတာလဲ"

ဝမ်ယန်ရှန်း၏ မျက်နှာက
သုန်မှုန်လာခဲ့သည်။ သူက
ဝမ်အရှုးမလေးကို စူးစူးရဲရဲ ကြည့်ကာ

"ကလေးမလေး၊
ငါဘယ်သူလဲဆိုတာမင်းသိလား။ ငါဟာ
အင်မော်တယ်အိမ်တော်ရဲ့
အကြီးအကဲတစ်ယောက်ပဲ။
မင်းငါ့ရဲ့အင်မော်တယ်အိမ်တော်နဲ့ရန်သူ
ဖြစ်ချင်တာလား"

"အင်မော်တယ်အိမ်တော် လား"
ဝမ်အရှုးမလေး က အနည်းငယ်

မျက်မှောင်ကြုတ်ကာ ပြောလိုက်၏

"အဲဒါ ဘာကြီးလဲ။ သန်မာလို့လား"

ဝမ်ယန်ရှန်း ဟာ

စကားမပြောနိုင်လောက်အောင်ဖြစ်သွား

လေသည်။

ဝမ်အရှူးမလေးက သူ့ကို

လစ်လျူရှုထားပြီး အလင်းတံခါးကို

စိုက်ကြည့်ကာ "ဘာလို့ သူတို့ ဒီကို ရောက်မလာသေးတာလဲ"

ဤအချိန်မှာပဲ အပြာရောင်အလင်းတံခါးဟာ ရုတ်တရက်တုန်ခါသွားသည်။

အချိန်အနည်းငယ်အကြာတွင် အထဲမှ ပုံရိပ်နှစ်ခု ထွက်လာခဲ့သည်။

ထိုပုံရိပ်နှစ်ခုအား ရှင်းရှင်းလင်းလင်း မြင်လိုက်ရသောအခါတွင် ဤနေရာရှိလေထုသည် ချက်ချင်းပင် တင်းမာလာသည်။

အကြောင်းမှာ ယန်ယွဲ့နှင့် ပိုင်ဇီရှန် တို့ဖြစ်နေသောကြောင့်ပင်။

ယန်ယွဲ့...

မျိုးနွယ်စု ၆ ခုနှင့်
အင်မော်တယ်အိမ်တော်ကို
မြင်လိုက်သောအခါ
ပိုင်ဇီရှန်၏မျက်နှာပေါ်တွင်
လေးနက်သောအမူအရာတစ်ခုပေါ်လာခဲ့
သည်။ ဤနေရာတွင် ပညာရှင်များ
စောင့်နေမည်ဟု ခန့်မှန်းထားသော်လည်း
အများအပြားကိုတော့
မမျှော်လင့်ထားပေ။

ဟင်းလင်းပြင်နတ်ဘုရားအဆင့် ၇

ယောက်အပြင်ကိုမှ မူလတာအိုသခင်

တစ်ဒါဇင်ကျော် ပါ။

တစ်နည်းအားဖြင့် မျိုးနွယ်စု ၆ ခုမှ

ပညာရှင်များအားလုံး ဤနေရာတွင်

ရှိနေသည်ဟု ဆိုနိုင်သည်။

"နောက်ဆုံးတော့ နင်တို့ထွက်လာပြီပေါ့"

ဤအချိန်တွင် ဝမ်အရှူးမလေး က

သူတို့ဆီကို ပြေးလာပြီး ငြီးတွားကာ
“ဒီလမ်းက ငါ့ကို အရမ်းမူးစေတယ်။
မုန်တယ်...”

သူမက ဝမ်ယန်ရှန်းကို
လက်ညှိုးထိုးပြပြီး "အဲဒီလူက ငါ့ကို
စောစောက တိုက်ခိုက်ခဲ့တယ်"

ပိုင်ဇိုရှန်က ဝမ်ယန်ရှန်း ကို

တစ်ချက်ကြည့်လိုက်ပြီး

"အင်မော်တယ်အိမ်တော် လည်း

ဒီကို ရောက်လာမယ်လို့

မမျှော်လင့်ထားဘူး"

"ဟုတ်ပါတယ် ငါတို့ပဲ" ဝမ်ယန်ရှန်း က

အေးစက်စွာ ရယ်မောလိုက်ပြီး "ပိုင်ဇိုရှန်၊

ငါ တကယ်ကို သိချင်နေတယ်။

ယန်ယွဲ့နဲ့ပူးပေါင်းဖို့
မင်းဘယ်လိုသတ္တိကောင်းနေတာလဲ။
ဘာလဲ၊ အဖြူရောင်ကေရာဇ်မြို့တော်မှာ
နေထိုင်ရတာ ငြီးငွေ့နေသလား
ဒါမှမဟုတ် အသက်ရှင်ရတာ
ငြီးငွေ့နေတာလား။ မင်း...”

ယန်ယွဲ့ သည် ပိုင်ဇီရှန်၏နံဘေးကနေ
ပျောက်သွားပြီး ဝမ်ယန်ရှန်း ရှေ့တွင်

ရုတ်တရက်ပေါ်လာသည်။ သူ့အရှိန်က

အလွန်မြန်သောကြောင့် လူတိုင်း

တုံ့ပြန်ခြင်းမပြုနိုင်ခဲ့ပါ။

ဝမ်ယန်ရှန်း လည်း အံ့သြသွားသည်။

သို့သော် တွေဝေနေရန်အချိန်မရှိပေ။

သူ၏လက်ဝါးနှစ်ဖက်ကို ပူးကပ်ကာ

ရှေ့သို့ ပုတ်လိုက်သည်။

ဤအချိန်တွင် ယန်ယဲ့က
ကျောမှာသိုင်းလွယ်ထားသော
ဆောဘာကိုဆွဲယူကာ ပိုင်းချလိုက်သည်။

ဘမ်း...

ဝမ်ယန်ရှန်းဟာ ၁၀ ကီလိုမီတာအကွာထိ
လွင့်ထွက်သွားခဲ့သည်။ အဆုံးတွင်
မြို့ပျက်နံရံကို ပြေးဆောင့်ကာ
မြို့နံရံဟာ

ပြိုကျသွားသည်။

ဘုန်း...

ဝမ်ယန်ရှန်းက မြေပြင်ပေါ်သို့ ပြုတ်ကျသွားသည်။ ထိုနေရာတွင် နက်ရှိုင်းသော တွင်းနက်ကြီးတစ်ခု ပေါ်လာသည်။

ဒီအချိန်မှာ ဝမ်ယန်ရှန်း၏တစ်ကိုယ်လုံး

ကွဲကြေသွားသည်။ သူက
အသက်ရှင်နေသည့်တိုင်
ခန္ဓာကိုယ်သွေးကြောများ
ပျက်စီးသွားပေပြီ။ ထို့အပြင်
သူ့တစ်ကိုယ်လုံးရှိအရိုးများအားလုံးလ
ည်း ကွဲအက်သွားသည် ။

ဤအခြေအနေဟာ ယန်ယဲ့၏
ဆောဘာပိုင်းချက်ကို

တားဆီးနိုင်လိုက်သည့်တိုင်

သူပြန်ပေးရသည့်တန်ကြေးပင်။

ဝမ်ယန်ရှန်း၏တစ်ကိုယ်လုံး

ကွဲကြေနေသော ဖန်ခွက်များကဲ့သို့

ဖြစ်နေသည်။ လုံးဝမကွဲသေးသော်လည်း

အက်ကြောင်းများဖြင့်

ဖုံးလွှမ်းထားသောကြောင့် သွေးများ

အဆက်မပြတ် စိမ့်ထွက်နေပါသည်။

ဤမြင်ကွင်းကြောင့် ဤနေရာရှိလူတိုင်း
အံ့အားသင့်သွားကြသည်။

ဆောဘာတစ်ချက်ပဲ လား။

ယန်ယဲက ဓားမသုံးဘူးလား ။

မည်သို့ပင်ဖြစ်စေ
ယန်ယဲ့၏ဆောဘာတစ်ချက်တည်းဖြင့်

ဝမ်ယန်ရှန်း ဟာ ရုပ်ပျက်ဆင်းပျက်

ရှုံးနိမ့်သွားခဲ့သည်။

သို့သော် ဝမ်ယန်ရှန်းက

ဟင်းလင်းပြင်နတ်ဘုရားအဆင့်

ဖြစ်သည်။

ဟင်းလင်းပြင်နတ်ဘုရားအဆင့်များက

ဘယ်အချိန်ကတည်းက

အားနည်းသွားသနည်း။

လူတိုင်းက ယန်ယဲ့ကို

စိုက်ကြည့်နေကြသည်။ ဒီအချိန်မှာ

သူတို့ရှေ့မှ လူငယ်ကို

ထွင်းဖောက်မမြင်နိုင်တော့သလို

ခံစားရသည်။

ဤအချိန်တွင် ယန်ယဲ့က ဝမ်ယန်ရှန်း

ရှေ့မှာ ပေါ်လာသည်။

သူ၏ဆေဘာကိုမြှောက်ပြီး

ဝမ်ယန်ရှန်း၏ခေါင်းကို
ထိုးချလိုက်သည်။

ဝမ်ယန်ရှန်း၏ မျက်လုံးထဲမှ
ထိတ်လန့်တကြားဖြင့်
အဆုတ်ကွဲလုမတတ်
အော်ဟစ်လိုက်သည် "မဟုတ်ဘူး"

ဆူး....

ဆေဘာက

ဝမ်ယန်ရှန်း၏တစ်ကိုယ်လုံးကို

နှစ်ခြမ်းခွဲပစ်လိုက်ကာ သွေးများ

ပန်းထွက်လာတော့သည်။

သို့သော် ယန်ယဲ့က မရပ်တန့်သေးပေ။

သူ၏ဆေဘာကို

ထပ်ပြီးဝှေ့ယမ်းလိုက်သည်။

ဆူး..

ဝမ်ယန်ရှန်း၏အလောင်းကို
လေးပိုင်းခွဲချလိုက်သည်။

နောက်တစ်ကြိမ် သွေးများ
ပန်းထွက်လာသည်။

သို့သော် ယန်ယဲ့က မရပ်တန့်ခဲ့ပေ။

ဆူး … ဆူး …ဆူး… ဆူး…

ခုတ်ထစ်သံများ

အဆက်မပြတ်ထွက်ပေါ်လာသည်။

ဝမ်အရှူးမလေး က “ဟ- သူက

အသားလှီးတာကို အတုယူနေတာ…”

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၉၆ - လှီးထုတ်ခြင်း

ဝမ်အရှူးမလေး၏အမြင်မှာ

ယန်ယွဲ့လုပ်နေတာက

သားသတ်သမား၏အမဲသားလှီးဖြတ်နေ

သည်နှင့်တူနေပါသည်။

သို့သော် ယန်ယဲ့သည်
တိရစ္ဆာန်အသားကိုမမလှီးဖြတ်ဘဲ
လူ့အသားကို လှီးဖြတ်နေခဲ့သည်။

ပတ်ဝန်းကျင်သည်
သေလောက်အောင်တိတ်ဆိတ်နေ၏။
ယန်ယဲ့၏ခုတ်ထစ်သံများသာကြားနေရ
လေသည်။

ပိုင်ဇိရှန်က ယန်ယွဲ့ကို မတားခဲ့ပေ။

အကြောင်းမှာ သူတို့နှစ်ယောက်သာ

အင်မော်တယ်အိမ်တော်၏လက်ထဲမှာ

အဖမ်းခံလိုက်ရပါက

ထိုထက်ပိုဆိုးနိုင်လို့ပါ။

ခဏအကြာတွင်ပဲ ဝမ်ယန်ရှန်းက

အသားတစ်ကြီးအဖြစ်

ပြောင်းလဲသွားသည်၊

ဟင်းလင်းပြင်နတ်ဘုရားအဆင့် ဒီလိုပဲ ဆိုးဆိုးဝါးဝါးအသတ်ခံလိုက်ရတာလား ။

မျိုးနွယ်စု ၆ ခုမှ ပညာရှင်များသည် အံ့အားသင့်နေသောအကြည့်များဖြင့် ငြိမ်သက်နေခဲ့သည်။ သူတို့ ဘာတွေးနေသလဲတော့ မသိနိုင်ပေ။

သူတို့ရှေ့ရှိ ယန်ယွဲ့ဟာ ယခင်အတိုင်း ယန်ယွဲ့ပင်ဖြစ်သည်။

သို့သော် ထာဝရလျှို့ဝှက်နယ်မြေထဲတွင်

ကံကောင်းမှုတစ်ခုကို

ကြုံတွေ့ခဲ့ပုံရသည်။

အရင်ထက်က ပိုလို့တောင်

ကြောက်စရာကောင်းလာခဲ့သည်။

"လူတိုင်း... " ဤအချိန်တွင် ရှီယွမ်ယင်

က ရုတ်တရက် ရှေ့ကို တိုးလာပြီး

"မင်းတို့တွေ နောက်ဆုတ်ဖို့ စဉ်းစားနေတာလား"

အားလုံးက သူ့ကို စိုက်ကြည့်နေကြသည်။

ရှီယွမ်ယင် က အေးစက်စွာ ရယ်မောပြီး "ငါတို့ သူ့ကို အခု မဖယ်ရှားရင် နောင်မှာ အခွင့်အရေး ရှိမှာလား။ ငါတို့က အခု မပူးပေါင်းရင် သူ ငါတို့ကို တစ်ယောက်ချင်းစီလာသတ်လိမ့်မယ်။

ဒါမှမဟုတ် သူက ငါတို့ကို
လွှတ်ပေးလိမ့်မယ်လို့
မင်းထင်နေတာလား"

လူတိုင်း၏ အမူအရာများသည်
တဖြည်းဖြည်း အေးခဲသွားကြသည်။

ရှီယွမ်ယင် ပြောသည့်အတိုင်း
အမှန်ပင်ဖြစ်သည်။ မျိုးနွယ်စု ၆

ခုအတွက် အခြားရွေးချယ်စရာ

မရှိတော့ပေ။

ယန်ယဲ့ပင်ဖြစ်စေ မျိုးနွယ်စု ၆

ခုပင်ဖြစ်စေ တစ်ဖက်ဖက်က သေမှသာ

ပြဿနာအားလုံး

ပြီးဆုံးသွားပါလိမ့်မည်။

အကြောင်းကတော့ သူတို့က ယန်ယဲ့အား

တောင်းပန်လျှင်ပင် ထိုအရှုးဟာ

လွှတ်ပေးမှာမဟုတ်မှန်းသိနေလို့ပါ။

အတိုချုပ်ပြောရရင်တော့

တစ်ဖက်ဖက်ကသေမှသာ

ပြဿနာများအေးသွားပေမည်။

ဤအချက်ကို တွေးမိလိုက်တာနဲ့

လူတိုင်းက

တွေ့ဝေမှုများပျောက်ကွယ်သွားသည်။

မျိုးနွယ်စု ၆ ခု၏ ပညာရှင်များထံမှ

ပြင်းထန်သော

လူသတ်လိုစိတ်များထွက်ပေါ်လာတော့

သည်။ လက်တွေ့အားဖြင့် မျိုးနွယ်စု ၆

ခု၏ အဆင့်မြင့်ပညာရှင်အားလုံး

ဤနေရာတွင် ရှိနေသောကြောင့်

ယန်ယဲ့ကို သတ်ရန်

အကောင်းဆုံးအချိန်ဖြစ်သည်။

ဤအချိန်တွင် ယန်ယဲ့က
မတ်တပ်ထရပ်လိုက်သည်။
သူ့ခြေထောက်အောက်နားမှာ
အသားတစ်ပုံကြီးရှိနေသည်။

ထို့နောက် သူက အနန္တဆေဘာကို
ဆုပ်ကိုင်ထားရင်း ပိုင်ဇီရှန် အနားသို့
ပြန်လျှောက်သွားသည်။

ရှီယွမ်ယင် က ပိုင်ဇီရှန်

ကိုတစ်ချက်ကြည့်လိုက်ပြီး

"မင်းတို့ဘိုးဘေးတွေက

ငါနဲ့အတူပေါင်းပြီး ယန်ယွဲ့ကို သတ်မယ်။

ကျန်တဲ့သူတွေကတော့ ပိုင်ဇီရှန်

ကိုသွားဖမ်းကြ"

အမိန့်ပေးလိုက်သည်နှင့် တပြိုင်နက်

ဟင်းလင်းပြင်နတ်ဘုရားအဆင့် ၆

ယောက်၏ အော်ရာများ ပျံ့လွင့်လာပြီး
ယန်ယဲ့အပေါ်ကို ဖိချလာသည်။

ဘိုးဘေး ၆ ယောက်က
ချက်ချင်းမတိုက်ခိုက်သေးဘဲ
သူတို့၏အော်ရာများဖြင့်
အရင်ဆုံးဖိနှိပ်ထားတာပါ။

တစ်ချိန်တည်းမှာပင်
ဟင်းလင်းပြင်နတ်ဘုရားအဆင့် ၆

ယောက်က

ယန်ယဲ့ထံသို့ခုန်ဝင်လာပါတော့သည်။

သို့သော်လည်း ယန်ယဲ့၏မျက်နှာက

တည်ငြိမ်နေဆဲ။

ဟင်းလင်းပြင်နတ်ဘုရားအဆင့် ၆

ယောက်ကို မမှိတ်မသုန်

စိုက်ကြည့်နေသည်။ သူနှင့်

တစ်လက်မခန့်အကွာသို့

ရောက်လာသောအခါ အနန္တဆေဘာကို

လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်ပြီး

တည့်တည့်ပိုင်းချလိုက်တော့သည်။

ဘောင်း...

ဟင်းလင်းပြင်နတ်ဘုရားအဆင့် ၆

ယောက်၏ ပူးပေါင်းအော်ရာများက

ချက်ချင်း ကွဲထွက်သွားသည်။

တစ်ချိန်တည်းမှာပဲ

ပေါက်ကွဲထွက်လာသော တန်ပြန်အားက

သူတို့ ၆ ယောက်စလုံးကို
အရှိန်တန့်သွားစေသည်။

ဤအတောအတွင်း အခြား
မူလတာအိုသခင် တစ်ဒါဇင်ကျော်ဟာ
ပိုင်ဇီရှန် ဆီသို့ ပြေးဝင်လာကြသည်။

ပိုင်ဇီရှန်၏ မျက်နှာက တုန်လှုပ်မှုမရှိဘဲ
တည်ငြိမ်နေခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့ သည်

အနန္တဆောဘာကိုမြှောက်ပြီး

မူလတာအိုသခင်

တစ်ဒါဇင်ကျော်ထံပစ်ပေါက်လိုက်လေ

သည်။

ဆူး…

သွေးနီရောင်အလင်းတန်းတစ်ခု

လင်းလက်သွားသည်။

ရှေ့ဆုံးကနေ ပြေးဝင်လာသည့်

မူလတာအိုသခင် ဟာ ၎င်းကို

မရှောင်နိုင်ဘဲ တစ်ကိုယ်လုံး

နှစ်ခြမ်းကွဲထွက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့ဟာ

အနန္တဆောဘာ၏နောက်မှပေါ်လာပြီး

ဖမ်းကိုင်လိုက်သည်။ ထို့နောက်

သူ၏ဆောဘာကိုမြှောက်ပြီး

နောက်တစ်ကြိမ် ခုတ်ပိုင်းလိုက်သည်။

ဆူး…

နောက်ထပ် မူလတာအိုသခင်တစ်ပါး
ထပ်ပြီးအသတ်ခံလိုက်ရ၏။

မသေခင်မှာ တစ်ချက်ပင်
ပြန်မတိုက်ခိုက်နိုင်ခဲ့ပေ။

ယန်ယဲ့က အနန္တဆေဘာကို ရုတ်တရက်

လွှတ်ချလိုက်သည်။ ထို့နောက်

ခြေထောက်တစ်ဖက်မြှောက်ကာ

ဆေဘာလက်ကိုင်ရိုးကို

ဆောင့်ကန်ထည့်လိုက်သည်။

ဆူး...

အနန္တဆေဘာ က

လျင်မြန်စွာပြေးထွက်လာပြီး လေထုအား

ချက်ချင်းဆုတ်ဖြဲပစ်လိုက်သည်။

ယန်ယဲ့ကို တိုက်ခိုက်ရန်ပြင်နေသော

မူလတာအိုသခင်၏အမူအရာက

သိသိသာသာ ပြောင်းလဲသွားကာ

သူ့လုံကို ရှေ့သို့ လျင်မြန်စွာ

ထိုးလိုက်သည်။

ထိုမူလတာအိုသခင်က

ခွန်အားအပြည့်ပါထုတ်ဖော်လိုက်သည်။

ယန်ယဲ့၏သွေးနီရောင်ဆေဘာကို

မခုခံနိုင်ပါ

အသတ်ခံရမည်ကိုသိနေသောကြောင့်ပါ။

သို့သော်လည်း သူ့လုံက ဆေဘာကို

ထိုးချလိုက်သည်နှင့် တပြိုင်နက်

မူလတာအိုသခင်၏မျက်နှာက

စိတ်ပျက်အားငယ်မှုများ

ပြည့်လာခဲ့သည်။

ဘမ်း...

လှုံက ကွဲထွက်သွားပြီး
သွေးနီရောင်အလင်းတန်းများ
ရှေ့သို့တိုးဝင်လာသည်။

ဆူး...

ထိုမူလတာအိုသခင်၏ခန္ဓာကိုယ်ဟာ
ချက်ချင်းပင် နှစ်ခြမ်းကွဲသွားသည်။

"ပိုင်ဇိရှုန် ကို ဖမ်းလိုက်ကြ..." ရှီယွမ်ယင်

က ဒေါသတကြီးအော်ဟစ်လိုက်သည်။

ထို့နောက် အခြား

ဟင်းလင်းပြင်နတ်ဘုရားအဆင့် ၅

ယောက်နှင့်အတူ ပိုင်ဇိရှုန်

ထံခုန်ဝင်လိုက်သည်။

ဟင်းလင်းပြင်နတ်ဘုရားအဆင့် ၆

ယောက်၏အော်ရာများက

ပိုင်ဇီရှန်၏ပတ်ပတ်လည်ကို

ပိတ်လှောင်ထားခဲ့သည်။

ဝမ်အရှူးမလေးက မျက်တောင်ခတ်ပြီး

တိုက်ခိုက်ရန်ပြင်လိုက်၏။ သို့သော်

ယန်ယွဲ့က ပိုင်ဇီရှန် ရှေ့တွင် ရုတ်တရက်

ပေါ်လာခဲ့သည်။

ယန်ယွဲ့ ကိုမြင်သောအခါ ရှီယွမ်ယင်

နှင့်ဘိုးဘေး ၅

ယောက်၏အမူအရာများဟာ
သိသိသာသာပြောင်းလဲသွားသည်။သို့
သော်လည်း နောက်ပြန်ဆုတ်ရန်
မရွေးချယ်ခဲ့ကြပေ။

ဤကဲ့သို့အချိန်မျိုးတွင် မလုပ်နိုင်ကြပါ။

ဤအချိန်တွင် ယန်ယွဲ့သည်
သူ၏ခြေထောက်နှစ်ဖက်ကို
ဖြည်းညှင်းစွာ ကားလိုက်ပြီး

အနန္တဆေဘာ ကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်လိုက်သည်။ ထို့နောက် ရှေ့ကို

ပိုင်းချလိုက်တော့သည်။

ဘမ်း...

ဆေဘာ ပိုင်းချလာသည်နှင့်တပြိုင်နက်

ထွက်ပေါ်လာသော ဖိအားက ရှိယွမ်ယင်

နှင့် ဘိုးဘေး ၅ ယောက်ကို

နောက်ပြန်လွင့်ထွက်သွားစေသည်။

ယန်ယဲ့သည် အနန္တဆေဘာ ကို

လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားလျက်

သူ၏ညာခြေကို တစ်ချက်ပုတ်ကာ

လေထဲသို့ခုန်တက်လိုက်သည်။

တစ်ချိန်တည်းမှာပဲ

ထာဝရအင်မော်တယ်မြို့ပျက်၏အထက်

ကောင်းကင်ယံမှ

ကြောက်မက်ဖွယ်ဖိအားလှိုင်းကြီးတစ်ခု ပေါ်လာသည်။

ဖိအားက သာမန်မဟုတ်ပေ၊ လုံးဝကို ရက်စက်ကြမ်းကြုတ်သည့် အဖျက်စွမ်းအားပါ။

မျိုးနွယ်စု ၆ ခုမှ ပညာရှင်အားလုံး၏ အမူအရာများသည် အလွန်ဆိုးရွားသွားသည် ။

ယန်ယဲ့ ဟာ ထာဝရလျှို့ဝှက်နယ်မြေထဲမှ
ပြန်ထွက်လာပြီးနောက်
လုံးဝကိုကြောက်စရာကောင်းနေခဲ့လေပြီ
။

ဤအခိုက်အတန့်တွင်
အထက်ကောင်းကင်ယံရှိ
တိမ်တိုက်များကြားမှ ၃ ကီလိုမီတာခန့်

ရှည်လျားသော ဆေးဘာစွမ်းအင်

အလင်းတန်းကြီး ဆင်းသက်လာသည်။

ဤအချိန်တွင် လူတိုင်းဟာ

ဘဝတစ်လျှောက်လုံး

အထီးကျန်နေသလိုပင်ခံစားလိုက်ရသည်

။

အထီးကျန်ဘဝ (အထီးကျန်ဆေးဘာ) ...

၃ ကီလိုမီတာရှည်လျားသော

ဆောဘာအလင်းတန်းကြီး

ဆင်းသက်လာသောအခါ

ဤနေရာရှိလူတိုင်း၏

အမှုအရာများသည်

ပြောင်းလဲသွားခဲ့သည်။

ကမ္ဘာကြီးက

နှစ်ခြမ်းကွဲထွက်သွားသည့်အလားထင်ရ

လေသည်။

ရှိုယွမ်ယင်၏အမူအရာကလည်း

သိသိသာသာ ပြောင်းလဲသွားသည်။

ထို့နောက် ဘိုးဘေး ၆

ယောက်ပေါင်းလိုက်ကြသည်။

ဘမ်း...ဘမ်း...ဘမ်း......

အစွမ်းထက်အော်ရာများ နှင့်အတူ

ရောမလက်ကြီး ၅ ဖက်ဟာ

ဆောဘာအလင်းတန်းကို

ရိုက်ချလိုက်သည်။

ဘောင်း...

ရောမလက်ကြီး ၅ ဖက်ဟာ

အပိုင်းပိုင်းပေါက်ကွဲပြီး

သဲလွန်စပင်မကျန်ဘဲပျောက်ကွယ်သွား

၏။ ထို့နောက်တွင်

ဆောဘာအလင်းတန်းဟာ အောက်သို့

တည့်တည့် ဆင်းသက်လာသည်။

ဘိုးဘေး ၆ ယောက်လုံး

ထိတ်လန့်သွားကြသည်။ တစ်ယောက်မှ

ထပ်ပြီးမတိုက်ခိုက်တော့ဘဲ

ချက်ချင်းထွက်ပြေးကြတော့သည်။

ဘိုးဘေး ၆ ယောက်

ပျောက်ကွယ်သွားသည်နှင့်

ဆောဘာအလင်းတန်းက

သူတို့ရပ်နေခဲ့သည့် အောက်မြေပြင်ကို

ထိမှန်သွားသည်။

ဂျုန်း...

ထာဝရအင်မော်တယ်မြို့ပျက်သည်
အလယ်ဗဟိုတည့်တည့်မှ
နှစ်ခြမ်းကွဲထွက်သွားသည်။

ခဏအကြာတွင် ယန်ယဲ့ သည်
ပိုင်ဇီရှန်၏နံဘေးသို့ ဆင်းလာခဲ့သည်။
အထီးကျန်ဆေဘာ
ကိုထုတ်ဖော်လိုက်တာဟာ
သူ၏ချီစွမ်းအင်ကို
ကုန်ဆုံးသွားစေခဲ့သည်။ ဒီအချိန်မှာ

သူ့မျက်နှာက အနည်းငယ်
ဖြူဖျော့သွားခဲ့သည်။

ယန်ယဲ့ သည် အဝေးတွင် ရပ်နေသည့်
ရှီယွမ်ယင် ကို စူးစိုက်ကြည့်လိုက်သည်။
ရှီယွမ်ယင်၏အမူအရာက သိသိသာသာ
ပြောင်းလဲသွားသည်။ သူက ချက်ချင်းပဲ
"ပြန်ဆုတ်ကြမယ်..."

ထိုစကားပြောပြီးတာနဲ့

နောက်ပြန်လှည့်ပြီး

ထွက်ပြေးသွားတော့သည်။

ရှီယွမ်မျိုးနွယ်၏

မူလတာအိုသခင်များဟာ

ဆက်ပြီးမနေရဲတော့

ချက်ချင်းဆိုသလိုပင်

ထွက်ပြေးသွားကြသည်။

လက်ရှိယန်ယဲ့သည်
ဟင်းလင်းပြင်နတ်ဘုရားအဆင့်များပင်
ခုခံနိုင်သည့် တည်ရှိမှုတစ်ခု မဟုတ်ပေ။

ထို့ကြောင့် ထွက်ပြေးဖို့သာ
ပြတ်ပြတ်သားသား ရွေးချယ်ခဲ့ကြသည်။

ရှီယွမ်ယင် တစ်ဦးတည်းမဟုတ်ပါ၊
အခြားဘိုးဘေးများသည်လည်း

ချက်ချင်းထွက်ပြေးရန်
ဆုံးဖြတ်လိုက်ကြသည်။

သို့သော်လည်း ယန်ယဲ့ သည်
ရပ်တန့်မနေခဲ့ပေ။

သူသည် အနန္တဆေဘာ ကိုမြှောက်ပြီး
အနီးဆုံးက မူလတာအိုသခင်ကို
ပစ်ပေါက်လိုက်သည်။

ဆောဘာက လေထုကို

ချက်ချင်းဆုတ်ဖြဲသွားသည်။

ဆူး...

ထိုမှုလတာအိုသခင်၏ခန္ဓာကိုယ်ဟာ

ချက်ချင်း နှစ်ခြမ်းကွဲထွက်သွားသည်။

သို့သော်လည်း ယန်ယဲ့သည်
မရပ်တန့်ခဲ့ပေ။ ခြေတစ်ချက်ဆောင့်၍
နေရာမှာပင်ပျောက်ကွယ်သွားသည်။

ဆူး... ဆူး ...ဆူး...

ထိုခဏလေးမှာပဲ
အထက်ကောင်းကင်ယံကနေ
နာကျင်ဖွယ်အော်ဟစ်သံများ
အဆက်မပြတ်ပဲ့တင်ထပ်လာသည်။

အော်ဟာစ်သံများ နှင့်အတူ

ကောင်းကင်ယံမှ

သွေးမိုးများရွာချလာသည်။

မူလတာအိုသခင် တစ်ဒါဇင်ကျော်၏

ခေါင်းပြတ်များ ဖြစ်သည်။

ဤအချိန်တွင် မျိုးနွယ်စု ၆ ခု၏

မူလတာအိုသခင်များအားလုံး

အသတ်ခံလိုက်ရလေပြီ။

သို့သော်လည်း မျိုးနွယ်စု ၆ ခု၏

ဘိုးဘေးများတော့

လွတ်မြောက်ခဲ့ကြသည်။ ယန်ယွဲ့ သည်

ဆက်ပြီးမလိုက်တော့ပေ။ သူသည်

ဟင်းလင်းပြင်နတ်ဘုရားအဆင့်များကို

လိုက်မှီနိုင်သော်လည်း

မတိုက်ခိုက်တော့ပေ။

ဟင်းလင်းပြင်နတ်ဘုရားအဆင့်များကို

သတ်နိုင်သော်လည်း

သတ်ရတာမလွယ်လို့ပါ။

ဤအခိုက်အတန့်တွင် မြေပြင်သည်

သွေးနီရောင်ပြောင်းသွားခဲ့လေပြီ။

ခဏအကြာတွင်တော့ ယန်ယွဲ့ သည်

ပိုင်ဇိရှန်ရှေ့မှာ ဆင်းသက်လာသည်။

သူ့လက်ထဲမှာကိုင်ထားသော

အနန္တဆေဘာက ယခင်ကထက် ပို၍ပင်

သွေးဆာနေပုံရသည်။ ထို့အပြင်
ပတ်ဝန်းကျင်ရှိ သွေးများဟာ
လေထဲမှာစုလာကာ အနန္တဆောဘာထဲသို့
တိုးဝင်လာသည်။

ဤအချိန်တွင် သူတို့နောက်ကွယ်မှ
အလင်းတံခါးသည် တုန်လှုပ်သွားသည်။
ခဏအကြာမှာပဲ အထဲကနေ နတ်ဆိုးငယ်
လေးတစ်ကောင် ပြေးထွက်လာသည်။

ဝမ်အရှူးမလေးက

မူလနတ်ဆိုးငယ်လေးထံသို့ ပြေးသွားပြီး

သူ့ခေါင်းကို ပုတ်ကာ "အကြီးအကဲ၊

နင်က တိုက်ပွဲပြီးမှရောက်လာတာလား။

ငါတို့ကို တော်တော်အလေးထားတာပဲ"

မူလနတ်ဆိုး က

ဘာပြောရမှန်းမသိသလိုဖြစ်သွားသည်။

ဤအချိန်တွင် ပိုင်ဇိရှန်က တစ်ဖက်ကို လှမ်းကြည့်လိုက်သည်။ ထိုနေရာမှ ပိတ်ချောဝတ်စုံဝတ်အမျိုးသမီးတစ်ဦး ဖြည်းညှင်းစွာ လျှောက်လာနေသည်။

ပိုင်ဇိရှန် က ပိတ်ချောဝတ်စုံဝတ်အမျိုးသမီး ကိုကြည့်ရင်း အနည်းငယ် မျက်မှောင်ကြုတ်သွားသည်။

ထိုအမျိုးသမီးက ဆားတာအိုအုပ်ထိန်းသူ

ကျန်းယွဲ့ဖြစ်နေလို့ပါ။

အခြားတစ်ဖက်တွင် ကျန်းယွဲ့ကတော့

ယန်ယဲ့၏ တိုက်ပွဲတစ်ခုလုံးကို

မြင်တွေ့ပြီးနောက်

အလွန်တုန်လှုပ်သွားခဲ့သည်။

လက်ရှိယန်ယဲ့ ဟာ

ယခင်နှင့်မတူတော့ပေ။

ပိုင်ဇိရှန် က "နင်ကဘယ်သူလဲ"

ကျန်းယွဲ့ က ပိုင်ဇိရှန် ကို
တစ်ချက်ကြည့်လိုက်ပြီး "သူတို့က
သူသတိပြန်လည်လာအောင် ကူညီပေးဖို့
ငါ့ကို တောင်းဆိုတယ်"

အရှူးစိတ်ပျောက်အောင် ကုသမှာလား ။

ပိုင်ဇိရှန်၏အမူအရာက

အနည်းငယ်ပြောင်းသွားပြီး "ဘယ်လို...

နင်ဒီလိုလုပ်လို့ရလား"

ကျန်းယွဲ့က ယန်ယဲ့ကို ငုံ့ကြည့်ပြီး

ခေါင်းညိတ်လိုက်ကာ

"လျို့ဝှက်နည်းလမ်းတစ်ခုသုံးပြီးတော့

သူ့ရဲ့ဓားစိတ်ဆန္ဒကို မူလတာအိုအဆင့်

ရောက်အောင်လုပ်ရမယ်။

မူလတာအိုအဆင့်စားစိတ်ဆန္ဒကိုရတာနဲ့

သူ့ရဲ့အရူးစိတ်ကိုဖိနှိပ်နိုင်လိမ့်မယ်။

အောင်မြင်ရင် သူ့အသိစိတ်တွေ

ပြန်ကောင်းလာလိမ့်မယ်”

ပိုင်ဇီရှန် က ရုတ်တရက်

စကားဖြတ်ပြောလိုက်၏ "ငါငြင်းတယ်"

ကျန်းယွဲ့ က ပိုင်ဇီရှန် ကို

စိုက်ကြည့်နေသည်။ သို့သော်လည်း

ပိုင်ဇီရှန်က သူမကို လစ်လျူရှုကာ

ယန်ယဲ့နှင့်

ဝမ်အရှူးမလေး၏လက်ကိုဆွဲ၍

ထွက်သွားခဲ့သည်။

သို့သော် ကျန်းယွဲ့က သူတို့ရှေ့တွင်

ပေါ်လာသောကြောင့်

နေရာတွင်ရပ်နေလိုက်သည်။

ကျန်းယွဲ့ က ပိုင်ဇိရှန် ကိုကြည့်ကာ

"ဘာလို့လဲ"

ပိုင်ဇိရှန် က ယန်ယွဲ့၏လက်ကို

တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်ထားပြီး

"ဘေးဖယ်လိုက်စမ်း..."

ဓားတာအိုအုပ်ထိန်းသူကျန်းယွဲ့၏မျက်

လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားပြီး လက်ကို

ဓားလက်ကိုင်ရိုးပေါ် တင်လိုက်သည်။

သို့သော်လည်း ယန်ယဲ့သည်

အနန္တဆေဘာ ကို ရုတ်တရက်မြှောက်ပြီး

ကျန်းယွဲ့ အား လှမ်းပိုင်းလိုက်သည်။

ကျန်းယွဲ့၏နောက်ကွယ်မှ

ရောမဓားကြီးတစ်ချောင်း ပျံထွက်လာပြီး

အနန္တဆေဘာကိုတားဆီးလိုက်သည်။

ဘမ်း...

ဆေဘာနှင့် ဓား တိုက်မိပြီး

ပတ်ပတ်လည်ရှိ အာကာသဟာ

ကွဲအက်သွားသည်။

ပိုင်ဇီရှန် က ကျန်းယွဲ့ကို စိုက်ကြည့်ရင်း

နံဘေးရှိ ဝမ်အရှူးမလေးကိုကြည့်ကာ

"ဝမ်လေး၊ သူမ ထပ်တိုက်ခိုက်ရင်

ငါ့ကိုကူညီပြီး သတ်ပစ်လိုက်။

အဆင်ပြေလား"

ဝမ်အရှူးမလေးက မျက်တောင်ခတ်ပြီး
ကျန်းယွဲ့ကို တစ်ချက်ကြည့်ကာ
"ကောင်းပြီ"ဟုခေါင်းညိတ်လိုက်သည်။

ဤအချိန်တွင် ကျန်းယွဲ့က ပိုင်ဇီရှန်ကို
တည့်တည့်ကြည့်ကာ
"ဘာလို့လဲ"ဟုထပ်မေးလိုက်သည်။

ပိုင်ဇီရှန် က သူမ၏မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်ပြီး "ငါလည်း သူ့ကိုထွက်မသွားစေချင်ဘူး၊ သူ့ကို ငါ့အနားကနေ အတင်းအကြပ်ခေါ်ထုတ်သွားဖို့မစဉ်းစားနဲ့"

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၉၇ - Thet လိုက်မယ်

"သူ့မှာ တခြားချစ်ရသူတွေရှိသေးတယ်"

ကျန်းယွဲ့က ဆက်ပြောလိုက်သည်

“သူတို့အကြောင်းစဉ်းစားပြီးပြီလား”

တခြားချစ်ရသူတွေ…

ပိုင်ဇိရှန်၏ခန္ဓာကိုယ်လေးက

တစ်ချက်တုန်ယင်သွားသည်။

ကျန်းယွဲ့က ဓားကို ဖယ်လိုက်ရင်း

"သူဒီလိုပဲအမြဲတမ်းမဖြစ်နိုင်ဘူးဆိုတာ

နင်နားလည်ထားရမယ်။ ဒါဟာ

သူ့အတွက်

ဘယ်တော့မှဖြစ်မှာမဟုတ်ဘူးလေ။

ငါတကယ်ကြောက်တာက အနာဂတ်မှာ

သူ့အသိစိတ်ပြန်ကောင်းလာလို့ ဒီနေ့
နင်ငါ့ကို တားလိုက်တယ်ဆိုတာ သိရင်
ဘာလုပ်မယ်ထင်လဲ"

ပိုင်ဇိရှန်က တိတ်ဆိတ်နေခဲ့သည်။

ဤအချိန်တွင် ယန်ယွဲ့သည်
ကျန်းယွဲ့ရှေ့မှာ ပေါ်လာပြီး
သူ၏အနန္တဆေဘာဖြင့်
ပိုင်းချလိုက်သည်။

ကျန်းယွဲ့က တုန်လှုပ်မသွားဘဲ

သူမ၏ဓားကြီးကို

လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လျက်ရှေ့သို့ပို

င်းချလိုက်သည်။

ဓားနှင့် ဆေဘာက

နောက်တစ်ကြိမ်တိုက်ခိုက်လိုက်သည်။

အုန်း...

အောက်မြေပြင်သည်

ချက်ချင်းပြိုကျလာ၏။

ဤအချိန်တွင် ကျန်းယွဲ့က

သူမ၏လက်တစ်ဖက်ကိုပြန်ရုတ်လိုက်သ

ည်။ ထို့နောက်

အနည်းငယ်ခါယမ်းလိုက်ရာ

ဓားစွမ်းအင်တစ်စင်းထွက်လာပြီး

ယန်ယဲ့၏ရင်ဘတ်ဆီသို့တိုးဝင်သွားသ

ည်။

ဓားစွမ်းအင်က လျှပ်စီးကြောင်းကဲ့သို့

လျင်မြန်သည်။

ဤအခိုက်အတန့်တွင်

ကျန်းယွဲ့၏အမူအရာက

အနည်းငယ်ပြောင်းလဲသွားသည်။

သူမ၏ညာဖက်ခြေထောက်ကို
မြေပြင်ပေါ်တစ်ချက်ပုတ်လိုက်သည်။

ဆူး…

မီတာ ၁၀၀ ကျော်အကွာ၌
ပုံရိပ်တစ်ခုပေါ်လာသည်။

ကျန်းယွဲ့ပင်ဖြစ်သည်။

သူမ၏ဗိုက်ကို ငုံ့ကြည့်လိုက်ရာ
အနည်းငယ်နက်သော
ဒဏ်ရာတစ်ချက်ကိုမြင်လိုက်သည်။
အခြားတစ်ဖက်တွင်လည်း
ယန်ယဲ့၏ရင်ဘတ်ပေါ်မှာ
အပေါက်တစ်ပေါက်ရှိနေသည်။

ကျန်းယွဲ့၏ ဓားစွမ်းအင်က
သူ့ခန္ဓာကိုယ်ကို အလွယ်တကူ
ထိုးဖောက်သွားခဲ့သည်။

ကျန်းယွဲ့က ယန်ယဲ့ကိုမော့ကြည့်လိုက်ပြီး

"နင်က

ထာဝရလျှို့ဝှက်နယ်မြေမှာတော်တော်

လေး ကံကောင်းတဲ့ တွေ့ဆုံမှုတွေ ရခဲ့ပုံပဲ"

ယန်ယဲ့ က ထပ်ပြီးတိုက်ခိုက်ခါနီးတွင်

ပိုင်ဇီရှန် က ဝင်တားလိုက်သည်

"လုံလောက်ပြီ"

ယန်ယဲ့က ရပ်တန့်ပြီးနောက် ပိုင်ဇီရှန်ကိုစိုက်ကြည့်နေ၏။ သူမက သူ့ကို စိုက်ကြည့်ရင်း ပြုံးပြီး "ငါက လောဘကြီးလွန်းတယ်။ သူမ ပြောတာမှန်တယ်၊ နင်ဒီလိုနေလို့မရဘူး။ နင့်မှာ မတွေ့ရသေးတဲ့ အလုပ်စရာတွေ အများကြီးရှိသေးတယ်"

ထို့နောက် ကျန်းယွဲ့ ကိုစိုက်ကြည့်ကာ "စောစောက ဖြစ်ခဲ့တာတွေအတွက် တောင်းပန်ပါတယ်"

ကျန်းယွဲ့က သူမ၏ခေါင်းကိုဖယ်လိုက်ပြီး ယန်ယဲ့ဆီသို့ လျှောက်သွားလိုက်သည်။ ထို့နောက် ယန်ယဲ့ကို ခဏကြာစိုက်ကြည့်ကာ "သူ့ရဲ့ အရှုးစိတ်ကို ယာယီဖိနှိပ်ထားတာပဲ။ ဒါဟာ ငါတို့အတွက် ကောင်းပါတယ်။

ဒါပေမဲ့ ပူးပေါင်းမှုပဲအဆင်ပြေလိမ့်မယ်။

ဒီလိုဆို သူ့ရဲ့ဓားစိတ်ဆန္ဒက

မူလတာအဆင့်ကို ရောက်နိုင်မှာပါ။

ဒါမှပဲ အသိစိတ်ပြန်လည်ပြီးတော့

အရှူးစိတ်ကိုဖိနှိပ်ထားနိုင်မှာ"

ပိုင်ဇိရှန် က ခေါင်းညိတ်လိုက်ပြီး

ယန်ယဲ့ကိုစိုက်ကြည့်လိုက်၏။

သူမ၏လက်ကိုဆန့်ပြီး

ယန်ယဲ့၏မျက်နှာကို

ခဏကြာအောင်ပွတ်သပ်လိုက်သည်။
ဒီအချိန်မှာ သူမ၏မျက်နှာလှလှလေးက
ပြုံးတော့မည့်မိုးကဲ့သို့ ဖြစ်နေပါသည်။

အတိတ်မှ မြင်ကွင်းတွေဟာ
ပိုင်ဇိရှန်၏စိတ်ထဲတွင် အဆက်မပြတ်
ပေါ်လာခဲ့သည်။

အချိန်တော်တော်ကြာမှ မချိပြုံးပြုံးကာ

အားတင်းပြီးပြောလိုက်ပါသည်

“စလိုက်ကြရအောင်”

ကျန်းယွဲ့က ခေါင်းညိတ်ပြပြီး

ယန်ယွဲ့ဆီသို့

လျှောက်လာသည်။ ထို့နောက်

သူမ၏ညာလက်ကို ဆန့်ပြီး

ယန်ယွဲ့၏နဖူးပေါ်တင်လိုက်သည်။

ဘမ်း...

ပြင်းထန်သော ဓားကြိုးတစ်ချောင်းက ယန်ယဲ့၏နဖူးထဲသို့ ဝင်ရောက်သွားသည်။

သိပ်မကြာလိုက်ပေ၊ ယန်ယဲ့ထံမှ ကြောက်မက်ဖွယ် အရှိုးဆန္ဒ ထွက်ပေါ်လာသည်။ ပေါ်လာသည်နှင့်

ကျန်းယွဲ့၏ခါးစိတ်ဆန္ဒဟာ

တားဆီးခံလိုက်ရသည်။

ကျန်းယွဲ့ က ပိုင်ဇီရှန် ကိုစိုက်ကြည့်ပြီး

"သူ့ရဲ့ခါးစိတ်ဆန္ဒကို

ထုတ်ဖော်ဖို့ပြောပါ"

ပိုင်ဇီရှန် က ခေါင်းညိတ်ပြပြီး ယန်ယဲ့ကို

စိုက်ကြည့်ရင်း "ခါးစိတ်ဆန္ဒ၊

နင့်ရဲ့ခါးစိတ်ဆန္ဒကို ထုတ်ဖော်လိုက်"

သိပ်မကြာလိုက်ပါ၊

ယန်ယဲ့၏ခန္ဓာကိုယ်ဟာ ရုတ်တရက်

ပြင်းထန်စွာ တုန်ခါသွားပြီး

အရှူးဆန္ဒကြောင့် ဖိနှိပ်ခံထားရသော

ဖန်ဆင်းရှင်အဆင့်

ဓားစိတ်ဆန္ဒထွက်ပေါ်လာတော့သည်။

ဓားစိတ်ဆန္ဒ ထွက်ပေါ်လာသည်နှင့်

အရှူးဆန္ဒ ဟာ ချက်ချင်း

တုန်လှုပ်သွားသည်။

ဘမ်း...

ကြောက်မက်ဖွယ်
အရှုးဆန္ဒဖိအားလှိုင်းက ကျန်းယွဲ့ကို
ရိုက်ခတ်သွားသည်။

အရှုးဆန္ဒက ကျန်းယွဲ့ကို
သတ်ပစ်ချင်နေတာပါ။

ကျန်းယွဲ့က အနည်းငယ်

မျက်မှောင်ကြုတ်ပြီး

သူမ၏လက်ချောင်းကို

အသာအယာပုတ်လိုက်ရာ

ဓားစွမ်းအင်များ လင်းလက်လာသည်။

ဆူး...

အရှူးဆန္ဒ က ချက်ချင်း

ပွင့်ထွက်သွားသည်။

၎င်းသည် မူလတာအိုအဆင့် စိတ်ဆန္ဒ ဖြစ်သော်လည်း ယန်ယဲ့မပါပါက ဘာမှမဟုတ်ပေ။ လက်ရှိမှာတော့ ယန်ယဲ့နှင့် ကျန်းယွဲ့တို့နှစ်ယောက်ပေါင်းပြီး အရှူးဆန္ဒကိုဖိနှိပ်ထားသည်ဟု ပြောရပေမည်။

အရှုးဆန္ဒကို ဖိနှိပ်လိုက်သောအခါ

ယန်ယွဲ့၏ခန္ဓာကိုယ်ထဲမှ ပြင်းထန်သော

ဓားစိတ်ဆန္ဒထွက်ပေါ်လာခဲ့သည်။

သို့သော်လည်း အနန္တဆဲဘာ က

ရုတ်တရက် ပြင်းထန်စွာ

တုန်ခါသွားသည်။ ထို့နောက်

မရေမတွက်နိုင်သော

သေလွန်သူဝိညာဉ်များဟာ

ယန်ယွဲ့ထံသို့တိုးဝင်လာကြသည်။

ကျန်းယွဲ့၏ မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားပြီး

ဓားတစ်ချက်ယမ်းလိုက်သည်။

သေလွန်သူဝိညာဉ်များ

ပြန့်ကျဲသွားသော်လည်း ယာယီသာ။

ထို့အပြင် ယန်ယွဲ့၏ခန္ဓာကိုယ်ဟာ ပို၍ပင်

တုန်လှုပ်လာသည်။

ကျန်းယွဲ့က မျက်မှောင်ကြုတ်ပြီး ပိုင်ဇိရှန် ကို စိုက်ကြည့်ရင်း “နင်သူတို့နဲ့ ခဏလောက်အချိန်ဆွဲထားပေး”

ပိုင်ဇိရှန် က ခေါင်းညိတ်လိုက်ပြီး သေလွန်သူဝိညာဉ်များကို တားဆီးလိုက်သည်။

ဘမ်း...

သို့သော် ချက်ချင်း

နောက်ပြန်ဆုတ်လိုက်ရသည်။

ဤအချိန်တွင် ယန်ယဲ့က

သူ့ညာလက်ကိုဝှေ့ယမ်းလိုက်သည်။

သေလွန်သူဝိညာဉ်များဟာ

သူ့လက်ဝါးအလယ်မှာ ပေါ်လာသည်။

ထို့နောက် သူ၏လက်သီးကို

တင်းတင်းဆုပ်ကာ ထိုးလိုက်လေသည်။

ဘမ်း...

မရေမတွက်နိုင်သော

သေလွန်သူဝိညာဉ်များ ပြန့်ကျဲသွားကာ

ဝမ်းနည်းသံများ အဆက်မပြတ်

ထွက်ပေါ်လာသည်။

ဤအချိန်တွင် သေလွန်သူဝိညာဉ်များဟာ

ယန်ယွဲ့၏ခန္ဓာကိုယ်ထဲသို့ မဝင်တော့ဘဲ

အနီးအနားမှာသာလွင့်မျောနေခဲ့သည်။

ဤအခိုက်အတန့်တွင် ဘယ်သူက
သခင်အစစ်ဖြစ်သည်ကို
သူတို့နားလည်သွားပုံရသည်။

သေလွန်သူဝိညာဉ်များ မရှိသဖြင့်
အရူးဆန္ဒဟာ ချက်ချင်းပင်
တုန်လှုပ်သွားခဲ့သည်။

သို့သော် ၎င်းက ကျန်းယွဲ့ကို
ဆက်ပြီးတိုက်ခိုက်ခြင်းမပြုတော့ပေ၊
ယန်ယွဲ့၏ခန္ဓာကိုယ်ထဲကို
ပြန်ဝင်လာသည်။

တစ်ချိန်တည်းမှာပဲ
ယန်ယွဲ့၏ဓားစိတ်ဆန္ဒဟာ
ပိုအားကောင်းသည်ထက်
အားကောင်းလာသည်။

အခြေအနေက ရလာဒ်ကောင်းနေသည်။
သို့သော်လည်း ကျန်းယွဲ့၏မျက်နှာသည်
တဖြည်းဖြည်း ပြောင်းလဲသွားသည်။
အရှူးဆန္ဒ က
စပြီးကြမ်းတမ်းလာကြောင်းအာရုံခံမိလို
က်လို့ပါ။

ယန်ယဲ့က အရှူးဆန္ဒကို အပြည့်အဝ
ဖိနှိပ်မထားနိုင်ခဲ့ပေ။ နောက်ဆုံးတွင်
သူ၏အသိစိတ်က

ရှင်းရှင်းလင်းလင်းမရှိသေးဘူးမဟုတ်ပါလား။

ယန်ယဲ့၏မျက်နှာက
နာကျင်မှုအပြည့်ဖြင့်
မျက်မှောင်ကြုတ်လိုက်သည်။

ပိုင်ဇီရှန် က ဤမြင်ကွင်းကြောင့်
ထိတ်လန့်သွားသည်။ ဤအချိန်တွင်

အရှုးဆန္ဒက အလိုအလျောက်

လောင်ကျွမ်းလာသည်။

ပိုင်ဇိရှုန်က ထိတ်လန့်သွားပြီး

အော်ဟစ်လိုက်သည် "ရပ်လိုက်တော့"

သူမ၏အသံက ငိုသံပါနေသည်။

ကျန်းယွဲ့၏အမူအရာကလည်း

အနည်းငယ်ပြောင်းလဲသွားသည်။

အရှုးဆန္ဒက

အလိုအလျောက်လောင်ကျွမ်းပစ်မည်ဟု

မမျှော်လင့်ထားပေ။

သူ့အလိုလို လောင်ကျွမ်းသွားခဲ့လျှင်

ယန်ယဲ့ဟာ တန်ကြေးကြီးကြီးမားမား

ပေးရမည်ဖြစ်သည်။ သေချာပါသည်၊

အရှုံးဆန္ဒက ယန်ယဲ့ကိုပါ

တစ်ခါတည်းဆွဲချချင်နေသည်။

ခဏတိတ်ဆိတ်သွားပြီးနောက်

ကျန်းယွဲ့က ဆက်မလုပ်တော့ဘဲ

ရပ်ရန်ပြင်လိုက်သည်။

သို့သော် သူမ၏လက်က ရုတ်တရက်

တုန်ခါသွားပြီး ယန်ယွဲ့ကို

စူးစူးစိုက်စိုက်ကြည့်နေသည်။ ဒီအချိန်မှာ

ကျန်းယွဲ့၏မျက်လုံးများက

အံ့အားသင့်သွားကာ "ဘာလဲ.."

ဘမ်း...

ယန်ယဲ့ ထံမှ

သွေးနီရောင်အလင်းတန်းတစ်ခု

ထွက်ပေါ်လာသည်။

ဖန်ဆင်းရှင်အထွတ်အထိပ်အဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ပင်။

ထို့နောက်တွင် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

နှင့် စားစိတ်ဆန္ဒဟာ

စိတ်ဆန္ဒတစ်ခုတည်းအဖြစ်ပေါင်းစပ်

သွားသည်။ တစ်ချိန်တည်းမှာပဲ

အရှူးဆန္ဒကိုဖိနှိပ်ပစ်လိုက်သည်။

ဤမြင်ကွင်းကြောင့် ပိုင်ဇီရှန်နှင့် ကျန်းယွဲ့

တို့နှစ်ယောက်စလုံးဟာ

အံ့အားသင့်နေကြသည်။

ဤအချိန်တွင် ယန်ယဲ့၏ခန္ဓာကိုယ်သည် တဖြည်းဖြည်း တုန်ရီလာသည် ။

ကျန်းယွဲ့က သူ့လက်ကို ဆုတ်လိုက်ပြီး ယန်ယဲ့အား စိုက်ကြည့်နေသည်။

ပိုင်ဇိရှန် လည်း ယန်ယဲ့ကို စူးစိုက်ကြည့်နေသည်။ သို့သော် သူမ၏နှလုံးသားက

တစ်စုံတစ်ခုပျောက်ဆုံးသွားသလိုခံစား

နေရသည်။

ယန်ယဲ့ သည် မျက်လုံးများကို

တင်းတင်းမှိတ်ထားဆဲပါ။ ထိုကဲ့သို့ပင်

အချိန်အတော်ကြာမှသာ

သူ၏ခန္ဓာကိုယ်က လုံးလုံး

ငြိမ်သက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒနှင့်

ခါးစိတ်ဆန္ဒဟာ သူ့ခန္ဓာကိုယ်ထဲသို့
ပြန်ဝင်လာသည်။

ပိုင်ဇီရှန် ဟာ လက်သီးများကို
ခပ်တင်းတင်းဆုပ်ထားသည်။
ယန်ယွဲ့၏အသိစိတ်ကို
ပြန်ကောင်းလာစေချင်သော်လည်း
သူမ၏မျက်နှာလေးက
ညှိုးနွမ်းနေသည်။ နောက်ဆုံးတွင် ယန်ယွဲ့

သတိမလစ်ခင်က သူတို့နှစ်ယောက်ဟာ

ရန်သူများမဟုတ်ပါလား။

ခဏအကြာမှာတော့ ယန်ယဲ့သည်

မျက်လုံးရှုတ်တရက်ပွင့်လာသည်။

ပိုင်ဇီရှန် က သူ့မျက်နှာကို

တည့်တည့်စိုက်ကြည့်နေသည်။

ဒီအချိန်မှာ သူမ၏နှလုံးသားက

တဆတ်ဆတ်တုန်ခါနေသည်။

ဤအချိန်တွင် ယန်ယဲ့သည်
မျက်လုံးများကိုမှိတ်ထားကာ
ခဏမျှငြိမ်သက်သွားပြီး နောက်လှည့်ကာ
ထွက်ခွာသွားခဲ့သည်။

ပိုင်ဇိရှန် က လှမ်းခေါ်လိုက်၏ "ယန်ယဲ့..."

ယန်ယဲ့က ခဏရပ်လိုက်ပြီး “သူမ
သေသွားပြီ။ ဒီလိုအချိန်မျိုးမှာ

ခင်မင်ရင်းနှီးမှုမျိုး မရနိုင်တဲ့အတွက်

တောင်းပန်ပါတယ်။ ငါ့ကိုအချိန်ပေးပါ"

ထိုစကားပြောပြီးနောက်

အလင်းတန်းအသွင်ပြောင်းလဲကာ

ကောင်းကင်ထက်သို့ပျောက်ကွယ်သွား

သည်။

ပိုင်ဇိရှန်က ရုတ်တရက်

ရယ်မောလိုက်ပါတော့သည်။

စိတ်ပျက်အားငယ်စွာရယ်မောခြင်းမဟု

တ်ဘဲ နှလုံးသားထဲက ပျော်ရွှင်မှုပါ။

ကျန်းယွဲ့ က ပိုင်ဇီရှန် ကိုစိုက်ကြည့်ရင်း

အတော်လေး စိတ်ရှုပ်သွားသလို

ခံစားလိုက်ရသည်။

ပိုင်ဇီရှန် က ကောင်းကင်ကို

မော့ကြည့်လိုက်ပြီး “ဒါပဲလေ...

ငါကြိုက်တဲ့ ယောက်ျားတစ်ယောက်က

ဒီလိုပဲဖြစ်သင့်တယ်…”

ဤအချိန်တွင် ကျန်းယွဲ့က အနည်းငယ်

နားလည်သွားပုံရသည်။

အမျိုးသား (ယောက်ျား) တစ်ယောက်ဟာ

အခြားမိန်းမတစ်ယောက်ကို

နှလုံးသားမဲ့နိုင်ပါက

တစ်စုံတစ်ယောက်ကိုလည်း

နှလုံးသားမဲ့နိုင်ချေများပါသည်။

ကျန်းယွဲ့က ပိုင်ဇိရှန်ကို

တစ်ချက်ကြည့်လိုက်ပြီး "ငါ့နဲ့အတူ

ထားအပျက်အစီးနယ်မြေကို လိုက်လာပါ"

ပိုင်ဇိရှန် က "ဘာဖြစ်လို့လဲ"

ကျန်းယွဲ့က “အင်မော်တယ်အိမ်တော် က ယန်ယွဲ့အပြင်
နင့်ကိုပါတိုက်ခိုက်လာနိုင်တယ်” ဟု တိုးညှင်းစွာ ပြန်ပြောသည်။

ပိုင်ဇိရှန် ဟာ ခဏမျှ တုံ့ဆိုင်းသွားပြီး ခေါင်းညိတ်လိုက်သည်။

ထို့နောက်တွင်တော့ သူတို့အဖွဲ့ဟာ
ဓားအပျက်အစီးနယ်မြေသို့
ထွက်သွားကြတော့သည်။

အထဲကို ဝင်လာချိန်တွင် နှင်းပွင့်လေးက
ကျန်းယွဲ့ရှေ့မှာ ပေါ်လာခဲ့သည်။
သူမနောက်တွင်တော့ စုချင်းရှီနှင့်
အခြားသူများရပ်နေကြသည်။

နှင်းပွင့်လေးကို မြင်သည်နှင့် တပြိုင်နက်

ဝမ်အရှူးမလေး၏ မျက်လုံးများ

တောက်ပလာသည်။ ထို့နောက်

စူးစမ်းချင်စိတ်အပြည့်ဖြင့်

ရှေ့တိုးလာကာ နှင်းပွင့်လေးကို

လှည့်ပတ်ကြည့်နေလေသည်။

ဤအချိန်တွင် မူလနတ်ဆိုးကလည်း

နှင်းပွင့်လေး ဆီသို့ ဖြည်းညှင်းစွာ

လျှောက်လာခဲ့သည်။

သို့သော်လည်း နှင်းပွင့်က
နှစ်ယောက်စလုံးကို လစ်လျူရှုကာ
ကျန်းယွဲ့ထံပြေးလာပြီး
သူမ၏လက်သည်းများကို
စတင်ဝှေ့ယမ်းလိုက်သည်။

ကျန်းယွဲ့က နှင်းပွင့်ကို
တစ်ချက်ကြည့်လိုက်ပြီး
"သူပြန်ကောင်းသွားပြီ"
ဟုပြောလိုက်သည်။

နှင်းပွင့်၏မျက်လုံးလေးများက

တောက်ပလာပြီး ကျန်းယွဲ့ကို ပွေ့ဖက်ကာ

နမ်းလိုက်သည်။

ကျန်းယွဲ့က

ဘာလုပ်ရမှန်းပင်မသိတော့ပေ။

ဤအတောအတွင်း နှင်းပွင့်လေးက

သူမ၏ခါးမှာချိတ်ဆွဲထားသော

ဓားဘူးသီးကို ပုတ်လိုက်သည်။ ထို့နောက်
ဓားစွမ်းအင်တစ်စင်းအဖြစ်
ပြောင်းလဲကာ ကောင်းကင်ထက်သို့
ထိုးတက်သွားခဲ့သည်။

ဓားစာလိပ် ကလည်း နှင်းပွင့်၏နောက်ကို
ကမန်းကတန်းလိုက်ပါသွားခဲ့သည်။
ဤအချိန်တွင် ဝမ်အရှူးမလေး နှင့်
မူလနတ်ဆိုးတို့လည်း
နောက်ကနေပြေးလိုက်ကြသည်။

ဇိအာ က ထိုနှစ်ယောက်ကို

တားရန်ပြင်လိုက်၏။ သို့သော်လည်း

ကျန်းယွဲ့ က ပြောလိုက်သည်

“စိုးရိမ်နေစရာ မလိုပါဘူး။

အဲဒီကလေးမလေးနဲ့ နွားနတ်ဆိုးလေးက

သူမနဲ့အတူရှိနေရင်

မူလကမ္ဘာအဆင့်တောင်မှ

ဘာမှမလုပ်နိုင်ဘူး”

ဇိအာ က ခဏဆိုင်းသွားပြီး

ခေါင်းညိတ်လိုက်သည်။

...

ရှီယွမ်မျိုးနွယ်စု၊ မူလမြို့တော် ...။

ဤအခိုက်အတန့်တွင် မူလမြို့တော်နှင့်

ခပ်လှမ်းလှမ်း၌

သွေးဆေဘာကြီးတစ်ချောင်းကိုင်ထား

သော လူငယ်တစ်ဦး

ရုတ်တရက်ပေါ်လာခဲ့သည်။

လူငယ်၏မျက်နှာက

ခံစားချက်ကင်းမဲ့စွာဖြင့် မြို့ဆီသို့

ဖြည်းညှင်းစွာ လျှောက်လာနေခဲ့သည်။

ဤအချိန်တွင် မူလမြို့တော်၏

မြို့တံတိုင်းထက်၌

ပုံရိပ်တစ်ခုပေါ်လာသည်။ ၎င်းက ရှီယွမ်မျိုးနွယ်၏ဘိုးဘေး ရှီယွမ်ယင် ။

သူက ယန်ယဲ့ကို စိုက်ကြည့်ကာ "ယန်ယဲ့၊ မင်း..."

ယန်ယဲ့က သူ၏သွေးဆောဘာကို ဆုပ်ကိုင်ထားရင်း ရှီယွမ်ယင်ကို မော့ကြည့်ကာ

"မင်းပါးစပ်ကိုပိတ်ထားလိုက်တာ ကောင်းမယ်ထင်တယ်။ ဒီနေ့ ဘာစကားမှပြောဖြစ်မယ်မထင်ဘူး။ ဒီမြို့ကလူတိုင်းကို တစ်ယောက်မှမကျန်အောင် သတ်ပစ်ဖို့ ငါရောက်လာတာ"

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၉၈ - သုံးအထိပဲ ရေတွက်မယ်

ရှီယွမ်ယင်၏မျက်လုံးများသည်

အနည်းငယ်ကျဉ်းမြောင်းသွားသည်။

သူ၏မျက်လုံးထဲကနေ

လူသတ်လိုစိတ်များ တောက်ပလာသည်။

ယန်ယဲ့၏ပြောစကားအရ

ဆွေးနွေးနေစရာမလိုတော့ပေ။

ဂျုန်း...

ဤအချိန်မှာပဲ မူလမြို့တော်တစ်ခုလုံး၏

အောက်မြေပြင်သည် တုန်ခါလာသည်။

ယန်ယဲ့၏ခြေထောက်အောက်မှ

မြေပြင်သည် တစ်လက်မချင်းစီ

အက်ကွဲလာသည်။ တစ်ချိန်တည်းမှာပင်

မြို့အထက်လေထဲ၌

မှိန်ဖျော့ဖျော့အလင်းလွှာတစ်ခုပေါ်လာ

သည်။

ထို့နောက်တွင် အာကာသထဲမှ

ရောမအလင်းတန်းကြီးတစ်ခုပေါ်လာသ

ည်။

ရောမကြယ်စင်စုကြီး ပေါ်လာပြီးနောက်

မရေမတွက်နိုင်သောကြယ်တာရာစွမ်းအ

င်များ ဖြာထွက်လာကာ

မြို့အထက်လေထုထဲရှိ အလင်းလွှာထဲသို့

တိုးဝင်လာသည်။

ဂျိန်း...

အလင်းလွှာမှ အဆုံးမရှိသော

ဖိအားလှိုင်းကြီးသည် ထွက်လာသည် ။

ကြယ်တာရာစွမ်းအင်များ အဆက်မပြတ်

တိုးဝင်လာသည်နှင့်အမျှ ဖိအားလှိုင်းဟာ

ယခင်ထက်

ပိုပိုပြီးအားကောင်းလာပါတော့သည်။

ဤအချိန်တွင်

ယန်ယဲ့၏ခြေထောက်အောက်ရှိ

မြေပြင်သည် အက်ကွဲသွားပြီး

မရေမတွက်နိုင်သော ချော်ရည်များ

လေထဲသို့ လွင့်တက်လာသည်။

ခဏအကြာတွင် ယန်ယဲ့ဟာ
ချော်ရည်ပင်လယ်အတွင်း
ဖုံးလွှမ်းသွားခဲ့သည်။

ဘုန်း...ဘုန်း...

မြေပြင်မှ အဝါရောင်မြေစွမ်းအင်များ
အဆက်မပြတ်ထွက်ပေါ်လာပြီး
ချော်ရည်ပင်လယ်ထဲသို့
တိုးဝင်သွားသည်။

တစ်ချိန်တည်းမှာပင် မြို့ထဲကနေ

အလင်းတိုင်လုံးများ ထွက်လာပြီး

ကောင်းကင်ပေါ်ထိုးတက်သွားသည်။

ထို့နောက်တွင်တော့ မြို့အထက်

ကောင်းကင်ယံ၌

အလင်းတန်းကြီးတစ်ခုပေါ်လာခဲ့သည်။

သိပ်သည်းသော

ဆန်းကြယ်ချီစွမ်းအင်များဟာ

အလင်းတန်းကြီးထဲသို့ စီးဝင်လာသည်။

ထိုစွမ်းအင်များဟာ ရှီယွမ်မျိုးနွယ်၏

ပညာရှင်များထံမှ ထွက်ပေါ်လာခြင်းပင်။

တစ်နည်းအားဖြင့်

ရှီယွမ်မျိုးနွယ်စုတစ်ခုလုံး ဤတိုက်ပွဲမှာ

ပါဝင်ခဲ့တာဖြစ်သည်။

ရှီယွမ်က ယန်ယဲ့၏ခွန်အားကို

မြင်တွေ့ပြီးနောက် အနည်းငယ်ပင်

မပေါ့ဆရဲတော့ပေ။

ထို့ကြောင့် ယန်ယဲ့ ရောက်လာသည်နှင့်

မူလမြို့တော်၏တိုက်ခိုက်ရေးအစီအရင်

အပြင် ရှီယွမ်မျိုးနွယ်၏

အပြင်းထန်ဆုံးဝှက်ဖဲ

စွမ်းအင်ပေါင်းစည်းခြင်းအစီအရင်ကိုပါ

ချက်ချင်းထုတ်ဖော်လိုက်သည်။

ရှီယွမ်ယင် က ထွက်ပြေးလာပြီးနောက်

မူလမြို့တော် ကို ပြန်ရောက်သည်နှင့်

ယန်ယဲ့ ရောက်လာမည်ကို

ကောင်းကောင်းသိနေခဲ့သည်။ သူက

ရှီယွမ်မျိုးနွယ်စုတစ်ခုလုံးကို

ဆင့်ခေါ်လိုက်ပြီး

အသင့်ပြင်ဆင်ထားခဲ့တာပါ။

"ရှီယွမ်မျိုးနွယ်၏

အပြင်းထန်ဆုံးဂုက်ဖဲဖြစ်သည့်

စွမ်းအင်ပေါင်းစည်းခြင်းအစီအရင်... "

၎င်းသည် ကောင်းကင်၊ မြေကြီးနှင့်

လူသားတို့ ကိုပေါင်းစပ်ထားသည်။

ကောင်းကင်သည် သဘာဝအတိုင်း

ကြယ်တာရာစွမ်းအင်ကို ရည်ညွှန်းသည်၊

မြေကြီးသည်

သဘာဝမြေစွမ်းအင်ဖြစ်သည်၊

လူသားဟူသည်ကား

လူသားကျင့်ကြံသူများ၏

ဆန်းကြယ်ချီစွမ်းအင်ဖြစ်သည်။

ရှိယွမ်ကလန်တွင်

ထိုအစီအရင်ရှိနေသောကြောင့်

ထာဝရနယ်စပ်ရှိ အင်အားစုအသီးသီးက

အလွယ်တကူရန်မစရဲခြင်းပါ။

ထိုစွမ်းအင်ပေါင်းစည်းခြင်းအစီအရင်

ဟာ

အလွန်ကြောက်စရာကောင်းလှသည်။

မူလကမ္ဘာအဆင့်

ပညာရှင်တစ်ဦးပင်လျှင် လွတ်မြောက်ရန်

ခက်ခဲသော အစီအရင်ဖြစ်သည်။

ရှီယွမ်ယင် သည် မြို့ရိုးအထက်၌

ရပ်နေလျက် ယန်ယွဲ့ကိုစိုက်ကြည့်ကာ

"မင်းမသတ်ချင်ဘူးလား။ လာ...၊

မင်းဘယ်လိုလုပ်ရမလဲရအောင်"

ထိုစကားပြောပြီးသည်နှင့်

သူ့ညာလက်ကို ညင်သာစွာ

ဝှေ့ယမ်းယမ်းလိုက်သည်။

မြို့အထက်ရှိ အလင်းတန်းကြီးဟာ

ရုတ်တရက် ပြင်းထန်စွာ

တုန်ခါသွားသည်။

ထို့နောက် မီတာ ၃၀၀ ရှည်လျားသော

အလင်းတန်းတစ်ခုဟာ ယန်ယွဲ့ထံသို့

ထိုးဆင်းလာသည်။

သယ်ဆောင်လာသောဖိအားကြောင့်

ယန်ယွဲ့၏ပတ်ဝန်းကျင်အာကာသဟာ

တဖြည်းဖြည်းပြောင်းလဲလာခဲ့သည်။

မြို့ပြင် ...။

ယန်ယွဲ့၏မျက်နှာက

နဂိုအတိုင်းတည်ငြိမ်နေဆဲ။ ဒီအချိန်မှာ

သူ့လက်နှစ်ဖက်မှဝတ်ရုံများ

ကွဲထွက်သွားကာ

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်လှိုင်းများ တိုးဝင်လာသည်။

မူလခရမ်းရောင်စွမ်းအင် မဟုတ်ဘဲ

မူလဆန်းကြယ်စွမ်းအင် ။

ယန်ယဲ့၏လက်နှစ်ဖက်လုံးကနေ

ကြောက်မက်ဖွယ်စွမ်းအားများ

ပေါက်ကွဲထွက်လာသည်။

ဆူး...

ဤအချိန်တွင် ကောင်းကင်ယံမှ

ဆင်းသက်လာသော

အလင်းတန်းကြီးဟာ

ယန်ယဲ့၏အထက်သို့ ရောက်ရှိလာသည်။

သူ့ထံမှ

သွေးရောင်တလက်လက်တောက်ပနေ

သော ဆေဘာစွမ်းအင်တစ်စင်း
ထွက်လာပြီး ဧရာမအလင်းတန်းကြီးကို
ထိမှန်သွားသည်။
သွေးဆေဘာအလင်းတန်းက မီတာ ၃၀၀
ရှည်လျားသော အလင်းတန်းကြီးအား
ချက်ချင်း ခွဲထုတ်ပစ်လိုက်သည်။

ဘောင်း...

မူလမြို့တော်၏ မြို့နံရံများတစ်လျှောက် ဝုန်းခနဲပြိုကျလာသည်။

ဤအချိန်မှာ ယန်ယဲ့၏ ပတ်ဝန်းကျင်ရှိ ချော်ရည်ပူများနှင့် မီးတောက်များဟာ သူ့အထက်သို့ ကျဆင်းလာ သည်။

ဘမ်း...ဘမ်း...

ယန်ယဲ့ ထံမှ

မတူညီသောစိတ်ဆန္ဒနှစ်ခုအား

ပေါက်ကွဲထွက်လာသည်။

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့် ဓားစိတ်ဆန္ဒ

။ ယန်ယဲ့သည် သူ၏လက်ဝါးနှစ်ဖက်ကို

ပူးကပ်ပြီး ရှေ့သို့တွန်းထုတ်လိုက်သည်။

ဘုန်း…

ပေါက်ကွဲသံများ

အဆက်မပြတ်ထွက်ပေါ်လာသည်။

ယန်ယွဲ့၏ပတ်ဝန်းကျင်ရှိ

ချော်ရည်ပူများနှင့် မီးတောက်များဟာ

ကွဲထွက်သွားသည်။

ဤမြင်ကွင်းအား မြင်သောအခါ

ရှီယွမ်ယင်၏ အမူအရာက

ပြောင်းလဲသွားသည်။

"တောက်.....၊

ဒီအရူးကဘယ်လောက်သန်မာနေတာလဲ..
."

ဤအချိန်တွင် ယန်ယဲ့ သည်
သူ၏သွေးဆောဘာကို မြှောက်ပြီး
မြေပြင်ပေါ်သို့
ထိုးစိုက်ချလိုက်လေသည်။

ဂျုန်း....

မြေပြင်သည် ချက်ချင်းပင်
အလွှာလိုက်ပြိုကျသွား၏။
သိပ်မကြာလိုက်ဘဲ
ယန်ယဲ့ကိုဗဟိုပြုလျက်
ရောမတွင်းနက်ကြီးတစ်ခုဖြစ်ပေါ်လာသ
ည်။

ယန်ယဲ့၏တိုက်ခိုက်မှုဟာ မြေစွမ်းအင်ကို
လုံးလုံးလျားလျား
ချေဖျက်ပစ်လိုက်သည်။

"သတ်ကြစမ်း..." မြို့ရိုးထက်မှာ ရပ်နေသော ရှီယွမ်ယင် က ဒေါသတကြီးအော်ဟစ်လိုက်လေသည်။ မြို့အထက်ရှိ အလင်းလွှာထဲမှ အလင်းတန်းများ အဆက်မပြတ်ဖြာထွက်လာကာ ယန်ယဲ့အထက်သို့ရောက်ရှိလာသည်။

တစ်ချိန်တည်းမှာပင်

ကောင်းကင်ယံအထက်ရှိ

ကြယ်တာရာအစီအရင်မှ

ရောမလက်ဝါးကြီးတစ်ဖက် ထွက်လာပြီး

အောက်သို့ဖိချလိုက်သည်။

ဂျုန်း…

ကီလိုမီတာ သောင်းချီသော ဧရိယာသည်

ပြင်းထန်စွာ တုန်လှုပ်သွားသည်။

ယန်ယဲ့ သည်

သူ့အပေါ်ကိုမော့ကြည့်လိုက်ရင်း ၃

ကီလိုမီတာအကွာကို

ပြန်ဆုတ်လိုက်သည်။

လေထဲသို့ခုန်တက်လိုက်ပြီးနောက်

သွေးဆောဘာကို

လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ပြီး

ပိုင်းချလိုက်လေသည်။

ထို့နောက်တွင်တော့

တိမ်တိုက်များကြားကနေ ၃
ကီလိုမီတာရှည်လျားသော
သွေးနီရောင်ဆေဘာအလင်းတန်းကြီး
ထိုးဆင်းလာသည်။

"အကန့်အသတ်မဲ့ အထီးကျန်ဆေဘာ ..."

သွေးနီရောင်ဆေဘာအလင်းတန်းကြီး
ဆင်းသက်လာသည်နှင့်
အထက်ကောင်းကင်ယံဟာ

အဆုံးအစမဲ့သောသတ်ဖြတ်ခြင်းစိတ်ဆ
န္ဒများဖုံးလွှမ်းထားသည်။

ဆောဘာစွမ်းအင် ဆင်းသက်လာစဉ်
ကောင်းကင်ယံ၌
မီတာထောင်ချီရှည်လျားသော
အက်ကြောင်းကြီး ပေါ်လာခဲ့သည်။
အက်ကြောင်းသည်
တဖြည်းဖြည်းကျယ်ပြန့်လာသည်။

ထိုမှတစ်ဆင့် လူတိုင်းဟာ

အထီးကျန်နေသော

ခံစားချက်များခံစားလိုက်ရသည်။

ခဏအကြာတွင်တော့

သွေးနီရောင်ဆေဘာအလင်းတန်းဟာ

ဧရာမလက်ဝါးကြီးကို

နှစ်ခြမ်းခွဲပစ်လိုက်သည်။

ဆေဘာအလင်းတန်းက

အပိုင်းပိုင်းကွဲထွက်ကာ

ကောင်းကင်ယံမှကျဆင်းလာပါတော့သ
ည်။

ဤအချိန်တွင် ယန်ယဲ့သည်
ညာခြေကိုတစ်ချက်ဆောင့်ကာ
နောက်ပြန်ဆုတ်လိုက်ပြီး
အနန္တဆေဘာကို မြှောက်ကာ
ရှေ့သို့ပိုင်းချလိုက်သည်။

ဆူး...

ဆောဘာပိုင်းချက်က ကောင်းကင်ကို
ပိုင်းဖြတ်သွားကာ အာကာသပြင်သည်
စက္ကူဖြူတစ်ရွက်အလား
စုတ်ပြဲသွားသည်။ ထို့နောက်
မူလမြို့အထက်သို့ကျရောက်လာသည်။

ရှီယွမ်ယင်၏မျက်လုံးများ
ကျဉ်းမြောင်းသွားပြီး
လက်သီးနှစ်ဖက်ကို

တင်းတင်းဆုပ်ထားလိုက်သည်။ သို့သော်
အဆုံးတွင် တိုက်ခိုက်ရန်
မရွေးချယ်ခဲ့ပေ။ ဆေဘာပိုင်းချက်
မြို့ပေါ်သို့ကျရောက်လာသည်ကိုသာ
ကြည့်နေခဲ့သည်။

အုန်း...

အလင်းလွှာက
အပိုင်းပိုင်းပေါက်ကွဲသွားသည်။ ၎င်းမှ

အားပြင်းသော

စွမ်းအင်လှိုင်းဝဲကတော့ကြီး

ဖြစ်ပေါ်လာကာ မူလမြို့ပေါ်သို့

ကျရောက်လာခဲ့သည်။

စွမ်းအင်ဝဲကတော့နှင့် နီးကပ်သော

မူလမျိုးနွယ်၏ပညာရှင်အများအပြား

ဟာ

ချက်ချင်းပင်အသတ်ခံလိုက်ရတော့သည်

။

ယန်ယဲ့ သည် သူ၏ညာလက်ကို

ဝှေ့ယမ်းလိုက်ရာ သွေးဆောဘာက

မြို့ထဲကနေပျံထွက်လာပြီး

သူ့လက်ထဲသို့ပြန်ရောက်လာသည်။

ထို့နောက် ခြေတစ်ချက်ဆောင့်၍

လေထဲသို့ခုန်တက်လိုက်သည်။

တစ်ချိန်တည်းမှာပဲ သူ၏ဆောဘာကို

ခုတ်ပိုင်းလိုက်သည်။

ဆောဘာပိုင်းချက်က ကောင်းကင်ယံရှိ

ကြယ်တာရာအစီအရင်ကို

တည့်တည့်ထိမှန်ခဲ့သည်။

ဘမ်း..

ကျယ်လောင်သော

ပေါက်ကွဲသံကြီးနှင့်အတူ အစီအရင်ဟာ

ပြိုကျသွားသည်။

ဘုန်း....

ကောင်းကင်ကြီးဟာ ပြင်းထန်စွာ
တုန်ခါသွားပြီးနောက်
ကြယ်တာရာအစီအရင်တစ်ခုလုံး
ပေါက်ကွဲသွားသည်။

ကောင်းကင်ယံအထက်ရှိ
ကြယ်စင်စုကြီးဟာ
ရုတ်ချည်းပျောက်ကွယ်သွားသည်။

ဘုန်း...

အပေါ်စီးမှ

သွေးနီရောင်အလင်းတန်းတစ်ခု

ကျဆင်းလာသည်။ ခဏအကြာတွင်

မြို့နှင့် သိပ်မဝေးသော နေရာသို့

ဆင်းသက်လာခဲ့သည်။

ယန်ယွဲ့.... ။

မူလမြို့တော်၏ အာဏာပိုင်များအားလုံး

မျက်စိမျက်မှာပျက်ကုန်ကြသည်။

ဤအချိန်တွင် ပတ်ဝန်းကျင်သည်

တိတ်ဆိတ်နေ၏။

မြို့အထက်ကောင်းကင်ယံ၌ ရှီယွမ်ယင်

က ယန်ယွဲ့ကို စူးစိုက်ကြည့်နေသည်။

ဒီအချိန်မှာ ရှီယွမ်မျိုးနွယ်က ယန်ယွဲ့အား

မတားဆီးနိုင်တော့ပေ။ သူက

ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး

"မင်းတို့ လက်မငှားသေးရင်

ငါ့ရဲ့ရှီယွမ်မျိုးနွယ် ပျက်စီးတာနဲ့

မင်းတို့အလှည့်ရောက်လာလိမ့်မယ်"

ပတ်ဝန်းကျင်သည် လှုပ်ရှားမှုမရှိဘဲ

တိတ်ဆိတ်နေဆဲပင်။

ဘာမှထူးမလာသည်ကို မြင်သောအခါ

ရှိုယွမ်ယင်၏နှုတ်ခမ်းထောင့်မှ

အေးစက်နေသောအပြုံးတစ်ခုပေါ်

ပေါ်လာခဲ့သည်။ သူ့ထပ်ပြောခါနီးမှာပဲ

ကောင်းကင်အဝေးတစ်နေရာမှ

အစွမ်းထက်အော်ရာနှစ်ခု

ပျံ့လွင့်လာသည်။

ဤအခိုက်အတန့်တွင် လူတိုင်းသည်

ထိုအော်ရာနှစ်ခုကို

မျှော်ကြည့်နေကြသည်။

ယန်ယဲ့ သည် ဂရုမစိုက်ဘဲ

သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်ထားသည်။

သူ့လက်ထဲမှာ ဆုပ်ကိုင်ထားသော

အနန္တဆေဘာ က

သွေးရောင်တလက်လက်တောက်ပနေသ

ည်။

အချိန်တော်တော်ကြာပြီးနောက်
မူလမြို့အထက် ကောင်းကင်ယံ၌
သက်လတ်ပိုင်းအမျိုးသားတစ်ဦးနှင့်
အဘိုးကြီးတစ်ဦး တို့ပေါ်လာခဲ့သည်။

သူတို့၏ ဘယ်ဖက်ရင်အုံပေါ်မှာတော့ "仙
" စာလုံးသေးသေးလေးနှစ်လုံးကို
ရေးထိုးထားသည်။

အင်မော်တယ်အိမ်တော်မှ

ပညာရှင်များပင်။

ထို့အပြင် နှစ်ယောက်စလုံးဟာ

မူလကမ္ဘာအဆင့်များ ဖြစ်ကြ၏။

မူလကမ္ဘာအဆင့် ကျင့်ကြံသူနှစ်ဦး။

ရှီယွမ်ယင်က သက်သာရာရစွာ

သက်ပြင်းတစ်ချက်ချလိုက်သည်။

ယခုအချိန်တွင် ရှီယွမ်မျိုးနွယ်ဟာ

ကပ်ဘေးမှလွတ်မြောက်ပါပြီ။

ဤအခိုက်အတန့်တွင် ဤနေရာသည်

ရုတ်တရက် တုန်ခါသွားပြီးနောက်

မြို့အထက်ကောင်းကင်ယံ၌ နောက်ထပ်

လူ ၅ ဦး ပေါ်လာသည်။

ရောက်လာသူများက

အခြားမျိုးနွယ်စုများ၏ ဘိုးဘေးများ

ဖြစ်သည်။

ဤအချိန်တွင် အဘိုးကြီးက

အခြားမျိုးနွယ်စုများ၏ ဘိုးဘေးများကို

တစ်ချက်ကြည့်ပြီး ယန်ယဲ့အား

စူးစိုက်ကြည့်ကာ "မင်းက ယန်ယဲ့လား..."

ယန်ယဲ့ သည်

မျက်လုံးများကိုမှိတ်ထားပြီး

တိတ်ဆိတ်နေ၏။

သူ့လက်ထဲတွင် အရောင်တလက်လက်

တောက်ပနေသော

ခရမ်းရောင်သလင်းကျောက်တစ်တုံး

ရှိနေသည် ။

ထာဝရသလင်းကျောက်...

ထာဝရလျှို့ဝှက်နယ်မြေမှ
ပြန်ထွက်မလာခင် သားသတ်သမားနှင့်
အခြားလူတိုင်း သူ့အား
လက်ဆောင်ပေးခဲ့ကြသည်။

ယန်ယဲ့က
တိတ်ဆိတ်နေတာကိုမြင်သောအခါ
အဘိုးကြီးဟာ မျက်မှောင်ကြုတ်သွားပြီး
"ယန်ယဲ့၊ မင်းဟာ

ငါ့အင်မော်တယ်အိမ်တော်ရဲ့အဖွဲ့ဝင်တွေ

ကိုတောင် သတ်ရဲသေးတယ်။

ငါတကယ်သိချင်နေတယ်၊ အဲဒါလုပ်ဖို့

မင်း ဘယ်ကသတ္တိတွေရလာတာလဲ။

မင်း...”

ယန်ယဲ့ သည် ရုတ်တရက်

မျက်လုံးပွင့်လာပြီး

အနန္တဆေဘာကိုမြှောက်ကာ

အဘိုးကြီးအား ပစ်ပေါက်လိုက်သည်။

ဆူး…

ဆေဘာက ရှေ့မှအရာအားလုံးကို

ဖြတ်တောက်သွားသည်။

ထို့နောက် အလွန်လျင်မြန်သောအရှိန်ဖြင့်

အဘိုးကြီးရှေ့ကို

ချက်ချင်းရောက်လာသည်။

ယန်ယဲ့က

ရုတ်တရက်တိုက်ခိုက်လာသဖြင့်

အဘိုးကြီး၏အမူအရာဟာ အနည်းငယ်

ပြောင်းလဲသွားပါသည်။ သို့သော်

သူ၏တုံ့ပြန်မှုသည်

နှေးကွေးခြင်းမရှိပေ။

သူ့ညာဖက်လက်ဝါးကို

အနည်းငယ်လိမ်ပြီး အနန္တဆောဘာကို

ချက်ချင်းဖမ်းဆုပ်လိုက်သည်။

သို့သော်လည်း အဘိုးကြီးဟာ ၁
ကီလိုမီတာကျော် အကွာသို့
လွင့်ထွက်သွားသည်။

ယန်ယဲ့၏ခွန်အားက
သူထင်ထားသည်ထက်
များစွာကျော်လွန်သွားသောကြောင့်
အဘိုးကြီးဟာ တုန်လှုပ်သွားခဲ့သည်။

သို့သော်လည်း ၎င်းက အဆုံးမဟုတ်ပါ။

အဘိုးကြီး ရပ်တန့်လိုက်သည်နှင့်
တပြိုင်နက် ယန်ယဲ့ဟာ သူ့ရှေ့တွင်
ပေါ်လာသဖြင့် ထိတ်လန့်သွားခဲ့သည်။
သို့သော်ချက်ချင်းဆိုသလိုပဲ သူ့ထံမှ
ပြင်းထန်သောဖိအားလှိုင်းများ
ပေါက်ကွဲထွက်လာသည်။

တစ်ချိန်တည်းမှာပင်

စူးရှသောစားအူသံကြီး

ထွက်ပေါ်လာသည်။

အမှန်တော့

သချာအာရုံစိုက်ပြီးနားထောင်ပါက

စားနှစ်ချောင်းအူသံ(စားအူသံနှစ်သံ)ကို

သတိထားမိပေမည်။

ထို့နောက်

တလက်လက်တောက်ပနေသော

ဓားစွမ်းအင်တစ်စင်း

ဆင်းသက်လာသည်။

ဆူး...

မီတာရာထောင်ချီကျယ်သော

အာကာသပြင်သည်

ပွင့်ထွက်သွားခဲ့သည်။

အချိန်အနည်းငယ်ကြာပြီးနောက်

ယန်ယွဲ့ဟာ

အဘိုးကြီး၏နောက်တွင်ရပ်နေခဲ့သည်။

သူ့ညာဖက်လက်ထဲမှာတော့

အနက်ရောင်ဓားတစ်ချောင်းကို

ဆုပ်ကိုင်ထားသည်။

ယန်ယဲ့က ဓားကိုပြန်သိမ်းလိုက်ပြီး

အဘိုးကြီး၏နောက်မှ

ပြန်ထွက်လာသည်။

ဆူး...

အဘိုးကြီး ထံမှ

သွေးများဖြန်းခနဲပန်းထွက်လာပြီးနောက်

တစ်ကိုယ်လုံး နှစ်ခြမ်းကွဲသွားခဲ့သည်။

ပတ်ဝန်းကျင်က သေလောက်အောင်
တိတ်ဆိတ်သွားသည်။

ယန်ယဲ့၏လက်ထဲ၌
ထာဝရသလင်းကျောက်နှစ်လုံး
ပေါ်လာသည်။ ထို့နောက်
အင်မော်တယ်အိမ်တော်မှ
ကျန်မူလကမ္ဘာအဆင့်ကျင့်ကြံသူကို
စိုက်ကြည့်ကာ "ငါက သုံးအထိ
ရေတွက်လိုက်မယ်။ ပြီးသွားတဲ့အခါ

မင်းကိုထပ်မတွေ့ချင်ဘူး၊ ဟုတ်ပြီလား၊ တစ်..."

“နှစ်...”

Translated By NyiNyiSoe

May Be:

.အဆိုးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၉၉ -

ဖြည်းဖြည်းချင်းစဉ်းစားပါ၊ ငါ

ဖြည်းဖြည်းချင်းThetမယ်

"သုံး..."

ယန်ယွဲ့က "သုံး(၃)"ဟု

ရေတွက်ပြီးသည်နှင့်

အင်မော်တယ်အိမ်တော်၏

မူလကမ္ဘာအဆင့်ကျင့်ကြံသူဟာ

ကောင်းကင်ထက်သို့ပျောက်ကွယ်သွားခဲ့သည်။ ဤမြင်ကွင်းအား မြင်သောအခါလူတိုင်း အံ့အားသင့်သွားခဲ့ကြသည်။

သူထွက်ပြေးသွားပြီ။
မူလကမ္ဘာအဆင့်ကျင့်ကြံသူက
ထွက်ပြေးသွားတယ် ။

မျိုးနွယ်စု ၆ ခု၏ ဘိုးဘေးများဟာ
မျက်နှာပျက်သွားကြသည်။

အင်မော်တယ်အိမ်တော်၏

ဂုဏ်သိက္ခာရှိသော

မူလကမ္ဘာအဆင့်ကျင့်ကြံသူဟာ

ထွက်ပြေးသွားခဲ့ပြီဖြစ်သည်။

မှန်သည်၊ လူတိုင်းလည်း

အခြေအနေမှန်ကိုသိထားကြသည်။

အကြောင်းမှာ ယန်ယဲ့က

ဆောဘာတစ်ချက်တည်းဖြင့်

မူလကမ္ဘာအဆင့် ကျင့်ကြံသူကို

သတ်ပစ်လိုက်သည်မဟုတ်ပါလား။

တစ်ချိန်တည်းမှာပင် လူတိုင်းဟာ

ယန်ယဲ့၏ဓားက

ပိုပြီးတော့ကြောက်စရာကောင်းတာကို

မေ့လျော့လုနီးပါးပင်။

သို့သော်လည်း လက်ရှိတွင် ယန်ယဲ့က ဓားမသုံးဘဲ ဆေဘာကို သုံးနေ၏။ ထို့အပြင် သူ၏ဆေဘာက ပို၍ပင်ကြောက်စရာကောင်းနေပြန်သည် ။

"လူမိုက်တွေပဲ..." ရှီယွမ်ယင် က ရုတ်တရက် ရယ်မောလိုက်ပြီး "ဂုဏ်သိက္ခာရှိတဲ့ မူလကမ္ဘာအဆင့် ဟာ ဖန်ဆင်းရှင်တစ်ပါးကို

ကြောက်ပြီးထွက်ပြေးတာဆိုတော့

တော်တော်မိုက်မဲတာပဲ"

ရှီယွမ်ယင် က ယန်ယဲ့ကို

စိုက်ကြည့်လိုက်ပြီး "ငါပြောတာမမှားရင်

မင်းမှာ ဆန်းကြယ်ချီစွမ်းအင် အများကြီး

ကျန်နေတော့မှာမဟုတ်လောက်ဘူး။

အဲဒီဆေဘာနည်းစနစ်က

ရုပ်ခန္ဓာနဲ့ဆန်းကြယ်ချီစွမ်းအင်ကို

အပြည့်အဝထုတ်သုံးထားရတယ်။

ဒီတော့ ဒါဟာ ဆန်းကြယ်ချီစွမ်းအင်ကို
ကုန်ဆုံးစေတယ်။ မဟုတ်ရင်
မင်းရဲ့စရိုက်ကို အခြေခံပြီး
လွှတ်ပေးလိုက်မှာမဟုတ်ဘူး"

ထိုစကားကိုကြားသောအခါ
အခြားလူများလည်း
အခြေအနေကိုစဉ်းစားမိသွားကြသည်။

ယန်ယဲ့မှာ ဆန်းကြယ်ချီစွမ်းအင်

မကျန်လောက်တော့ဘူး....။

သူတို့မသိတာက လက်ရှိတွင် ယန်ယဲ့ဟာ

နဂိုခွန်အား၏တစ်ဝက်နီးပါးပြန်ရလာသ

ည်ကိုပါ။

အမှန်တော့ လူတိုင်းဟာ

ယန်ယဲ့ကိုသတ်နိုင်မည့်

အကောင်းဆုံးအခွင့်အရေးကို

လွတ်သွားခဲ့ပါပြီ။

ရှီယွမ်ယင် အပြင် အခြားသော

ဘိုးဘေးများက

အကြည့်ချင်းဖလှယ်ကြသည်။

အဆုံးတွင် ဟန်ယွမ်မျိုးနွယ်၏ဘိုးဘေး

ဟန်ယွမ်လင်း က ရှေ့သို့ တိုးလာပြီး

"ယန်ယဲ့၊ မိန်းကလေးအန် ရဲ့ ကံကြမ္မာက

ငါတို့မျိုးနွယ်တွေနဲ့ ဘာမှမဆိုင်ပါဘူး။

ငါတို့ အခု ထွက်သွားရင် ဒီပြဿနာတွေ ပြေလည်သွားနိုင်မလား”

သူတို့က ယန်ယဲ့ကို မသတ်တော့သည့်အတွက် ရင်ကြားစေ့ရေးကိုသာ ရှာနိုင်ပါတော့သည်။

"အတိတ်ကပြဿနာတွေကို ဖြေရှင်းမလား" ယန်ယဲ့က ဂရုမစိုက်ဘဲ

ပြန်ပြောလိုက်သည် "ဘိုးဘေးဟန်ယွမ်၊

မင်းငါ့ကိုသတ်ဖို့ ခွန်အားရှိရင်

မင်းဒီလိုပဲလုပ်မှာလား။

ပြီးခဲ့တဲ့အချိန်လေးလိုပဲ၊

မင်းရောက်လာတာဟာ

အင်မော်တယ်အိမ်တော်ရဲ့

မူလကမ္ဘာအဆင့်နှစ်ယောက်

ရောက်လာလို့ပဲ။ သူတို့က

ငါ့ကိုသတ်နိုင်မယ်လို့ထင်နေတာမဟုတ်

ဘူးလား။ ဘာလဲ၊ အခုကျမှ

ငြိမ်းချမ်းရေးဆွေးနွေးချင်တာလား”

ဟန်ယွမ်လင်း က

လေးနက်စွာပြောခဲ့သည် "ယန်ယဲ့၊

မင်းဟာ နောက်ကို ခြေတစ်လှမ်းဆုတ်ပြီး

ငါတို့လည်း လုပ်မယ်။

ငါတို့တွေနှစ်ဖက်စလုံး

ဘယ်သူ့ဘယ်သူကိုမှ

မနှောင့်ယှက်ဘဲနေရအောင်။ ဘာလို့

သေတဲ့အထိ တိုက်ခိုက်နေရမှာလဲ”

"ဟားဟား" ယန်ယဲ့က ရုတ်တရက် ရယ်

မောပြီး "နောက်တစ်လှမ်းဆုတ်လိုက်

ပါ...ဟုတ်လား။ ကောင်းပြီ၊

ငါအဲဒါကိုလုပ်ဖို့ဆန္ဒရှိတယ်။

ငါ့ကိုလိုက်ရှာတဲ့သူတိုင်းသေရင်

မင်းတို့ရဲ့မျိုးနွယ်စုတွေကို

ငါလွှတ်ပေးမယ်။ ဟုတ်တယ်၊

ပထမဆုံးသေတဲ့သူက မင်းတို့အားလုံးပဲ ဖြစ်ရမယ်။ ဒါဆိုရင် ကိုယ့်မျိုးနွယ်စုအတွက် ကိုယ့်ကိုကိုယ်စတေးဖို့ ဆန္ဒရှိသလား"

"ယန်ယဲ့…" ဟန်ယွမ်လင်း က ယန်ယဲ့ကို စိုက်ကြည့်ပြီး "မင်း ငါတို့ကို သေတဲ့အထိ တိုက်ခိုက်ချင်တာလား။ ငါတို့တစ် ဖက်ဖက်ကပျက်သုဉ်းတဲ့အထိ…"

ယန်ယဲ့က စကားထပ်မပြောတော့ဘဲ

ညာခြေကိုတစ်ချက်ဆောင့်လိုက်ရာ

ဟန်ယွမ်လင်းရှေ့တွင် ပေါ်လာသည်။

ဟန်ယွမ်လင်း၏အမူအရာက

သိသိသာသာ ပြောင်းလဲသွားသည်။

သူ့လက်သီးနှစ်ဖက်ကို

တင်းတင်းဆုပ်ကာ ရှေ့သို့

လှမ်းထိုးလိုက်သည် ။

ဤအချိန်တွင် ယန်ယဲ့က သွေးဆောဘာကို

လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ကာ

ပိုင်းချလိုက်သည်။

ဆောဘာပိုင်းချက် ကျဆင်းလာသည်နှင့်

ကမ္ဘာကြီးဟာ

ထက်ခြမ်းကွဲထွက်သွားသလိုပင်။

ဘုန်း...

ဟန်ယွမ်လင်းက

မီတာရာချီအထိလွင့်ထွက်သွားပြီး

သူ၏ခန္ဓာကိုယ်ကလည်း သွေး

မြူများအဖြစ် ပေါက်ကွဲထွက်သွားသည်။

ဘယ်သူကမှ ဟန်ယွမ်လင်းကို

လက်မငှားကြပေ။

အကယ်၍ ဘိုးဘေး ၅ ယောက်သာ

ပူးပေါင်းထားပါက

ယန်ယဲ့၏တိုက်ခိုက်မှုကိုသေချာပေါက်

တားဆီးနိုင်ပေသည်။

သို့သော်လည်း ဘယ်သူကမှ

ရှေ့တက်မလာခဲ့ပေ။

ထို့အပြင် ရှီယွမ်ယင် ကလွဲလို့

ကျန်ဘိုးဘေးများဟာ

ယန်ယဲ့စပြီးတိုက်ခိုက်တာနဲ့အကုန်ထွက်

ပြေးသွားပြီဖြစ်သည်။

တစ်ယောက်မှကို မကျန်တော့ပေ။

ဘိုးဘေး ၄

ယောက်စလုံးထွက်ပြေးသွားကြသည်။

ယန်ယဲ့က ဂရုမစိုက်ဘဲ သွေးဆောဘာကို

ပခုံးပေါ်တင်ကာ ရှီယွမ်ယင်ကို

မော့ကြည့်ရင်း "ငါ

ဘယ်လိုသတ်မယ်ဆိုတာ

မင်းမြင်ချင်တယ်လို့

ပြောခဲ့တာမဟုတ်ဘူးလား။ အခု သေချာကြည့်နေ…”

ထိုစကားပြောပြီးသည်နှင့် သွေးဆောဘာကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ အဝေးရှိမူလမြို့တော်သို့ ပိုင်းချလိုက်လေသည်။

ဆူး…

သွေးရောင်တလက်လက်တောက်ပနေ

သော ဆောဘာစွမ်းအင်ဟာ

လေထုကိုဆုတ်ဖြဲ၍

မူလမြို့ထဲသို့ကျရောက်လာပါတော့သည်

။

အုန်း...

တစ်မြို့လုံး နှစ်ခြမ်းကွဲထွက်သွားသည်။

တစ်ချိန်တည်းမှာပင် အစောပိုင်းက

စွမ်းအင်စုစည်းခြင်းအစီအရင်ကို
ထိန်းချုပ်ထားသည့်
ပညာရှင်များအားလုံး
တစ်ယောက်မကျန်အသတ်ခံလိုက်ရလေ
သည်။

မူလမြို့တော်မှ မရေမတွက်နိုင်သော
အော်ဟာစ်သံများ အဆက်မပြတ်
ထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင်

မရေမတွက်နိုင်သော သွေးများ၊

နာကြည်းမှုများနှင့် သေလွန်သူ

ဝိညာဉ်များဟာ ကောင်းကင်သို့

လွင့်ပျံလာပြီး သွေးဆောဘာထဲသို့

တိုးဝင်လာသည်။

"နတ်ဆိုးဓား..." ရှီယွမ်ယင်က ယန်ယွဲ့ကို

အေးတိအေးစက် စိုက်ကြည့်ရင်း

"ယန်ယွဲ့၊

မင်းဟာသတ်ဖြတ်ခြင်းလမ်းစဉ်ကို

လျှောက်လှမ်းတဲ့အပြင် မင်းဟာ

လူမဆန်တဲ့ နတ်ဆိုးဓားကို

ကိုင်ထားတယ်။ မင်းအနာဂတ်မှာ

ဆိုးရွားတဲ့အဆုံးသတ်ကို ကြုံရလိမ့်မယ်”

ဤအချိန်တွင် ယန်ယွဲ့က သွေးဆောဘာကို

ထပ်မံ ပိုင်းချလိုက်သည်။

ဆူး…

သွေးနီရောင်အလင်းတန်းတစ်ခုသည် မြို့ထဲသို့ ကျဆင်းလာပြီးနောက် မရေတွက်နိုင်သော အော်ဟစ်သံများ ထပ်မံထွက်ပေါ်လာသည်။ ဤအချိန်တွင် ယန်ယွဲ့၏သွေးဆောဘာက ပို၍ပင် တောက်ပလာခဲ့သည်။

"နတ်ဆိုးဓား လား..." ယန်ယွဲ့က လျှောင်ပြောင်ရယ်မောလိုက်ပြီး "ငါက

သတ်ဖို့သုံးရင် အဲဒါ နတ်ဆိုးဓားပဲ။

ငါကယ်တင်ဖို့သုံးရင် အဲဒါက

တရားမျှတတဲ့ဓားတစ်လက်ပဲ"

စကားပြောပြီးသည်နှင့်

ထပ်မံတိုက်ခိုက်တော့မည်ဖြစ်သော်လ

ည်း မူလမြို့တော်မှ

ကြောက်မက်ဖွယ်ကောင်းသော

ဖိအားလှိုင်းလုံးကြီး ရုတ်တရက်

ထွက်ပေါ်လာသည်။

ယန်ယဲ့က ငုံ့ကြည့်လိုက်သည်။

မြို့တော်ခန်းမရှေ့တွင်

ကျောက်ရုပ်ထုတစ်ခုရှိနေခဲ့သည်။

ဤအခိုက်တွင် ရုပ်ထုဟာ ရုတ်တရက်

တုန်လှုပ်သွားသည်။ ထို့နောက်တွင်

ရုပ်ထုသည် ထိုနေရာမှ တဖြည်းဖြည်း

လွင့်မျောလာသည်။

"ဘိုးဘေး…" ရုပ်ထုကို မြင်သောအခါ
တစ်မြို့လုံးရှိ
မရေမတွက်နိုင်သောလူများဟာ
ညီညီညွတ်ညွတ် ဦးညွှတ်ကြသည်။

ရုပ်ထုသည် အတိတ်တစ်ချိန်က
ရှီယွမ်မျိုးနွယ်အား တည်ထောင်ခဲ့သူ
မူလဧကရာဇ်ကြီးဖြစ်သည်။ သို့သော်
လက်ရှိရောက်လာတာက
သူ၏အဓိကခန္ဓာကိုယ်မဟုတ်ပေ။

မူလကောရာဇ်က အသက်ကြီးပုံမပေါ်၊ သက်လတ်ပိုင်းအမျိုးသားတစ်ဦးနှင့်တူသည်။ သူသည် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားကာ သူ့ထံမှ ဂုဏ်သိက္ခာရှိသော အရှိန်အဝါများ ထွက်လာခဲ့သည်။

ထို့အပြင် လက်နှစ်ဖက်ကို နောက်ပစ်ထားလျက် တည်ငြိမ်စွာရပ်နေခဲ့သည်။

သူပေါ်လာသည်နှင့် တစ်ကမ္ဘာလုံးက
သူ့ကို မခံနိုင်သလို တုန်လှုပ်သွားသည်။

မူလမြို့တော်ကနေ မရေတွက်နိုင်သော
ဝမ်းသာအားရ အော်ဟစ်သံများ
ထွက်ပေါ်လာကြသည်။

မူလကောရာဇ် ရောက်ရှိလာခြင်းသည်
ရှီယွမ်မျိုးနွယ်အတွက်
မျှော်လင့်ချက်ပင်မဟုတ်ပါလား။

ရှီယွမ်ယင် လည်း

သက်ပြင်းတစ်ချက်ချလိုက်သည်။

အစောပိုင်းက သူ့စိတ်ထဲ၌ တော်တော်ကို

စိတ်ပူနေခဲ့တာပါ။ မူလကေရာဇ်က

ကိုယ်ထင်မပြတော့မည်ကို စိုးရိမ်နေတာ။

အကြောင်းမှာ မူလကေရာဇ်သာ

သူ့ကိုယ်သူ မပြပါက ရှီယွမ်ယင်

အနေဖြင့် မူလကေရာဇ်ထံ ဆက်သွယ်ရန်

နည်းလမ်းမရှိတော့ပေ။ အမှန်တော့

မူလကောရာဇ်က

ရုတ်တရက်ကြီးပျောက်ကွယ်သွားတာပါ

။ ရှီယွမ်မျိုးနွယ်၏

လက်ရှိဘိုးဘေးဖြစ်သည့်

သူကိုယ်တိုင်ပင် မူလကောရာဇ်ကို

မတွေ့ခဲ့ဖူးပေ။

ယခုဆိုလျှင် ရှီယွမ်မျိုးနွယ်ဟာ

ကပ်ဘေးကိုရင်ဆိုင်နေရသောကြောင့်

မူလကောရာဇ် ပြန်ပေါ်လာပြီဖြစ်သည်။

မူလကေရာဇ်က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။ အဆုံးတွင်
သူသည် ယန်ယဲ့ကို စိုက်ကြည့်ပြီး
အနည်းငယ် ခေါင်းညိတ်ပြကာ
"နတ်ဘုရားအဆင့်ရုပ်ခန္ဓာ၊ ဓားတာအိုနဲ့
ဆေဘာတာအိုကိုကျင့်ကြံတယ်။ မင်းဟာ
ဖန်ဆင်းရှင်အဆင့် မှာပဲရှိပေမယ့်
မူလကမ္ဘာအဆင့်ကျင့်ကြံသူတွေကို
သတ်နိုင်တယ်။ ပြောစရာတောင်

မလိုပါဘူး၊ မျိုးဆက်သစ်လူငယ်တွေဟာ ပိုကောင်းတဲ့ အရည်အချင်းတွေကို အမြဲမွေးထုတ်ပေးခဲ့တယ်”

ယန်ယဲ့က မူလစာကြောင်းကို စိုက်ကြည့်ကာ "အကြီးအကဲ၊ မင်းရဲ့ အဓိကခန္ဓာကိုယ်သာ

ဒီကိုရောက်မလာခဲ့ရင်

မင်းရဲ့ရှီယွမ်မျိုးနွယ်စုကို

ကယ်တင်နိုင်မှာမဟုတ်လောက်ဘူး"

မူလဧကရာဇ်က ပြုံးပြီး

“ဘယ်မျိုးနွယ်စုမှ ထာဝရ

ကြီးပွားတိုးတက်နိုင်မှာ မဟုတ်ဘူး။

ငါထွက်သွားတဲ့အခါ မျိုးနွယ်စုအတွက်

ဖြစ်နိုင်ချေတွေကို မျှော်လင့်ထားခဲ့တယ်။

ဒါပေမဲ့ အရာအားလုံးရဲ့

အကြောင်းရင်းကို သိချင်ပါတယ်” သူက
ရှီယွမ်ယင် ကိုစိုက်ကြည့်ပြီး
"မင်းပြောပါ..."

ရှီယွမ်ယင် က ခဏတုံ့ဆိုင်းသွားပြီး
မူလကေရာဇ်အား
အကြောင်းအရာအားလုံးကို
ပြောပြပါတော့သည်။

"နတ်ရတနာသုံးပါးအတွက်လား..."

မူလဧကရာဇ်က

“ငါကိုယ်တိုင်ချိတ်ပိတ်ထားတဲ့

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်တောင်

ဒီကိုရောက်လာပြီလား” သူက

ရှီယွမ်ယင်ကို စိုက်ကြည့်ကာ “မင်း

ဘာအများမှ မလုပ်ပါဘူး။ မင်းမှာ

အခွင့်အရေးရခဲ့ရင်

ဒီလိုနတ်ရတနာတွေအတွက်

တိုက်ပွဲဝင်သင့်တာသဘာဝပဲလေ။

ဒါပေမဲ့ သူ့ကိုခြိမ်းခြောက်ဖို့အတွက်

အမျိုးသမီးတစ်ယောက်ကို

အသုံးချခဲ့တာလား။ မင်းဟာ

ဘယ်လိုပဲဖြစ်ဖြစ်

ဟင်းလင်းပြင်နတ်ဘုရားအဆင့်ပဲလေ။

ဒီလိုအဆင့်အထိ

ကျင့်ကြံပြီးတာတောင်မှ မင်းမှာ

မာနနည်းနည်းရှိမနေဘူးလား"

ရှီယွမ်ယင် က ခေါင်းကို
အနည်းငယ်ညိတ်လိုက်ပြီး
"ဘိုးဘေးအရှင်ရဲ့ လမ်းညွှန်မှုအတွက်
ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ငါတို့
သူမကို မသတ်ခဲ့ဘူး”

"ဟမ့်..." ဤအချိန်တွင်
ပြင်းထန်သောအရှိန်အဝါတစ်ခုက
ရှီယွမ်ယင်ကို ဖုံးလွှမ်းသွားသည်။
အခြားသူမဟုတ်ပေ၊ ယန်ယွဲ့ပင်။ သူက

ရှီယွမ်ယင် ကိုစူးစူးရဲရဲကြည့်ကာ “သူမ မသေသေးဘူးလား” ဟုမေးလိုက်သည်။

ရှီယွမ်ယင် က ယန်ယဲ့ကို စိုက်ကြည့်ရင်း “ငါ့ရှီယွမ်မျိုးနွယ်ရဲ့ အကြီးအကဲက သူမကိုဖမ်းခေါ်လာတဲ့လမ်းမှာ အမည်မသိသက်လတ်ပိုင်းတစ်ယောက် က ဝင်ကယ်သွားတယ်”

သူမကို ကယ်တင်လိုက်တာလား ။

ယန်ယဲက မျက်လုံးကို
ဖြည်းညှင်းစွာမှိတ်လိုက်ပြီး "ဒါဆို
မင်းဘာလို့ ငါ့ကို လိမ်တာလဲ။
မင်းရဲ့ရှီယွမ်မျိုးနွယ်ကို
ပျက်သုဉ်းစေချင်တာလား"

ရှီယွမ်ယင် က လစ်လျူရှုပြီး “ဒါဟာ
သာမန်လှည့်ကွက်လေးတစ်ခုပဲ။
မိန်းမတစ်ယောက်ဟာ ထာဝရနယ်စပ်ရဲ့

နာမည်ကျော် ယန်ယဲ့အတွက်
အရမ်းအရေးကြီးလိမ့်မယ်လို့
ငါဘယ်တုန်းကမှ မထင်ခဲ့မိဘူး။
ဘယ်လောက်ရယ်စရာကောင်းလိုက်သ
လဲ"

အမှန်တော့ ရှီယွမ်ယင် ကိုယ်တိုင်
အန်နန်ကျင်း ဟာ ယန်ယဲ့အတွက်
အရေးပါမယ်လို့

မမျှော်လင့်ထားခဲ့ပေ။ အဓိကကတော့

ယန်ယဲ့ကို

ဖယ်ရှားချင်စိတ်လောနေတာကြောင့်ပါ။

မျိုးနွယ်စု ၆ ခုလုံးက

အာရုံမစိုက်အားကြပေ။ ထို့အပြင်

ယန်ယဲ့သည်

အသိစိတ်လွတ်ပြီးရူးသွပ်သွားသည်ဖြစ်

ရာ ရှင်းပြရင်တောင်မှ ဘာမှ

ထူးထူးခြားခြားဖြစ်လာမည်မဟုတ်ပေ။

သို့သော် သူ၏

ပေါ့ပေါ့တန်တန်လှည့်ကွက်ကြောင့်

ရှီယွမ်မျိုးနွယ်စုဟာ ဆိုးဆိုးရွားရွား

ရှုံးနိမ့်သွားလိမ့်မည်ဟု မမျှော်လင့်ခဲ့ပါ။

ယန်ယဲ့ က ရုတ်တရက်မေးလိုက်သည်

"အဲဒီလူက ဘယ်သူလဲသိလား"

ရှီယွမ်ယင် က "ငါလည်းမသိဘူး"

ဆူး...

ဤအချိန်တွင် စူးရှသော
ဓားအလင်းတန်းတစ်ခု
လင်းလက်သွားပြီး
မူလမြို့ထဲသို့ကျရောက်သွားသည်။

မူလကေရာဇ်၏ မျက်လုံးများက
အနည်းငယ်ကျဉ်းမြောင်းသွားပြီး
သူ့လက်ညိုးကို ရှေ့သို့ပုတ်လိုက်သည်။

ဘမ်း...

ယန်ယဲ့၏ ဆေဘာစွမ်းအင်က အပိုင်းပိုင်း ကွဲထွက်သွားသည်။ သို့သော် ယန်ယဲ့သည် နေရာမှာပင်ပျောက်သွားပြီး အနက်ရောင်ဓားတစ်ချောင်းကို ဆုပ်ကိုင်ထားလျက် မူလကေရာဇ်အထက်တွင် ရုတ်တရက်ပေါ်လာခဲ့သည်။

အနန္တစားနယ်မြေ....

ဘမ်း...

မူလကေရာဇ်၏ကိုယ်ပွားက
မြို့အပြင်ဖက်သို့ ပြုတ်ကျသွားသည်။
တစ်ချိန်တည်းမှာပင် သူ၏ခန္ဓာကိုယ်ဟာ
အချိန်မရွေး ပျောက်ကွယ်သွားသလိုပင်
ကြည်လင်လာခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့က သူ့ဓားကို အဆက်မပြတ်ဝှေ့ယမ်းလိုက်သည်။

ဆူး...

ဓားစွမ်းအင်အလင်းတန်းများ တလက်လက်တောက်ပလာပြီးနောက် မူလမြို့ထဲသို့ကျရောက်သွားသည်။ ထို့နောက်

မရေမတွက်နိုင်သော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

"ယန်ယွဲ့..." ရှီယွမ်ယင် က ဒေါသတကြီး အော်လိုက်သည်။

သို့သော်လည်း ယန်ယွဲ့ သည် မရပ်တန့်ပေ၊သူ့ဓားကို နောက်တစ်ကြိမ် ပိုင်းချလိုက်သည်။

ဒိုင်း....

ယန်ယဲ့၏ညာဖက် ၁ ကီလိုမီတာအကွာရှိ ဧရိယာသည် ချက်ချင်းပြိုကျလာသည်။ တစ်ချိန်တည်းမှာပဲ မရေမတွက်နိုင်သော ရှီယွမ်မျိုးနွယ်ဝင်များ အသတ်ခံလိုက်ရသည်။

ယန်ယဲ့က သူ့မျက်နှာပေါ်ရှိ သွေးများကို သုတ်လိုက်ပြီး " ဖြည်းဖြည်း.... မင်းက

ဖြည်းဖြည်းချင်းစဉ်းစား။ ဒီတော့ ငါ့ခဏလောက်သတ်မယ်"

ထိုစကားပြောပြီးသည်နှင့် သွေးဆောဘာကို ဆုပ်ကိုင်လျက် မူလမြို့ထဲသို့ပြေးဝင်သွားသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၀၀ -

ရှီယွမ်မျိုးနွယ်၏အဆုံးသတ်

ယန်ယဲ့၏ဆေဘာ ပိုင်းဖြတ်သွားရာ

နေရာတိုင်းတွင် အလောင်းများသာ

ကျန်ရှိတော့သည်။

ပတ်ဝန်းကျင်ရှိ များပြားလှသော

သွေးစီးကြောင်းများဟာ

ယန်ယဲ့၏သွေးဆောဘာထဲကို

အဆက်မပြတ် စီးဝင်လာသည်။

ဤအချိန်တွင် မူလမြို့တော်ရှိ

မြင်ကွင်းအား

စကားလုံးများဖြင့်ပင် ရိုးရှင်းစွာ

ဖော်ပြရန် မဖြစ်နိုင်ပေ။ ထို့အပြင်

သွေးများ တိုးလာသည်နှင့်အမျှ

သွေးဆောဘာမှ ထုတ်လွှတ်သော

အရှိန်အဝါဟာ

ကြောက်မက်ဖွယ်ရာကောင်းလာတော့သည်။

"သူဟာ စကြာဝဠာကြီးထဲက လာခဲ့တာ" ရှီယွမ်ယင် က ရုတ်တရက် ဒေါသတကြီး အော်ဟစ်လိုက်သည်။ သူ့အသံက သိသိသာသာပင် တုန်ယင်နေ၏။

မူလမြို့ထဲတွင်...

ဘုန်း

ယန်ယဲ့သည် ရုတ်တရက်

ရပ်တန့်သွားသည်။

သူ၏သွေးဆောဘာကို

မြေပြင်ပေါ်ထိုးချလိုက်ရာ ထိုနေရာဟာ

ချက်ချင်းနှစ်ခြမ်းကွဲထွက်သွားသည်။

ထို့နောက် သူသည် ရှီယွမ်ယင်

ကိုလှမ်းကြည့်ကာ "ဆက်ပြောစမ်း"

ရှီယွမ်ယင် က ယန်ယဲ့ကို စိုက်ကြည့်ရင်း

"သူက သူမကို မှတ်မိနေတာထင်တယ်။

အဲဒါကြောင့် သူမကို ကယ်တင်ခဲ့တာ။

ငါ့ရှီယွမ်မျိုးနွယ်က သူ့အကြောင်းကို

စုံစမ်းလိုက်တော့ စကြဝဠာကြီးထဲက

လာတယ်ဆိုတာ အတည်ပြုနိုင်ခဲ့တယ်"

ယန်ယဲ့က သူ၏မျက်လုံးတွေကို

ဖြည်းညှင်းစွာမှိတ်လိုက်ပြီး

"သူဘယ်သူလဲဆိုတာ ငါသိပြီ"

"ဒါဆို ငါတို့ ဒီကိစ္စကို

အေးအေးဆေးဆေး ထားလို့ရမလား"

မူလကေရာဇ်က

ရုတ်တရက်ပြောလိုက်သည်။

ယန်ယဲ့က မူလကေရာဇ်ကို
စိုက်ကြည့်ကာ "မင်းဘယ်လိုထင်လဲ"

မူလကေရာဇ်က ယန်ယဲ့ထံ
လျှောက်လာကာ "ဒါဟာ
ငါ့ရဲ့စိတ်ဆန္ဒကြီးမျှင်တစ်ခုပဲ၊ ဒါကြောင့်
မင်းကို ငါဘာမှမလုပ်နိုင်ဘူး။ ဒါပေမဲ့
အမျိုးသားတွေကြားက ကိစ္စတွေဟာ
မိသားစုအတွက် မဖြစ်သင့်ဘူးလို့

ထင်ပါတယ်။

မင်းလည်းအဲ့လိုမထင်ဘူးလား"

ယန်ယဲ့က စကားတစ်ခွန်းမှ ပြန်မပြောဘဲ

ရှီယွမ်ယင်ကို စူးစိုက်ကြည့်ပြီး

"ငါလုပ်ရမလား ဒါမှမဟုတ်

မင်းကိုယ်တိုင်လုပ်မှာလား"

မူလစာရေးဆရာ၏မျက်လုံးများ

အနည်းငယ်ကျဉ်းမြောင်းလာကာ

လက်သီးများကို ဖြည်းညှင်းစွာ

ဆုပ်ထားလိုက်သည်။ ရှီယွမ်ယင်က

ရုတ်တရက် ရယ်မောလိုက်ပြီး "ယန်ယွဲ့၊

မင်းအဲဒါကို လုပ်စရာမလိုဘူး။

ငါ့ရှီယွမ်မျိုးနွယ်က ဒီတိုက်ပွဲမှာ

ရှုံးနိမ့်သွားတာပဲ။ ငါတို့ရှုံးတယ်။

ဒီရှုံးနိမ့်မှုကို ငါတို့လက်ခံတယ်၊ ငါလည်း

အဲဒီလိုပဲ။ ဒါပေမဲ့ ငါမသေခင်

မင်းရဲ့ခွန်အားကို

လက်တွေ့ခံစားချင်တယ်။

စကြာဝဠာကြီးရဲ့

နံပါတ်တစ်ညဏ်ကြီးရှင်က

ဘယ်လောက်တောင်

အားကောင်းသလဲဆိုတာ ကြည့်ရအောင်”

ထိုစကားပြောပြီးသည်နှင့်

ရှီယွမ်ယင်၏ခန္ဓာကိုယ်ကနေ

မီးတောက်မီးလျှံများ

လောင်ကျွမ်းလာပါတော့သည်။

မူလဝိညာဉ်ကို လောင်ကျွမ်းခြင်း...

မူလဝိညာဉ်ကို

လောင်ကျွမ်းလိုက်သည်နှင့်တပြိုင်နက်

ရှီယွမ်ယင်၏အော်ရာသည်

ပို၍ပို၍ပြင်းထန်လာသည်။

နောက်ဆုံးတွင် သူ၏အော်ရာက

မူလကမ္ဘာအဆင့် ကျင့်ကြံသူနှင့်

အဆင့်တူလုနီးပါးဖြစ်သွားလေတော့သ
ည်။ ခဏအကြာတွင် ရှိုယွမ်ယင် က
တဟားဟားရယ်မောကာ ယန်ယွဲ့ထံ
ခုန်ဝင်သွားသည်။

သူဖြတ်သွားတိုင်း
အာကာသပြင်တစ်လျှောက်ဟာ
လောင်ကျွမ်းသွားခဲ့သည်။

ယန်ယဲ့၏အမူအရာက မပြောင်းလဲပေ။
သွေးဆေဘာ အစား
အနက်ရောင်ဓားတစ်ချောင်းကို
ဆုပ်ကိုင်လိုက်သည်။

ထို့နောက် သူ၏မျက်လုံးကို
အနည်းငယ်မှိတ်ထားလိုက်သည်။
ရှီယွမ်ယင် က သူနှင့် ၃ မီတာအကွာသို့
ရောက်ရှိလာသောအခါ ရုတ်တရက်
မျက်လုံးပွင့်လာပြီး အနက်ရောင်ဓားကို

လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လျက်

ပိုင်းလိုက်သည်။

အနန္တစားနယ်မြေ…

ရှီယွမ်ယင် အသွင်ပြောင်းထားသော

မီးလုံးဟာ ယန်ယွဲ့ရှေ့တွင်

ချက်ချင်းရပ်တန့်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် တဖြည်းဖြည်း

မှိန်ဖျော့သွားပြီး ဘာမှမဖြစ်သလိုပင်

ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့ သည်

သူ၏ဓားကိုပြန်သိမ်းလိုက်ပြီး

သွေးဆေဘာကို ပခုံးပေါ်ထမ်းကာ

ဖြည်းညှင်းစွာ ထွက်ခွာသွားသည်။

သူထွက်သွားတာကို မြင်သောအခါ

မူလမြို့ထဲမှ

အသက်ရှင်ကျန်ရစ်သူအားလုံး
သက်ပြင်းချကြသည်။

ဤအချိန်တွင် မူလကောရာဇ်က
ရုတ်တရက် "ယန်ယဲ့၊
ငါတို့ပြန်တွေ့တဲ့အခါ
မင်းနဲ့မင်းအနားကလူတွေကို
တိုက်ခိုက်မှာမဟုတ်ဘူးလို့
ငါအာမခံတယ်။ ဒီနေ့ဒီမှာပြသခဲ့တဲ့

ကရုဏာအတွက် ငါ့ရဲ့ကျေးဇူးဆပ်မှုကို
စဉ်းစားကြည့်ပါ”

ယန်ယဲ့က ပြန်မဖြေဘဲ အဝေးကို
ပျောက်ကွယ်သွားသည်။

ယနေ့မှစ၍ ရှီယွမ်မျိုးနွယ်သည်
ဆိုးရွားစွာ ဆုံးရှုံးခဲ့ရသည်။
ထာဝရနယ်စပ်၏ မျက်နှာပြင်ပေါ်မှ
တဖြည်းဖြည်း

ပျောက်ကွယ်သွားခဲ့သည်။
စကြဝဠာကြီးကို ရောက်နေသော လင်းရှူ
အပြင် ရှီယွမ်မျိုးနွယ်၏
မူလတာအိုသခင်အားလုံး
အသတ်ခံလိုက်ရသည်။

ထို့ကြောင့် ရှီယွမ်မျိုးနွယ်ဟာ
မူလအထွတ်အထိပ်သို့
ပြန်လည်ရောက်ရှိရန်

နှစ်ပေါင်းထောင်နဲ့ချီပြီး

အချိန်ယူရပေတော့မည်။

...

မူလမြို့တော်အပြင်ဖက်တွင်

ယန်ယဲ့သည် တင်ပျဥ်ခွေထိုင်ချကာ

ထာဝရသလင်းကျောက်နှစ်လုံးကို

ထုတ်ယူလိုက်သည်။

သူ၏အပြင်းထန်ဆုံးတိုက်ခိုက်မှုဟာ

အနန္တစားနယ်မြေ ပင်။

လက်ရှိသူ့ခွန်အားက

အနန္တစားနယ်မြေကို နှစ်ကြိမ်ဆက်တိုက်

အသုံးပြုနိုင်၏။

မူလကမ္ဘာအဆင့်

ကျင့်ကြံသူများပင်လျှင်

ထိုတိုက်ခိုက်မှုကို မခုခံနိုင်ပေ။ သို့သော်

သူ၏ခွန်အားလည်း ကုန်ဆုံးသွားသည် ။

ကံကောင်းထောက်မစွာပင်၊

သူ့ခန္ဓာကိုယ်ဟာ မူလတာအိုအဆင့်

မှာရှိနေသဖြင့် တန်ပြန်စွမ်းအားကို

ခံနိုင်ရည်ရှိခဲ့သည်။

တစ်ခုတည်းသောပြဿနာမှာ

ဆန်းကြယ်ချီစွမ်းအင်သာဖြစ်သည်။

မူလစေတီ ...။

ယန်ယွဲ့ သည် မူလစေတီအကြောင်းကို

တွေးမိလိုက်သည်။

ဤအချိန်မှာပဲ အဝေးကနေ

စူးရှတောက်ပသော

ဓားအလင်းတန်းတစ်ခု ပျံသန်းလာသည်။

ယန်ယွဲ့သည် မော့ကြည့်လိုက်ရာ

သူ့ရှေ့တွင်

အဖြူလုံးလုံးလေးပေါ်လာတာကိုမြင်လို
က်ရသည်။

နှင်းပွင့်လေး....

ယန်ယဲ့ကို မြင်တာနဲ့ သူမလေးဟာ
ချက်ချင်းငိုပါတော့သည်။ ထို့နောက်
ယန်ယဲ့ဆီကို ပြေးလာပြီး
သူ့လည်ပင်းအားသိုင်းဖက်ထားလေတော့
သည်။

ခဏအကြာတွင် ယန်ယွဲ့ဟာ

နှင်းပွင့်လေးငိုကြွေးနေသည့်

ဝိညာဉ်စွမ်းအင်ဖြင့် ဖုံးလွှမ်းသွားသည်။

နှင်းခဲလေး…

ယန်ယွဲ့၏ခန္ဓာကိုယ်က တင်းမာလာပြီး

သူမလေးကို ဖြည်းညှင်းစွာ

ပွေ့ဖက်လိုက်သည်။

နှင်းပွင့်လေး....

ငါ့ရဲ့နှင်းခဲ့လေး....

သိပ်မကြာလိုက်ပေ၊ ဓားစာလိပ်၊
ဝမ်အရှူးမလေးနှင့် မူလနတ်ဆိုးတို့ဟာ
ယန်ယွဲ့ရှေ့တွင် ပေါ်လာကြသည်။
ဓားစာလိပ်က ယန်ယွဲ့ကိုစိုက်ကြည့်ကာ
သူ့ရင်ခွင်ထဲမှ နှင်းပွင့်လေးကို
အထူးအဆန်းသဖွယ်ကြည့်နေသည်။

ဤအချိန်တွင် ဝမ်အရူးမလေးနှင့်

မူလနတ်ဆိုးတို့လည်း

စူးစမ်းချင်စိတ်များဖြင့်

ကြည့်နေလေသည်။

အထူးသဖြင့်

ဝမ်အရူးမလေး၏မျက်လုံးများသည်

စူးစမ်းလိုစိတ်များဖြင့်

ပြည့်နှက်နေခဲ့သည်။

အချိန်တော်တော်ကြာပြီးမှသာ

နှင်းပွင့်လေးက အငိုရပ်ပြီး

ပုံမှန်ပြန်ဖြစ်သွားခဲ့သည်။

သူမ၏မျက်လုံးထောင့်မှ

မျက်ရည်များကို သုတ်လိုက်ပြီး

လက်သည်းများကို ဝှေ့ယမ်းလိုက်သည်။

ယန်ယဲ့ရှေ့တွင်

ရွှေရောင်တလက်လက်တောက်ပနေ

သော ရွှေစေတီငယ်တစ်ဆူ

ပေါ်လာသည်။

ရှေးဦးမူလစေတီ ...။

ယန်ယဲ့ထွက်သွားကတည်းက

နှင်းပွင့်လေးဟာ မူလစေတီကို

သိမ်းထားပုံရ၏။

မူလစေတီက ယန်ယဲ့အပိုင်ဖြစ်ရာ

သူမလေးက ဘယ်သူ့ကိုမှအထိမခံခဲ့ပေ။

အထူးသဖြင့် ယန်ယဲ့ထွက်သွားပြီးနောက် ဇီအာ၊ ကောင်းကင်ငယ် နှင့် စုချင်းရှီတို့ကိုသာ ဂရုစိုက်ခဲ့သည်။ ထို့အပြင် ယန်ယဲ့မရှိသောကြောင့် နှင်းပွင့်လေး၏ဒေါသကတော်တော်မြန်လာပါသည်။ စိတ်အခန့်မသင့်ပါက မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်ကိုထုတ်ယူပြီး တိုက်ခိုက်တတ်လို့ပါ။

မူလရွှေစေတီကို စိုက်ကြည့်နေစဉ်

ယန်ယဲ့၏ မျက်လုံးများက

ရှုပ်ထွေးပွေလီသော ခံစားချက်များ

တောက်ပလာသည်။ သူက နှင်းပွင့်၏

ခေါင်းလေးကို ပွတ်သပ်ပြီး ဓားစာလိပ်ကို

စိုက်ကြည့်ရင်း "သူတို့ကော ဘယ်လိုလဲ"

ဓားစာလိပ်က “သူတို့တွေ

ဓားအပျက်အစီးနယ်မြေမှာ” ဟု

တိုးတိုးလေးပြန်ဖြေသည်။

ယန်ယဲ့ က ခေါင်းညိတ်ပြီး

“ကျေးဇူးတင်ပါတယ်”

ဓားစာလိပ် က ယန်ယဲ့ကို

ငုံ့ကြည့်လိုက်ပြီး "အခု

အနားယူတော့မလား"

အနားယူရမလား ။

ယန်ယွဲ့က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

"အခုလောက်ဆို

ငါ့ဆီကိုလာနေကြလောက်ပြီ"

ဓားစာလိပ်က “နင် အနားယူဖို့

စိတ်ကူးမရှိဘူးလား”

"အနားယူပါလား" ယန်ယွဲ့က

တဟားဟားရယ်မောနေသည်။

သို့သော်သူ့အပြုံးက

အနည်းငယ်အေးစက်နေပြီး "ဓားစာလိပ်၊

ငါ့အသတ်ခံရရင် နှင်းပွင့်လေး ချင်းရှီနဲ့

တခြားသူတွေ ဘာဖြစ်မယ်ဆိုတာ

မင်းသိလား။ ငါယန်ယွဲ့ ပြန်မလာနိုင်ခဲ့ရင်

သူမ ဘာဖြစ်သွားမလဲ။

အဲဒါတွေအားလုံးကို မေ့လိုက်ပါ။

မျိုးနွယ်စု ၆ ခုဟာ ငါ့ကိုအမဲလိုက်သလို

လိုက်ဖမ်းခဲ့ကြတယ်။ ငါယန်ယွဲ့က အဲ့ဒါကို မေ့ပစ်သင့်လား"

သူက အဝေးရှိ ကောင်းကင်ကို မျှော်ကြည့်ရင်း "သိပ်မကြာသေးခင်က အင်မော်တယ်အိမ်တော်ရဲ့ ပညာရှင်တွေ ရောက်လာတော့ မျိုးနွယ်စု ၅ ခုရဲ့ဘိုးဘေးတွေပါ ချက်ချင်းရောက်လာကြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့အမြင်မှာ

မူလကမ္ဘာအဆင့် က

ငါ့ကိုသတ်နိုင်လိမ့်မယ်လို့

ထင်နေကြတာလေ။ အခု သူတို့

ငါ့ကိုသတ်ဖို့ ခွန်အားမရှိလို့

ထွက်ပြေးသွားပြီ။ ဒါပေမဲ့

ငါပြောနိုင်ပါတယ်၊ သူတို့မှာ အခွင့်အရေး

တွေရှိနေရင် ငါ့ကို သနားညှာတာပေးမှာ

မဟုတ်ဘူး"

ဓားစာလိပ် လည်း တိတ်ဆိတ်သွားသည်။

ယန်ယဲ့ပြောသည့်အတိုင်း အမှန်ပါ။

မျိုးနွယ်စု ၆ ခုအတွက်

အခွင့်အရေးရခဲ့လျှင်

အကယ်၍

သူမသည် ရိုးရိုးသားသားဆိုလျှင်

ထိုမျိုးနွယ်စုများက သူ့ကိုသတ်ရန်

အခွင့်ရှိလျှင် ယန်ယဲ့အား

သေချာပေါက်သတ်ပစ်ပါလိမ့်မည်။

ယန်ယဲ့ သည် စကားထပ်မပြောတော့ဘဲ

မူလစေတီကို

ချက်ချင်းဆွဲယူလိုက်သည်။

ထိုခဏလေးမှာပဲ သူ့ခန္ဓာကိုယ်ထဲမှာ

သိပ်သည်းသော

မူလခရမ်းရောင်စွမ်းအင်များထွက်ပေါ်

လာပါတော့သည်။

သူက နှင်းပွင့်ကို တစ်ချက်ကြည့်လိုက်ပြီး
ပြုံးပြီး "လာ၊ ငါတို့တွေ
တရားမျှတမှုသွားယူကြရအောင်"

နှင်းပွင့်လေးက ကမန်းကတန်း
ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့၏ပုံရိပ်က
အလင်းတန်းအသွင်ပြောင်းကာ
ကောင်းကင်ထက်သို့

ပျောက်ကွယ်သွားခဲ့လေပြီ။

ဝမ်အရှူးမလေး၊ မူလနတ်ဆိုးနှင့်

ဓားစာလိပ်တို့ဟာ သူ့ဘေးကနေ

လိုက်လာကြသည်။

ဝမ်အရှူးမလေးက နှင်းပွင့်လေး ဆီသို့

လျှောက်သွားသည်။

သူမ၏လက်ကိုဆန့်ကာ နှင်းပွင့်ကို

ထိကိုင်ရန်ပြင်လိုက်သည်။ သို့သော်

နှင်းပွင့်လေးက

သူမ၏လက်သည်းများကိုမြှောက်ကာ ဝှေ့ယမ်းလိုက်လေသည်။

ဝမ်အရှူးမလေးကို ငြင်းဆန်တာပါ။

ဝမ်အရှူးမလေးက ဒေါသမထွက်ဘဲ ပျော်ရွှင်နေပုံရသည်။ သူမက တခစ်ခစ်ရယ်ရင်း "ဒီလောက် ချစ်ဖို့ကောင်းလိုက်တာ။ ငါက ဝမ်အရှူးမလေး ပါ၊ နင်ကော ဘယ်လိုလဲ"

ယန်ယွဲ့ က နှင်းပွင့်ကို ငုံ့ကြည့်လိုက်ရင်း

"နှင်းပွင့်လေး၊ မင်း သူမကို

နှင်းခဲလေးလို့ခေါ်နိုင်တယ်"

နှင်းပွင့်လေးက ယန်ယွဲ့ပြောတာ

အမှန်ဖြစ်သည်ဟု

ခေါင်းညိတ်လိုက်သည်။

ဤအချိန်တွင် မူလနတ်ဆိုးက

နှင်းပွင့်လေး ဆီသို့ ရုတ်တရက်

လျှောက်လာပြီး " အောက်... အောက်..."

"အောက်ဇီ..." ဝမ်အရှူးမလေးက

မူလနတ်ဆိုး၏ခေါင်းကို ထိလိုက်ပြီး

"နင့်နာမည်က အခု အောက်ဇီ ဖြစ်နေပြီ"

မူလနတ်ဆိုးက

ဘာစကားမှမပြောနိုင်တော့ပေ။

ထိုကဲ့သို့ပင် မူလနတ်ဆိုးမှာ အောက်ဇီ ဟူသော အမည်သစ်တစ်ခု ရှိလာသည်။

ဓားစာလိပ်က ဝမ်အရှုးမလေးနှင့် အောက်ဇီကို တစ်ချက်ကြည့်လိုက်သည်။ သူမ ဘာတွေးနေသလဲတော့ ဘယ်သူမှမသိပေ။

ဤအတောအတွင်း ယန်ယဲ့၏အသံက

ဓားစာလိပ်၏အသိစိတ်ထဲသို့

ဝင်ရောက်လာသည်။ သူက

"သူတို့ရဲ့ဇာစ်မြစ်ကို

မင်းကြည့်လို့ရမလား"

ဓားစာလိပ်က ခဏမျှ

ငြိမ်သက်သွားသည်။ ထို့နောက် သူမက

အနည်းငယ်ခေါင်းညိတ်ကာ

"အောက်ဇီက ရှေးခေတ်ဦးရဲ့

ကောင်းကင်လှုပ်ခါခြင်းနွားမျိုးဆက်ဖြစ်

သင့်တယ်။ ဝမ်အရှုးမလေးကတော့...

သူမက လူသားမဟုတ်ဘူး”

ယန်ယဲ့က "ဒါဆို သူမက ဘာလဲ"

ဓားစာလိပ် က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး "ဒါကို

ငါတောင် မမြင်နိုင်ဘူး"

ယန်ယဲ့ သည် ငြိမ်သက်သွားသည်။

ဓားစာလိပ်က

ရုတ်တရက်မေးလိုက်သည် "သူမက

နှင်းပွင့်ကိုဒုက္ခပေးမှာကြောက်လို့လား"

ယန်ယဲ့က ပြန်မဖြေဘဲ

အတွေးနက်နေခဲ့သည်။

ဆားစာလိပ်က လေးနက်စွာပြောခဲ့သည်

"ဒါကို နှင်စိုးရိမ်နေစရာမလိုပါဘူး။

သူတို့က နှင်းပွင့် ကိုဒုက္ခမပေးဘူး။

ဒါမှမဟုတ် နည်းနည်းလေး

ရင်းနှီးသွားရင်တောင် နှင်းပွင့်လေးက

တော်တော့်ကိုအဆင်ပြေနေမှာ"

ယန်ယဲ့က ဆားစာလိပ်ကို

လှည့်ကြည့်ပြီးနောက် သူ့နံဘေးမှ

နှင်းပွင့်ကို ငုံ့ကြည့်လိုက်သည်။

ဤအချိန်တွင် နှင်းပွင့်က
နွားနတ်ဆိုး၏ခေါင်းပေါ်မှာ
တက်ထိုင်နေသည်။ ထို့အပြင်
နွားချိုများကို တီးခေါက်နေလေသည်။
သို့သော် နွားနတ်ဆိုးက လုံးဝ
ဒေါသမထွက်ပေ။

ယန်ယဲ့က သူ့အကြည့်ကို ဆုတ်လိုက်ပြီး
အဝေးသို့ လှမ်းကြည့်လိုက်သည်။
ရှေ့တွင် အကန့်အသတ်မဲ့

တောင်တန်းတစ်ခုရှိနေခဲ့သည်။

တောင်ခြေရင်း၌

ရှေးဟောင်းမြို့တစ်မြို့ရှိလေသည်။

မြို့ကို တောင်တန်းများဖြင့်

ဝန်းရံထားသည်။

ပိုင်ချွမ် မျိုးနွယ်။

၎င်းသည်

ပိုင်ကလန်၏အဓိကမြို့ဖြစ်သည်။

ယန်ယဲ့နှင့် အဖွဲ့ဟာ

ပိုင်ကလန်၏မြို့အထက်သို့

ရောက်လာခဲ့သည်။ သို့သော်

အောက်ဖက်ရှိ မြို့တော်မှ

အလင်းတန်းများဖြာထွက်လာပြီး

တစ်မြို့လုံးအားလွှမ်းခြုံထားကာ

အောက်ကိုဆက်ပြီးမဆင်းနိုင်တော့ပေ။

ယန်ယဲ့ သည် မြို့အား လွှမ်းခြုံထားသော

အလင်းလွှာကို စူးစူးစိုက်စိုက်ကြည့်ကာ

သူ၏ဆေဘာကို

ဆွဲထုတ်ပြီးပိုင်းချလိုက်သည်။

ဆူး...

သွေးနီရောင်

တလက်လက်တောက်ပနေသော

ဆေဘာစွမ်းအင်တစ်စင်း

လင်းလက်လာပြီး အလင်းလွှာကို

ချက်ချင်း ထိမှန်သွားသည်။

ဘောင်း...

ပိုင်မြို့တော်အား လွှမ်းခြုံထားသည့်

အလင်းလွှာဟာ

ချက်ချင်ပေါက်ကွဲသွားသည်။

ဤအချိန်တွင် မြို့ရိုးပေါ်၌

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ပေါ်လာသည်။

ပိုင်ချွမ်းထျန်။ ပိုင်ကလန်၏ဘိုးဘေး...

ပိုင်မျိုးနွယ်စုမှ မရေမတွက်နိုင်သော

အဖွဲ့ဝင်များသည် မြို့ပြင်သို့

ထိတ်လန့်တကြား ကြည့်နေကြသည်။

ပိုင်မျိုးနွယ်သည် မူလမြို့တော်ရှိ

အဖြစ်အပျက်ကို သိရှိခဲ့ကြသည်။

လက်ရှိမှာတော့

သူတို့စိုးရိမ်နေသည့်အတိုင်း ယန်ယဲ့သည်

ပိုင်မြို့တော်သို့

ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ယန်ယဲ့သည် သွေးဆောဘာကို

မြေပြင်ပေါ်တရွတ်ဆွဲကာ

ရှေ့သို့လျှောက်လာခဲ့သည်။

ဆောဘာက မြေပြင်ကို ပွတ်ဆွဲသွားသဖြင့် မီးပွားများ တဖျပ်ဖျပ်လက်နေခဲ့သည်။

ပိုင်ချွမ်းထျန် က မြို့ထဲရှိ သူ့လူများကို စိုက်ကြည့်လိုက်ပြီး ယန်ယဲ့အား စိုက်ကြည့်နေသည်။ ခဏအကြာတွင် ယန်ယဲ့သည် ရုတ်တရက် ရပ်တန့်သွားသည်။

ယန်ယဲ့ သည် ပိုင်ချွမ်းထျန်ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
သွေးဆောဘာကို ပခုံးပေါ်တင်ကာ
သူ့လူများနှင့်အတူ ကောင်းကင်ထက်သို့
ပျောက်ကွယ်သွားသည်။

မြို့ရိုးထက်၌ ရပ်နေသည့်
ပိုင်ချွမ်းထျန်၏ပုံရိပ်ဟာ
တဖြည်းဖြည်းချင်းဝေဝါးသွားသည်။

"ဘိုးဘေး..." ပိုင်မြို့ထဲမှ

မရေမတွက်နိုင်သော

ဝမ်းနည်းပူဆွေးသံများ

ထွက်ပေါ်လာကြသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၀၁ - တိုက်ခိုက်မှုနှစ်ခု

မြို့ရိုးပေါ်မှာ ရပ်နေသည့်
ပိုင်ချွမ်းထျန်၏ပုံရိပ်ဟာ
တဖြည်းဖြည်းပျောက်ကွယ်သွားခဲ့သည်။

ကိုယ့်ကိုယ်ကိုသတ်သေခြင်း ...။

ပိုင်မြို့တော်သို့
ယန်ယွဲ့ရောက်ရှိလာသောအခါ

ပိုင်ချမ်းထျန်၏အစီအစဉ်များနှင့်အတွေး

များ အကုန်လုံး ပျက်စီးသွားသည်။

ယန်ယဲ့၏ပုံစံက ပိုင်ကလန်ကို

လွှတ်ပေးမည်မဟုတ်မှန်း

သိသာလှသည်။

ပိုင်ကလန်ကို ယန်ယဲ့၏လက်ထဲမှ

လွှတ်မြောက်ရန်အတွက်

နည်းလမ်းတစ်ခုသာရှိခဲ့၏။

ပိုင်ကလန်၏ဘိုးဘေးဖြစ်သည့်
သူ့ကိုယ်သူ
ကိုယ့်ကိုယ်ကိုသတ်သေတာပါ။

ပိုင်ချွမ်းထျန် အပြင် ယန်ယဲ့အား
လိုက်လံဖမ်းဆီးခဲ့သည့်
အကြီးအကဲများအားလုံးပါ
ကိုယ့်ကိုယ်ကို အဆုံးစီရင်ခဲ့ကြသည်။

...

ယန်ယဲ့သည် ဓားပျံကိုစီးနင်းလျက် ကောင်းကင်ကိုဖြတ်ကာ ပျံသန်းနေခဲ့သည်။

ဤအချိန်တွင် နှင်းပွင့်က ပုံမှန်အတိုင်း ပြန်ဖြစ်သွား၏။ သူမလေးက ဘူးသီးနက်ကိုအဆက်မပြတ်ဖွေ့ယမ်းလျက် ယန်ယဲ့ရှေ့ကနေပျံသန်းနေပါသည်။

ဘူးသီးနက်ထဲမှ ဓားစွမ်းအင်များ
အဆက်မပြတ်ထွက်ပေါ်လာကာ
ပတ်ဝန်းကျင်ကို ဖုံးလွှမ်းထား၏။

ယန်ယဲ့က နှင်းပွင့်လေးကို ငေးကြည့်ရင်း
ပြုံးပြီး "အံ့သြစရာပဲ"

သူ့စကားက နှင်းပွင့်လေးကို
ပျော်ရွှင်သွားစေပါသည်။ သူမလေးက

ချက်ချင်းနောက်ပြန်လှည့်ကာ ထပ်မံလေ့ကျင့်ပါတော့သည်။

"ချစ်ဖို့ကောင်းလိုက်တာ..." ဓားစာလိပ်က အသံတိုးတိုးဖြင့်ပြောလိုက်ပါသည်။ သူတို့ရှေ့က နှင်းပွင့်လေးဟာ အနာဂတ်၏ ဝိညာဉ်ဖန်ဆင်းရှင်နှင့် လုံးလုံးမတူပေ။

ထိုအဖြူရောင်အကောင်လေးက

ကလေးလေးတစ်ယောက်လိုပင်

ချစ်စရာကောင်းနေခဲ့သည်။

ယန်ယဲ့ သည် နှင်းပွင့်ကို စိုက်ကြည့်ရင်း

သူ့မျက်နှာပေါ်တွင် ရှားပါးသော

အပြုံးတစ်ခု ပေါ်လာသည်။

ဓားစာလိပ်က ရုတ်တရက်မေးလိုက်၏

"ထာဝရလျှို့ဝှက်နယ်မြေထဲမှာ

နင်ဘာတွေတွေ့ခဲ့တာလဲ"

ဓားစာလိပ်၏အသံက

သိချင်စိတ်အပြည့်ပါ။

ယန်ယဲ့ပြန်ရောက်လာသည့်အခါ

မူလကမ္ဘာအဆင့်ခွန်အားကိုပင်

ပိုင်ဆိုင်ထားခဲ့သည်။ ယန်ယဲ့ဟာ

ရုပ်ခန္ဓာအဆင့်သာ

တက်လှမ်းသွားသော်လည်း

အခြားအရာများနှင့်ပတ်သက်၍တော့

သိသိသာသာ တိုးတက်လာခဲ့သည်။

မည်သို့ပင်ဖြစ်စေ

အလွန်ကြောက်စရာကောင်းသော

တိုးတက်မှုဖြစ်ခဲ့သည်။

မူလကမ္ဘာအဆင့် ကျင့်ကြံသူတစ်ဦးပင်

လက်ရှိယန်ယွဲ့ကို

သတ်ရန်ခက်ခဲပေသည်။

ယန်ယဲ့က "ဓားစာလိပ်၊ မင်းဟာ

ထာဝရမြစ်ရဲ့ တစ်ဖက်ကမ်းက

မဟုတ်လား"

ဓားစာလိပ်က တိတ်ဆိတ်သွားသည်။

ယန်ယဲ့ က တိုးတိုးလေးမေးလိုက်သည်

"မင်းအဲ့အကြောင်းမပြောနိုင်ဘူးလား"

ဓားစာလိပ်က

လေးနက်စွာပြန်ဖြေလိုက်သည်

“မှန်ပါတယ်၊ ငါက

ထာဝရမြစ်တစ်ဖက်ကမ်းနေလာတာ။

နင်ဘာသိချင်လဲ"

ယန်ယဲ့က

"အရမ်းကြောက်စရာကောင်းသလား"

ဓားစာလိပ်က “ဒါဟာ စွမ်းအားရှင်တွေ

အတွက် မဟုတ်ပါဘူး၊ ဒါပေမဲ့

အားနည်းသူတွေအတွက်တော့

အရမ်းကိုကြောက်စရာကောင်းတယ်။

အားနည်းသူတွေကို

အမဲလိုက်တတ်တာဟာ

သန်မာတဲ့သူတွေအတွက် သဘာဝပဲလေ”

ယန်ယဲ့က "ဒါဆို ဒီကလူတွေ ဘာလို့

အဲ့ဒီ့ကို မသွားကြတာလဲ"

ဓားစာလိပ်က  တခစ်ခစ်ရယ်ပြီး “ဒါမျိုး တစ်ခါမှ မတွေးဖူးဘူး။ ဒီမှာက အားနည်းတဲ့လူတွေချည်းပဲ”

ယန်ယဲ့က ဓားစာလိပ်ကို စိုက်ကြည့်ရင်း "ဘာပြောချင်တာလဲ"

ဓားစာလိပ်က  “ဒါဟာ မတူညီတဲ့ အသိုင်းအဝိုင်းနှစ်ခုက လူတွေနဲ့တူတယ်။

ဆင်းရဲတဲ့သူတွေက ချမ်းသာသူတွေရဲ့
အသိုင်းအဝိုင်းထဲကို ဘယ်လို
ရောစပ်ကြမလဲ။ ရိုးရိုးသားသား
ပြောရရင် နင့်ရဲ့စကြာဝဠာကြီး
မပေါ်ခင်မှာ ထာဝရစကြာဝဠာတစ်ခုပဲ
တည်ရှိခဲ့တာ။ ထာဝရစကြာဝဠာဟာ
ထင်ရှားကျော်ကြားတဲ့စကြာဝဠာအားလုံး
ထဲမှာ သက်တမ်းအရင့်ဆုံးပဲ။ သူတို့ရဲ့

လူနေမှုအဆင့်အတန်းကလည်း

တိုးတက်အမြန်ဆုံးလို့ပြောရမယ်"

သူမက ယန်ယဲ့ကို စိုက်ကြည့်ကာ

ဆက်ပြောသည် "ထာဝရနယ်စပ်ရဲ့

မူလခေတ်ကို နင်သိမှာ သေချာပါတယ်။

မူလခေတ်ရဲ့ အထွတ်အထိပ်မှာတောင်

သူတို့နဲ့ မယှဉ်နိုင်ဘူးလို့

ပြောလို့ရပါတယ်။ သူတို့က ဒီကနေ

လာတဲ့ ကျင့်ကြံသူတွေကို မငြင်းပါဘူး၊

ဒီမှာရှိတဲ့ ကျင့်ကြံသူတွေဟာ

ခွန်အားမလုံလောက်လို့

စကြဝဠာတံတိုင်းကို

ဖြတ်မသွားနိုင်တာပဲလေ”

ယန်ယဲ့က အနည်းငယ် ခေါင်းညိတ်ပြပြီး

"ငါနားလည်ပြီ"

သူက ခဏရပ်ပြီး “ငါ့ရဲ့ ခွန်အားနဲ့ဆို ဖြတ်ကျော်နိုင်မလား” ဟုထပ်မေးလိုက်၏။

ဓားစာလိပ် က ခဏမျှ တုံ့ဆိုင်းသွားပြီး ခေါင်းခါလိုက်သည်။

ယန်ယဲ့၏မျက်လုံးများ အနည်းငယ်မှိတ်သွားပြီး "ဒီကလူတွေ

ဟိုဖက်ကမ်းကို

ကူးသွားနိုင်တာရှိသလား"

"အနည်းအကျဉ်းတော့ ရှိတယ်"

ဓားစာလိပ်က တိုးတိုးလေးပြောခဲ့သည်

“မူလခေတ်မှာ။ အထူးသဖြင့်

မူလကေရာဇ်တွေနဲ့

ဟင်းပြင်နတ်ဘုရားတွေ အများကြီး

ဖြတ်ကျော်သွားခဲ့တယ်။

ထာဝရစကြဝဠာရဲ့ လူတွေတောင်မှ

သူတို့ကို ကြောက်ရွံ့ခဲ့ကြတယ်။

ကံမကောင်းစွာပဲ၊ မူလခေတ်ဟာ

ဖရိုဖရဲခေတ်ဖြစ်နေတယ်။ ပဋိပက္ခထဲမှာ

စွမ်းအားရှင်တွေနဲ့

မျိုးနွယ်စုတွေအများကြီးပါခဲ့တယ်။

ထာဝရစကြဝဠာရဲ့ အင်အားစုတွေက

ဒီအခြေအနေကိုမြင်တော့

ဝမ်းသာအားရဖြစ်သွားကြတယ်။

ဒါကြောင့် သူတို့

ဝင်မစွက်ဖက်ဘဲနဲ့တောင် မူလခေတ်က

တဖြည်းဖြည်း ကျဆင်းသွားခဲ့တယ်”

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး

ဓားစာလိပ်ကို စိုက်ကြည့်ရင်း "မင်းကော။

မင်းကဘာလဲ"

ဓားစာလိပ်က နှုတ်ဆိတ်နေခဲ့သည်။

ယန်ယဲ့က ထပ်မမေးတော့ပါ။ အဝေးကို မျှော်ကြည့်လိုက်ရင်း သူ့အမြင်အာရုံအဆုံးတွင် မြို့တော်တစ်ခု ပေါ်လာသည်။

လော့လီမျိုးနွယ်....

မှန်သည်၊ ယန်ယဲ့၏ဦးတည်ရာက လော့လီမျိုးနွယ်ဖြစ်သည်။

လော့မြို့တော်ကို ငေးကြည့်ရင်း

သွေးဆောဘာကို ရုတ်တရက် ဆွဲထုတ်ပြီး

ပိုင်းချလိုက်သည်။

ဆူး...

သွေးနီရောင်

ဆောဘာစွမ်းအင်တစ်စင်းဟာ

ကောင်းကင်ကို ပိုင်းဖြတ်ပြီး

လော့မြို့တော်အပေါ်သို့

ကျရောက်သွားသည်။ ဆေဘာစွမ်းအင်
ဆင်းသက်လာစဉ်
ကောင်းကင်ယံတစ်ခုလုံး
ပွင့်ထွက်သွားခဲ့သည်။ သို့သော်လည်း
မြို့ပေါ်သို့ ကျရောက်ခါနီးတွင်
စွမ်းအင်လက်ကြီးတစ်ဖက် ရုတ်တရက်
ဆန့်ထွက်လာပြီး ဆေဘာစွမ်းအင်ကို
ဆုပ်ကိုင်ကာ ဖြည်းညှင်းစွာ
ညှစ်လိုက်သည်။

ဘောင်း...

ယန်ယဲ့၏ဆောဘာစွမ်းအင်က

ချက်ချင်းဆိုသလို ကွဲထွက်သွားသည်။

နှင်းပွင့်၏မျက်လုံးလေးများက

ချက်ချင်းပင် ပြူးကျယ်သွားသည်။

ထို့နောက် သူမ၏လက်သည်းများကြား၌

ပုဆိန်တစ်လက်ပေါ်လာသည်။

ဤအချိန်တွင် နွှားနတ်ဆိုးက

နှင်းပွင့်ရှေ့တွင် ရုတ်တရက်ပေါ်လာပြီး

လက်သီးကို အသင့်ဆုပ်ထားလေသည်။

နွားနတ်ဆိုးက နှင်းပွင့်ကို

မျက်နှာသာပေးရန် ကြိုးစားနေပုံပါ။

နွားနတ်ဆိုးဟာ

နှင်းပွင့်ကိုမြင်ပြီးကတည်းက

အကြောင်းပြချက်မရှိဘဲ

မျက်နှာသာရအောင် ကြိုးစားနေခဲ့သည်။

ဓားစာလိပ်က အောက်ဇီ ကို ငုံ့ကြည့်ကာ
သူမကိုယ်သူမတွေးရင်း ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်သည်။

ဒီနွားက မိုက်မဲသောနွားမဟုတ်ပေ။

ယန်ယဲ့ သည် လောင့်မြို့တော်ကို
ငုံ့ကြည့်လိုက်ပြီး ဖြည်းညှင်းစွာ
လျှောက်လာခဲ့သည်။

နှင်းပွင့်လေးက

ဘယ်ညာလက်သည်းများကြားတွင်

ပုဆိန်တစ်လက်နှင့်

ဘူးသီးနက်တစ်လုံးကို ကိုင်ထားရင်း

ယန်ယဲ့၏နောက်မှ လိုက်လာခဲ့သည်။

သူမလေးက ယန်ယဲ့အား

ကူပြီးတိုက်ခိုက်ပေးရန်ရည်ရွယ်ထားပုံပါ

။

ယန်ယဲ့ သည် လော့မြို့တော်၏

မြို့တံခါးရှေ့သို့ ရောက်လာခဲ့သည်။

ဤအချိန်မှာပဲ

သူ့ရှေ့တွင်

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ပေါ်လာသည်။ သို့သော်

ထိုလူ၏ခန္ဓာကိုယ်က

အနည်းငယ်ဝေဝါးနေသည်။

သေချာသည်မှာ သူ၏အဓိက ခန္ဓာကိုယ်

မဟုတ်ပေ။ သူ့နောက်တွင်
လော့လီမျိုးနွယ်၏ဘိုးဘေး
လော့လီယွဲ့လိုက်ပါလာသည်။

လော့လီယွဲ့ က ယန်ယဲ့ကို
တစ်ချက်လှမ်းကြည့်ကာ
တိတ်ဆိတ်နေ၏။

ယန်ယဲ့ သည် အဖြူရောင်ဝတ်ရုံဝတ်
သက်လတ်ပိုင်းအမျိုးသားကို

တစ်ချက်ကြည့်ရင်း

ဘာစကားမှမပြောဘဲ ရှေ့သို့

ခြေတစ်လှမ်းတိုးကာ သွေးဆောဘာကို

ပိုင်းချလိုက်တော့သည်။

ဆူး...

သွေးဆောဘာစွမ်းအင်တစ်စင်း

ပြေးထွက်လာပြီး ပတ်ပတ်လည်ရှိ

အာကာသည်ပွင့်ထွက်သွားသည်။

ထို့နောက် သေွးဆောဘာအလင်းတန်းက
သက်လတ်ပိုင်းအမျိုးသား
အထက်သို့ဆင်းသက်လာသည်။

သက်လတ်ပိုင်းအမျိုးသားက
တုန်လှုပ်သွားခြင်းမရှိပေ။
သူ၏လက်ဝါးနှစ်ဖက်ကိုပူးကပ်ပြီး
အပေါ်သို့ပင့်ရိုက်လိုက်သည်။
သို့သော်လည်း သူ့ခြေထောက်အောက်က
မြေပြင်ဟာ အက်ကွဲသွားသည်။

ဤအချိန်တွင် နွားမွေးကဲ့သို့

ပါးလွှာနေသော

အေးစက်စက်အလင်းတန်းတစ်ခုဟာ

သက်လတ်ပိုင်းအမျိုးသား၏ဝမ်းဗိုက်ဆီ

သို့တိုးဝင်လာသည်။

သက်လတ်ပိုင်းအမျိုးသား၏အမူအရာ

က ရုတ်ချည်း ပြောင်းလဲသွားသည်။

သူ၏တုံ့ပြန်မှုက မနှေးကွေးပါ။
သူ့ညာခြေကို တစ်ချက်ဆောင့်ကာ
နောက် ၁ မီတာကျော်အကွာသို့
ရွှေ့လိုက်သည်။

တစ်ချိန်တည်းမှာပဲ
ဆောဘာတစ်ချောင်းက လေထုကို
ဆုတ်ဖြဲသွားသည်။

သက်လတ်ပိုင်းအမျိုးသား၏မျက်လုံး

များက ကျဉ်းမြောင်းသွားပြီး

သူ့လက်ဝါးကို မြောက်ကာ ရှေ့သို့

ပုတ်လိုက်သည်။

ဖန်း…

သွေးဆေဘာ က ချက်ချင်း

ရပ်တန့်သွားကာ

ရှေ့ကိုဆက်ပြီးမတိုးနိုင်တော့ပေ။

ဤအချိန်တွင် ယန်ယဲ့သည်
သေွးဆောဘာ၏နောက်ကွယ်မှ
ပေါ်လာပြီး လက်ကိုင်ရိုးကို ညာခြေဖြင့်
ဖြုတ်ကန်လိုက်သည်။

ဆူး

သေွးဆောဘာ က လျှပ်စီးတန်းကဲ့သို့
ရှေ့ကို ပြေးထွက်သွားသည်။

သက်လတ်ပိုင်းအမျိုးသားက သူ့လက်ကို ဘေးသို့အနည်းငယ်ရွှေ့လိုက်ပြီး သွေးဆောဘာလက်ကိုင်ရိုးကို ပုတ်လိုက်သည်။ သွေးဆောဘာက အနည်းငယ်လမ်းကြောင်းပြောင်းကာ ခေါင်းကိုဖြတ်မည့်အစား သူ့နားရွက်ကို လှီးဖြတ်သွားခဲ့သည်။

ဤအချိန်တွင်

အေးစက်စက်အလင်းတန်းတစ်ခုက

သက်လတ်ပိုင်းအမျိုးသား၏ရင်ဘတ်ရှေ့ကို ရောက်လာသည်။

ဒီအချိန်မှာ သူက ရှင်းရှင်းလင်းလင်းမြင်သွားလေတော့သည်။

ပုစဉ်းရင်ကွဲ အတောင်များကဲ့သို့ ပါးလွှာသော ဆောဘာတစ်လက် ပင်။

ဆောဘာနှစ်လက် ...။

ယန်ယဲ့၏လှုပ်ရှားမှုက

အလွန်လျင်မြန်သည်။

သက်လတ်ပိုင်းအမျိုးသားက

သူ့လက်ကိုဆန့်ထုတ်ပြီး

အရိပ်မဲ့ဆေဘာကို ဖမ်းဆုပ်လိုက်သည်။

ယန်ယဲ့သည် အရိပ်မဲ့ဆေဘာကို

လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ပြီး

လှည့်လိုက်သော်လည်း တစ်လက်မမျှ

မရွေ့ပေ။

ဤအတောအတွင်း

သက်လတ်ပိုင်းအမျိုးသားက

သူ၏လက်ဝါးကို

အတွင်းဖက်သို့အနည်းငယ်ကွေးလိုက်ပြီး

လက်ချောင်းများဖြန့်ကာ ရှေ့သို့

တွန်းထုတ်လိုက်သည်။

ဘမ်း...

သူ့လက်ဝါးအလယ်မှ
ပြင်းထန်သောစွမ်းအင်လှိုင်းတစ်ခု
ထွက်လာပြီး ယန်ယဲ့ကို ထိမှန်သွားသည်။
ယန်ယဲ့ သည် ၃ ကီလိုမီတာအကွာသို့
လွင့်ထွက်သွားသည်။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်
ပါးစပ်ထောင့်မှ သွေးများ
စိမ့်ထွက်လာသည်။

သက်လတ်ပိုင်းအမျိုးသားက
သူ့လက်နှစ်ဖက်ကို
နောက်ပစ်ထားလိုက်ပြီး ယန်ယဲ့အား
စိုက်ကြည့်ရင်း “ကဲ ....
ငါတို့စကားပြောလို့ရမလား”

ယန်ယဲ့က သွေးဆောဘာကို

လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်ပြီး

သက်လတ်ပိုင်းအမျိုးသားကို

ပစ်ပေါက်လိုက်သည်။

ဆူး...

သွေးဆောဘာက လေထုကိုဆုတ်ဖြဲ၍

သက်လတ်ပိုင်းအမျိုးသား ထံ

တည့်တည့်ပြေးဝင်သွားသည်။

သက်လတ်ပိုင်းအမျိုးသားက

အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။ သူက

ခြေတစ်လှမ်းဆုတ်ပြီး

လက်နှစ်ဖက်ကိုပူးကပ်ကာ ရှေ့သို့

ဆောင့်တွန်းလိုက်သည်။

ဘမ်း...

ယန်ယဲ့၏သွေးဆောဘာက သူနှင့် ၁ မီတာကျော်အကွာတွင် ရပ်တန့်သွားသည်။

ဒီအချိန်မှာ ယန်ယဲ့က သက်လတ်ပိုင်းအမျိုးသားရှေ့မှာပေါ်လာသည်။ တစ်ချိန်တည်းမှာပင် ဆောဘာဓားစွမ်းအင်တစ်စင်းက သက်လတ်ပိုင်းအမျိုးသားဆီသို့ တည့်တည့်ကျဆင်းလာသည်။

အနန္တစားနယ်မြေ...

သက်လတ်ပိုင်းအမျိုးသား၏မျက်လုံး

များက အနည်းငယ်ကျဉ်းမြောင်းသွားပြီး

သူ့လက်ညှိုးကို အထက်သို့

ပုတ်လိုက်သည်။

အုန်း...

ပေါက်ကွဲသံနှင့်အတူ

သက်လတ်ပိုင်းအမျိုးသားဟာ ၃

ကီလိုမီတာအကွာသို့

လွင့်ထွက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင်

သူ၏ခန္ဓာကိုယ်သည် ပို၍ပင်

ကြည်လင်လာခဲ့သည်။ အချိန်မရွေး

ပျောက်ကွယ်သွားတော့မည်ထင်ရ၏။

သက်လတ်ပိုင်းအမျိုးသားက

သူ၏ခန္ဓာကိုယ်ကို ငုံ့ကြည့်နေသည်။

ဤအချိန်တွင် ယန်ယဲ့က သူ့ကို

စိုက်ကြည့်လိုက်ပြီး

"တိုက်ခိုက်မှုနှစ်ခုပဲ..."

ထိုစကားပြောပြီးနောက်

သွေးဆောဘာကိုလက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်လျက်မြှောက်လိုက်သည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၀၂ - နင်က ဝိညာဉ်အင်ပါယာ

မဟုတ်ဘူးပဲ

ယန်ယဲ့ ပြောလိုက်သည့် စကားကို

ကြားလိုက်သောအခါ

လော့လီယွဲ့၏အမူအရာက

အတော်လေးဆိုးရွားလှသည်။

သက်လတ်ပိုင်းအမျိုးသားက

ကောင်းကင်ထက်သို့

ရုတ်တရက်ပျံတက်သွားပြီးနောက်

သူ၏လက်ကိုမြှောက်ပြီး ယန်ယွဲ့အား

လက်ခုပ်တီးလိုက်သည်။

အုန်း...

ယန်ယဲ့၏အနီးတစ်ဝိုက်ရှိ အာကာသထဲမှ

ကြောက်မက်ဖွယ်

စွမ်းအင်ကြိုးတစ်ချောင်း

ရုတ်တရက်ပေါ်လာသည်။ ၎င်းသည်

သူ့အား အစိတ်စိတ်အမြွာမြွာ

ခွဲချေပစ်ရန် ရည်ရွယ်ထားပုံရသည်။

ယန်ယဲ့က တုန်လှုပ်သွားခြင်းမရှိဘဲ

သွေးဆောဘာကို မြှောက်ပြီး

ခုတ်ပိုင်းလိုက်သည်။

ဆူး...

ဓားစွမ်းအင်တစ်စင်းက

လေထုကိုဆုတ်ဖြဲ၍ စွမ်းအင်လှိုင်းများကို

ချေမှုန်းပစ်လိုက်သည်။

ယန်ယဲ့ သည် သွေးဆောဘာကို

လက်နှစ်ဖက်ဖြင့် ဖမ်းကိုင်ကာ

သက်လတ်ပိုင်းအမျိုးသားအား

ပစ်ပေါက်လိုက်သည်။

ဘုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

သက်လတ်ပိုင်းအမျိုးသားဟာ ၁

ကီလိုမီတာအကွာသို့

လွင့်ထွက်သွားသည်။ ဤအချိန်တွင်

သူ၏ ခန္ဓာကိုယ်အောက်ပိုင်း ဟာ

ပျောက်ကွယ်သွားသည်။

၎င်းသည် သူ၏

အစိကကိုယ်ခန္ဓာမဟုတ်သောကြောင့်

မည်မျှပင် သန်မာနေပါစေ ယန်ယွဲ့အား

ဘာမှမလုပ်နိုင်ပါ။

ယန်ယဲ့က သူ၏ညာလက်ကို

ဝှေ့ယမ်းလိုက်သည်။ သွေးဆောဘာက

လေထုကိုဆုတ်ဖြဲ၍

သူ့လက်ထဲသို့ပြန်ရောက်လာသည်။

သူက သက်လတ်ပိုင်းအမျိုးသားကို

တိုက်ခိုက်ရန် မလိုအပ်တော့သောကြောင့်

ထပ်ပြီးဂရုစိုက်မနေတော့ပေ။

ထို့နောက် သွေးဆောဘာကို

ပခုံးပေါ်တင်ပြီး

လူတိုင်း၏အကြည့်များအောက်မှာပင်
လော့မြို့တော် ဆီသို့ လျှောက်သွားသည်။

ယန်ယဲ့က လောလီယွဲ့ ကို
မတိုက်ခိုက်ခဲ့ပေ။

သို့သော်လည်း သူလိုချင်တာကို
လောလီယွဲ့အပါအဝင်
လူတိုင်းသိကြသည်။

လော့လီယွဲ့၏မျက်နှာက

အံ့မှိုင်းနေသည်။

သူ့ရှေ့တွင် ရွေးစရာ

လမ်းနှစ်ခုသာရှိခဲ့သည်။

ထွက်ပြေးမလား၊ တိုက်ခိုက်မလား သူမ

ထွက်ပြေးပါက လော့လီကလန်တစ်ခုလုံး

ခွေးတစ်ကောင်၊ကြောင်တစ်မြီးမှမကျန်

အောင် အသတ်ခံရပေမည်။

လော့လီယွဲ့ကိုယ်တိုင် အဆုံးစီရင်ပါက

လော့လီမျိုးနွယ်၏

မူလတာအိုအဆင့်အောက်မှ လူတိုင်း

အသက်ရှင်နေပါလိမ့်မည်။

သို့သော်လည်း

နှစ်ပေါင်းထောင်နဲ့ချီအောင် အချိန်ယူပြီး

ကျင့်ကြံလာရသောကြောင့်

ကိုယ့်ကိုယ်ကို သတ်သေနိုင်မည်လား။

အမှန်တိုင်းပြောလျှင် လောလီယွဲ့က မသေချင်သေးပါ။

သို့သော်၊ ဤအချိန်တွင် လောမြို့တော်မှ မရေမတွက်နိုင်သော လူများဟာ သူမကိုမျှော်ကြည့်နေမှန်း မြင်နေရလေသည်။

ယန်ယွဲ့က သူတို့ကို လွှတ်ပေးမည်လား ။

မဖြစ်နိုင်ပေ၊ ယန်ယဲ့၏အကျင့်စရိုက်အရ
လော့လီယွဲ့အသက်ရှင်နေသရွေ့
လော့လီမျိုးနွယ်တစ်ခုလုံး
ထာဝရနယ်စပ်မှ
ပျောက်ကွယ်သွားမည်ဖြစ်သည်။

ဒါဆို ငါ့ကိုယ်ငါသတ်သေမလား
မသေရဘူးလား။ လော့လီယွဲ့က
ချီတုံချတုံဖြစ်နေသည်။

ဤအချိန်တွင် ယန်ယဲ့ သည်
လော့မြို့တော်နှင့် ပို၍ နီးကပ်လာသည်။
လောမြို့တော်နှင့် မီတာ ၂၀
လောက်အကွာသို့ရောက်လာချိန်တွင်
တော့ လော့လီယွဲ့၏ခန္ဓာကိုယ်ဟာ
ဖြုန်းစားကြီး ကြည်လင်လာခဲ့သည်။

ယန်ယဲ့ သည် နေရာတွင် ရပ်တန့်ကာ
နောက်လှည့်၍ ပြန်ထွက်သွားခဲ့သည်။

ဤအချိန်တွင်

ခန္ဓာကိုယ်အောက်ပိုင်းမရှိတော့သော

သတ်လတ်ပိုင်းအမျိုးသားက

“ငါတို့ပြန်တွေ့ကြမယ်”

ထိုစကားပြောပြီးတာနဲ့နေရာမှာပင်

ပျောက်ကွယ်သွားသည်။

ဤအချိန်တွင်

လော့လီယွဲ့၏ခန္ဓာကိုယ်ဟာ

တဖြည်းဖြည်းနှင့်

ကြည်လင်လာသော်လည်း

သူမ၏အကြည့်များကတော့

ယန်ယဲ့အပေါ်မှာသာ အမြဲရှိနေခဲ့သည်။

ထိုကဲ့သို့ပင် လော့လီယွဲ့နှင့်

လော့လီမျိုးနွယ်၏အဖွဲ့ဝင်များအားလုံး

ဟာ ယန်ယဲ့ပျောက်ကွယ်သွားသည်အထိ

စောင့်ကြည့်နေခဲ့သည်။

သိပ်မကြာလိုက်ပေ။

ရှီယွမ်မျိုးနွယ်၊ ပိုင်ကလန် နှင့်
လော့လီမျိုးနွယ်တို့၏အဖြစ်အပျက်များ
သည် ထာဝရနယ်စပ်တစ်လျှောက်
လျင်မြန်စွာပြန့်နှံ့ခဲ့သည်။

ယန်ယဲ့ သည် မျိုးနွယ်စု ၃

ခု၏ဘိုးဘေးများကို ဖိအားပေးပြီး

ကိုယ့်ကိုယ်ကို အဆုံးစီရင်စေခဲ့သည်။

ယန်ယဲ့သည် ဘိုးဘေးသုံးဦးကို

ကိုယ့်ကိုယ်ကိုသတ်သေရန်

အတင်းအကြပ်ဖိအားပေးခဲ့၏။

ဤသတင်း ပြန့်နှံ့သွားသည်နှင့်

တပြိုင်နက် ထာဝရနယ်စပ်တစ်လျှောက်

စိုးရိမ်ပူပန်မှုများဖြင့်

ပြည့်နှက်နေခဲ့သည်။အချို့ကတော့

အလွန်ပျော်ရွှင်ခဲ့ကြသည်ဟု

ဆိုနိုင်သည်။ ဓားကောင်းကင်မြို့တော်နှင့်

ယန်ယဲ့အား မျက်နှာသာပေးထားသော

အင်အားစုများဟာ သဘာဝအတိုင်း

ပျော်ရွှင်နေခဲ့ကြသည်။

ထာဝရနယ်နိမိတ်သို့

ယန်ယဲ့ရောက်လာစဉ်က မျိုးနွယ်စု ၆

ခုဟာ ဝိုင်းရုံတိုက်ခိုက်ခဲ့သည်။

ဓားကောင်းကင်

မြို့တော်တစ်ခုတည်းကသာ သူ့ကို

မတိုက်ခိုက်ခဲ့ပေ၊ ထို့အပြင်

ယန်ယဲ့ကိုယ်တိုင်က

ဓားကောင်းကင်မြို့တော်ကို

ကျေးဇူးပြန်ဆပ်ရန်

မျက်နှာသာပေးခဲ့လေသည်။

လက်ရှိတွင် ယန်ယဲ့၏ခွန်အားကြောင့်

သူတို့ပြန်ရမည့် ကျေးဇူးအကြွေးဟာ

ရိုးရိုးရှင်းရှင်းပင် တိုင်းတာမရနိုင်ပေ။

ဓားကောင်းကင်မြို့အပြင် အခြားသော

အင်အားစုများဟာ

ကြောက်ရွံ့မှုအနည်းငယ်ကို

ခံစားမိသလိုပျော်ရွှင်ခဲ့ကြသည်။

အကြောင်းက သူတို့ဟာ ယန်ယဲ့ကို

တစ်ခါမှ

ဆန့်ကျင်တိုက်ခိုက်ကြခြင်းမရှိလို့ပါ။

ဤအဖြစ်အပျက်ကြောင့်

ဓားကောင်းကင်မြို့တော်၊

အခြားအင်အားစုငယ်များနှင့်

အဖြူရောင်ကေရာဇ်မြို့တော်ဟာ

အကြီးမားဆုံးအောင်ပွဲရခဲ့ကြသည်။

အထူးသဖြင့်

အဖြူရောင်ကေရာဇ်မြို့တော်ပင်။

ကောရီအဖြူနှင့် ယန်ယဲ့ကြားတွင်
တစ်စုံတစ်ခုဆက်ဆံရေးရှိနေသည်ကို
လူတိုင်းသိကြသည်။

ယွဲ့မျိုးနွယ် ...။

ယန်ယဲ့ သည် ယွဲ့မျိုးနွယ်၏နယ်မြေဆီသို့
တည့်တည့်ပျံသန်းလာခဲ့သည်။
ယွဲ့မျိုးနွယ်သည် ပင်လယ်ထဲရှိ
ကျွန်းတစ်ကျွန်းပေါ်တွင် တည်ရှိသည်။

ဧရိယာ မိုင်ထောင်ချီသော

ဤပင်လယ်ပြင်ကျယ်ကြီးသည်

ယွဲ့မျိုးနွယ်၏ပိုင်နက်ဖြစ်သည်။

ယွဲ့မျိုးနွယ်က ၎င်းကို ယွဲ့ပင်လယ်ပြင်ဟု

အမည်ပေးထားသည်။

သာမန်အချိန်များတွင်

ဤပင်လယ်ပြင်ကျယ်ကြီးထဲသို့

မည်သူတစ်ဦးတစ်ယောက်မျှ

ဝင်ခွင့်မပြုပေ။

ယန်ယဲ့ သည် အောက်ဖက်ရှိ ကျွန်းကို ငုံ့ကြည့်လိုက်သည်။ ထိုနေရာတွင် လှုပ်ရှားမှုမရှိပေ။ သို့သော်လည်း ယွဲ့မျိုးနွယ်ဟာ သူရောက်လာတာကို ကောင်းကောင်းသိနေပုံရသည်။

ယန်ယဲ့က သွေးဆေဘာကို ရုတ်တရက် ဆွဲထုတ်ပြီး အောက်ဖက်ရှိ ကျွန်းပေါ်သို့ပိုင်းချလိုက်သည်။

ဆူး...

သွေးဆောဘာစွမ်းအင်တစ်စင်း
ဆင်းသက်လာသည်။ ၎င်း၏ပစ်မှတ်က
ယွဲ့မျိုးနွယ်တည်ရှိရာကျွန်းပေါ်သို့ပင်။

သွေးဆောဘာစွမ်းအင်သာ ကျွန်းပေါ်သို့
ဆင်းသက်လာပါက
ရောမကျွန်းကြီးတစ်ခုလုံး
နစ်မြုပ်ခြင်းကွဲသွားမှာ သေချာပါသည်။

သို့သော်လည်း ကျွန်းပေါ်မှ

လှိုတစ်စင်းပျံတက်လာပြီး

သွေးဆောဘာစွမ်းအင်ကို

ထိမှန်သွားသည်။ ထို့နောက်တွင်တော့

သက်လတ်ပိုင်းအမျိုးသားတစ်ဦးဟာ

ယန်ယဲ့နှင့် မလှမ်းမကမ်း၌

ပေါ်လာခဲ့သည်။

ယွဲ့တျန်းမင်.... ။ ယွဲ့ကလန်၏ဘိုးဘေး

ယွဲ့တျန်းမင်က

အနက်ရောင်ချပ်ဝတ်တန်ဆာကို

ဝတ်ဆင်ထားပြီး

အနက်ရောင်လှံတစ်ချောင်းကို

ကိုင်ဆောင်ထားသည်။ သူ့လက်ရှိလှံက

လျှို့ဝှက်ဆန်းကြယ်သော

အနက်ရောင်အလင်းတန်းများ

ထွက်ပေါ်လာသည်။

"ယန်ယဲ့..." ယွဲ့တျန်းမင်က ယန်ယဲ့ကို
လုံ့ဖြင့်ထိုးချိန်လိုက်ပြီး "ငါက
ပိုင်ချွမ်းထျန် နဲ့ လော့လီယွဲ့ မဟုတ်ဘူး။
ငါ့အသက်ကို မင်းလိုချင်ရင်
မင်းကိုယ်တိုင်ပဲ ယူရလိမ့်မယ်"

ယန်ယဲ့က ခေါင်းကို ဖြည်းညှင်းစွာ
ခါလိုက်ပြီး "ငါ မတိုက်ခိုက်ချင်ဘူး။ မင်း
ကိုယ့်ကိုယ်ကို အဆုံးစီရင်တာကိုပဲ
ကြည့်ချင်တယ်။ ဒါမှပဲ ငါပျော်ရွှင်နိုင်မှာ"

ယွဲ့တျန်းမင်က

အေးစက်စွာရယ်မောလိုက်ပြီး

"မင်းစိတ်ပျက်သွားမှာကို

ငါကြောက်တယ်"

ယန်ယဲ့က နွားနတ်ဆိုးကို

လှည့်ကြည့်လိုက်ပြီး "အောက်ဇီ၊

မင်းရဲ့မူလပုံစံကိုပြန်ပြောင်းလိုက်။

ပြီးတော့ အောက်ကကျွန်းကို
ဖြိုချပစ်လိုက်"

နွားနတ်ဆိုး က
ယန်ယဲ့ကိုစိုက်ကြည့်ပြီးနောက်
နှင်းပွင့်လေးအား ကြည့်နေလေသည်။
နှင်းပွင့်က မျက်တောင်ခတ်လိုက်ပြီး
အောက်ဖက်ရှိ ကျွန်းကို
ညွှန်ပြလိုက်သည်။ ဆိုလိုသည်မှာ

ယန်ယဲ့ပြောသည့်အတိုင်း လုပ်ပါဟု

ပြောနေတာပါ။

နှင်းပွင့်၏အမူအရာကို

မြင်လိုက်သည်နှင့် နွားနတ်ဆိုးက

တုံ့ဆိုင်းမနေတော့ဘဲ အောက်ဖက်ရှိ

ကျွန်းပေါ်သို့ ခုန်ဆင်းသွားသည်။

တစ်ချိန်တည်းမှာပင် သူ၏ခန္ဓာကိုယ်ဟာ

တဖြည်းဖြည်းကြီးမားလာပါတော့သည်။

သိပ်မကြာလိုက်ဘဲ

အဆပေါင်းရာနှင့်ချီ၍ ကြီးမားလာသည်။

နွားနတ်ဆိုး၏ ရောမခန္ဓာကိုယ်ကြီးဟာ

ကျွန်းပေါ်သို့ ဖိချေနေသော

တောင်ကြီးတစ်လုံးကဲ့သို့ပင်။

ဤမြင်ကွင်းကြောင့်

ယွဲ့တျန်းမင်၏မျက်နှာက

အကြီးအကျယ်ပျက်ယွင်းသွားခဲ့သည်။

သူ့ရှေ့ရှိ မူလနတ်ဆိုးက အနည်းဆုံးတော့

မူလကမ္ဘာအဆင့် မှာရှိနေကြောင်း

မြင်နိုင်လေသည်။

ယန်ယဲ့ ဘေးမှာ ဘယ်လိုလုပ်ပြီး

မူလကမ္ဘာအဆင့်

ကျင့်ကြံသူတစ်ယောက် ရှိနေရတာလဲ။

ယွဲ့တျန်းမင်၏စိတ်ထဲမှာ

ထိတ်လန့်တုန်လှုပ်သွားသည်။

ဤအချိန်တွင် ကျွန်းပေါ်မှ

မြောက်များစွာသော အလင်းတန်းများ

ဖြာထွက်လာပြီး နွားနတ်ဆိုးကို

ပစ်ခတ်လိုက်သည်။

ဘမ်း.... ဘမ်း....ဘမ်း

ပေါက်ကွဲသံများ အဆက်မပြတ်

ထွက်ပေါ်လာသည်။

သို့သော်

နွားနတ်ဆိုး၏ရောမခန္ဓာကိုယ်ကြီးဟာ

အနည်းငယ်တုန်လှုပ်သွားရုံသာဖြစ်သည်

။ အချိန်အနည်းငယ်အကြာမှာပဲ

နွားနတ်ဆိုး၏ရောမခန္ဓာကိုယ်ကြီးဟာ

ကျွန်းပေါ်သို့ ဖိချေပါတော့သည်။

ဝုန်း…

ကျွန်းကြီးတစ်ခုလုံး ချက်ချင်း

ပေါက်ကွဲသွားသည်။

တစ်ချိန်တည်းမှာပင်

ဖိချလိုက်သောအရှိန်ကြောင့်

၎င်းအနီးတစ်ဝိုက်ရှိ

ပင်လယ်ရေများသည် လေထဲသို့

မြင့်တက်လာသည်။ ပင်လယ်ရေသည်

အမြင့် ၃ ကီလိုမီတာကျော်အထိ

တက်လာပြီး ကောင်းကင်တစ်ခုလုံးကိုပင်

ဖုံးလွှမ်းသွားသည်။

ဤအချိန်တွင် အောက်ဇီ က

ရောမလက်ကြီးနှစ်ဖက်ကို လျင်မြန်စွာ

ဖိချလိုက်သည် ။

ဘောင်း.... ဘောင်း....

ကျွန်းကြီးတစ်ခုလုံး ချက်ချင်းဆိုသလို
ကွဲအက်သွားကာ မရေမတွက်နိုင်သော
အော်ဟာစ်သံများ ထွက်ပေါ်လာသည်။

ကောင်းကင်ယံအထက်ရှိ ယွဲ့တျန်းမင်၏
မျက်နှာက
သိသိသာသာပင်ဆိုးရွားလှသည်။
ယန်ယဲ့အား စိုက်ကြည့်ရင်း
သူ့မျက်လုံးထဲမှ လူသတ်လိုစိတ်များ
တားမရဆီးမရ ထွက်ပေါ်လာခဲ့သည်။

ယန်ယွဲ့က မျက်လုံးကိုအနည်းငယ်မှိ

တ်ထားလိုက်ပြီး "မင်း ငါ့ကို

တိုက်ခိုက်ချင်တာလား။

ငါတို့တိုက်ခိုက်နေတဲ့ချိန်မှာ မင်းရဲ့

ယွဲ့မျိုးနွယ်က

ဝိညာဉ်တစ်ကောင်တောင်မကျန်ဘဲ

ပျက်စီးသွားမယ်ဆိုတာ

ငါအာမခံပါတယ်"

ယွဲ့တျန်းမင် က ယန်ယဲ့ကို စိုက်ကြည့်ရင်း "ယန်ယဲ့၊ အရမ်းကြီး ဝေးဝေးမသွားနဲ့။ ကံတရားက မင်းကို အပြစ်ပေးလိမ့်မယ်"

"ကံတရားလား..." ယန်ယဲ့က တဟားဟားရယ်မောရင်း “မင်းငါ့ကိုလိုက်ဖမ်းဖို့ လုပ်တုန်းက မင်းစဉ်းစားဖူးသလား။ အခုကျမှ မင်းကိုသတ်တော့မယ်ဆိုတော့ ကံတရားအကြောင်းပြောနေတာလား။

ကောင်းပြီ၊ ဖြည်းဖြည်းချင်း

ဆွေးနွေးကြရအောင်။ ဘယ်လိုပဲဖြစ်ဖြစ်

မျိုးနွယ်စုတွေထဲမှာ မင်းရဲ့ယွဲ့မျိုးနွယ်က

အကြီးမားဆုံးထင်တယ်။ ဒီတော့

အောက်ဇီက

ဖြည်းဖြည်းချင်းဖိသတ်လို့ရတယ်"

"ယန်ယွဲ့... " ယွဲ့တျန်းမင်၏မျက်နှာသည်

တုန်လှုပ်သွားပြီး

“အင်မော်တယ်အိမ်တော် က မင်းကို

လွှတ်ထားမှာမဟုတ်ဘူး။ သူတို့က

မင်းကိုသတ်ဖို့သေချာပေါက်လာလိမ့်မ

ယ်”

ထိုစကားပြောပြီးသည်နှင့် သူ၏လှံကို

ကောင်းကင်သို့ ပစ်လွှတ်လိုက်သည်။

လှံက

အနက်ရောင်အလင်းတန်းသဖွယ်ပြောင်း

လဲကာ အောက်သို့

ဆင်းသက်လာသည်။ထို့နောက်

ယွဲ့တျန်းမင်၏ခေါင်းတည့်တည့်ကို
ထိုးဖောက်သွားတော့သည်။

ဆူး...

ယွဲ့တျန်းမင်၏ခန္ဓာကိုယ်က
တောင့်တင်းလာသည်။ သို့သော်
သူ၏သွေးရောင်မျက်လုံးများက
ယန်ယွဲ့အား စူးစူးရဲရဲစိုက်ကြည့်နေသည်။

ယန်ယဲ့က ရယ်မောရင်း

“ကံတရားအကြောင်း ငါမသိဘူး။

ငါသိတာတစ်ခုက ငါရယူထားတဲ့

ကြင်နာမှုကို ပြန်ဆပ်ပြီး ငါ့ကိုပေးထားတဲ့

ရန်ငြိုးကိုလည်း လက်စားချေဖို့ပဲ။

ကြင်နာမှုကို အတတ်နိုင်ဆုံး

ပြန်ဆပ်ရမယ်၊ ရန်သူတွေကို အမြစ်ပြတ်

သုတ်သင်ပစ်ရမယ်”

ထိုစကားပြောပြီးနောက် နှင်းပွင့်ကို
ပွေ့ချီကာ ထွက်ခွာသွားခဲ့သည်။

ဤအတောအတွင်း အောက်ဇီက
နွားနတ်ဆိုးငယ်လေးအဖြစ်
ပြန်ပြောင်းထားကာ
ယန်ယွဲ့၏နောက်မှလိုက်ပါသွားသည်။

ဤအချိန်တွင် ယွဲ့ကလန်တည်ရှိရာ
ကျွန်းကြီးသည် ကျွန်းမဟုတ်တော့ပါ။

အပိုင်းပိုင်းကွဲထွက်နေခဲ့သည်။

အောက်ဇီက ၎င်းကို

အပိုင်းပိုင်းခွဲပစ်လိုက်ကြောင့်

ယွဲ့မျိုးနွယ်၏ မရေမတွက်နိုင်သော

အဖွဲ့ဝင်များဟာ အရပ်ရပ်သို့ ရှုံးသွပ်စွာ

ထွက်ပြေးခဲ့ကြသည်။

တစ်နည်းအားဖြင့်တော့ ယွဲ့မျိုးနွယ်သည် လုံးဝပြိုလဲသွားခဲ့သည်။

...

ကောင်းကင်အဝေးတစ်နေရာ...

ဤအခိုက်အတန့်တွင် နှင်းပွင့်က နွားနတ်ဆိုးကို လှည့်ကြည့်ပြီး

သူမ၏လက်သည်းများကို
ယမ်းပြလိုက်သည်။

ယန်ယဲ့က အံ့အားသင့်သွားသော
နွားနတ်ဆိုးကို တစ်ချက်ကြည့်လိုက်ပြီး
"သူမပြောတာက မင်းဟာ
အရမ်းသန်မာတယ်လို့ ပြောတယ်"

နွားနတ်ဆိုး က တိတ်ဆိတ်နေခဲ့သည်။

ယန်ယဲ့က အနည်းငယ်ပြုံးပြီး

နွားနတ်ဆိုးကို စိုက်ကြည့်ပြန်သည်။

အမှန်တော့ နွားနတ်ဆိုးက

လုံးဝကိုသန်မာပါသည်။သူပင်

၎င်းကိုအနိုင်ယူဖို့ မယုံကြည်ပေ။

တစ်ချိန်တည်းမှာပဲ ဝမ်အရှူးမလေးက

ရုတ်တရက်ပြောလေသည် "ငါလည်း

အရမ်းသန်မာပါတယ်"

နှင်းပွင့်က ဝမ်အရှူးမလေးကို စိုက်ကြည့်ရင်း မျက်တောင်ခတ်လိုက်ပြီး နွားနတ်ဆိုးကို ညွှန်ပြသည်။ ဆိုလိုသည်မှာ ဘယ်သူက ပိုသန်မာလဲလို့ မေးနေတာပါ။

ဝမ်အရှူးမလေး က နွားနတ်ဆိုးကို တစ်ချက်ကြည့်လိုက်ပြီး "ဟုတ်ပါတယ် ငါပါ ။ အောက်ဇီ၊ ငါက ပိုသန်မာတယ်မဟုတ်လား"

စကားပြောနေစဉ် နွားနတ်ဆိုး ဆီသို့ ပြေးသွားကာ ဦးချိုများကို ကိုင်ပြီး အဆက်မပြတ် ခါယမ်းလိုက်သည်။ ၎င်းက နွားနတ်ဆိုး ဟာ ခေါင်းညိတ်နေပုံရသည်။

ဝမ်အရှုးမလေး က နှင်းပွင့်ကို လှည့်ကြည့်ပြီး "တွေ့လား။ သူ ခေါင်းညိတ်နေတယ်”

နှင်းပွင့်လေးက မျက်တောင်ခတ်ပြီး

ယန်ယွဲ့ကို စိုက်ကြည့်နေသည်။

ဝမ်အရှူးမလေး က

ဘယ်လိုလုပ်နေတာလဲလို့မေးနေတာ...

ယန်ယွဲ့က ဘာပြန်ပြောရမှန်းမသိပေ။

ဤအချိန်တွင် ဓားစာလိပ် က "ဝမ်လေး၊ နင်အသွင်ပြောင်းလို့ရမလား" ဟု ရုတ်တရက်မေးလိုက်ပါသည်။

ယန်ယဲ့ သည်လည်း ဝမ်အရှုးမလေးကို စိုက်ကြည့်နေသည်။ ထိုကလေးမလေးက လူသားမဟုတ်သောကြောင့် မူလနတ်ဆိုးဖြစ်နိုင်ချေများ၏။ ထို့အတူ သူမ၏မူလပုံစံကို ပြန်ပြောင်းနိုင်ပေမည်။

အသွင်ပြောင်းရမလား ။

ဝမ်အရှူးမလေးက မျက်တောင်ခတ်ပြီး
"ဘယ်လိုလဲ"

ဓားစာလိပ်က အံ့အားသင့်ကာ
စကားပင်မပြောနိုင်တော့ပေ။

ယန်ယဲ့က ဝမ်အရှူးမလေးကို
လက်ညှိုးထိုးပြပြီး “အခုမှလေးတင်

သူပြောင်းလဲလိုက်သလိုပဲ။
မင်းအဲ့လိုလုပ်လို့ရသလား"

ဝမ်အရှူးနလေးက နွားနတ်ဆိုးကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
ခဏကြာအောင်
စဉ်းစားပြီး "အသွင်ပြောင်းတာလား။
ဟုတ်တယ်၊ ငါလုပ်နိုင်ရမယ်"

ထိုစကားကိုကြားသောအခါ အားလုံးက ဘာပြောရမှန်းမသိတော့ပေ။

ဤအတောအတွင်းမှာပဲ ဝမ်အရှူးမလေးက ထပ်ပြောခဲ့သည်

“ဘယ်လိုလုပ်ရမလဲဆိုတာ မစဉ်းစားရသေးဘူး။ ပြီးတာနဲ့ ပြမယ်"

ဓားစာလိပ်က ပါးစပ်ထောင့်များ အနည်းငယ် လှုပ်ယမ်းသွားသည်။

ဝမ်အရှူးမလေးကို
တစ်ချက်ကြည့်လိုက်ပြီး စကားတစ်ခွန်းမှ
မပြောတော့ပေ။

ဤအချိန်တွင် ယန်ယွဲ့သည် ရုတ်တရက်
မျက်မှောင်ကြုတ်သွားသည်။ သူက
နေရာတွင် ရပ်လိုက်ပြီး အဝေးကို
လှမ်းကြည့်လိုက်သည်။ အဝေးရှိ
တိမ်တိုက်များကြား၌

အစိမ်းရောင်ဝတ်စုံဝတ်
အမျိုးသမီးတစ်ယောက် ရပ်နေ၏။
အမျိုးသမီးက စာလိပ်တစ်လိပ်ကို
ကိုင်ထားလျက် ကျောခိုင်းရပ်နေခဲ့သည်။

"မူလတာအိုအဆင့် ရုပ်ခန္ဓာ၊ ဓားနယ်မြေ၊
ဆေဘာနှစ်လက်....အဲဒီဆေဘာနှစ်လက်
က မူလခေတ်ရဲ့နာမည်ကျော်
ဆေဘာနှစ်ချောင်းဖြစ်သင့်တယ်။
အံ့ဩစရာကောင်းတာက

ဆောဘာနှစ်လက်စလုံး

နှင့်လက်ထဲမှာရှိနေတယ်။ ဟမ်...

မူလန္တား၊ ထာဝရဓားစာလိပ်....

အိုး၊ သနားစရာကောင်းလိုက်တာ၊

အဲဒါက သူမရဲ့

အစိကခန္ဓာကိုယ်နပဟုတ်ပါဘူး။

အဲဒီမိန်းကလေး... ထူးဆန်းတယ်၊

ထူးဆန်းတယ်၊

သူ့ခန္ဓာကိုယ်အစစ်အမှန်ကို ငါ

ကြည့်လို့ရတယ်။ အိုး ...မှန်တယ်။

ဝိညာဉ်အင်ပါယာလေးပါရှိသေးတယ်။

နေဦး၊ နင်က ဝိညာဉ်အင်ပါယာ

မဟုတ်ဘူး"

ထိုစကားများပြောပြီးသည်နှင့်

ရုတ်တရက် လှည့်ကြည့်လိုက်သည်။

ဘမ်း...

ပြင်းထန်သောဖိအားလှိုင်းတစ်ခုက

ယန်ယဲ့နှင့်အဖွဲ့ကို ၃ ကီလိုမီတာအကွာသို့

ပြန်ဆုတ်သွားစေသည်။

တစ်ချိန်တည်းမှာပင်

မီတာထောင်ချီသော ဧရိယာသည်

ပြင်းထန်စွာ တုန်လှုပ်သွားသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၀၃ -  မလုံလောက်ပါဘူး

နှင်းပွင့်၏မျက်လုံးလေးများက

ချက်ချင်းပင် ပြူးကျယ်သွားသည်။

သူမ၏လက်သည်းလေးများကြား၌

ပုဆိန်တစ်လက် ပေါ်လာသည်။

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် ။

ထို့အပြင် အောက်ဇီနှင့်
ဝမ်အရူးမလေးက နှင်းပွင့်ရှေ့တွင်
ရပ်နေကြသည်။

အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသမီးက
ဘဲဥပုံသဏ္ဍာန်နှင့်ကြည်လင်ပြတ်သား
သော မျက်နှာထားကို ပိုင်ဆိုင်ထားသည်။
သူမကို အလွန်လှပသည်ဟု

မပြောနိုင်သော်လည်း
ရုပ်ရည်အတန်အသင့်ပြေပြစ်သည်ဟု
ပြောရပေမည်။

ဒီအချိန်မှာ
အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသမီး က
နှင်းပွင့်ကို စိုက်ကြည့်နေသည်။

ဓားစာလိပ်နှင့်

ယန်ယွဲ့တို့၏မျက်နှာကတော့

လေးနက်မှုအပြည့်ပါ။

အထူးသဖြင့် ဓားစာလိပ်က

လျှို့ဝှက်ဆန်းကြယ်သော အမျိုးသမီး

ဘယ်လိုပေါ်လာမှန်းပင်

သတိမထားမိကြလို့ပါ။

အမျိုးသမီးက နှင်းပွင့်ကို

စိုက်ကြည့်ပြီးနောက် သူမ၏

ပါးစပ်ထောင့်တွင်

အပြုံးတစ်ခုပေါ်လာပြီး

"ဓားအပျက်အစီးနယ်မြေ ကနေ

တစ်ခါမှထွက်မသွားဖူးတဲ့

ကျန်းယွဲ့တောင်မှ ထွက်လာရတာ

အံ့သြစရာမရှိပါဘူး။

နင့်ကြောင့်ဖြစ်ခဲ့တာကိုး"

နှင်းပွင့်က မျက်တောင်ခတ်လိုက်ပြီး သူမ၏လက်သည်းများကို ငှေ့ယမ်းလိုက်သည်။ အမျိုးသမီးက ဘာလိုချင်လဲလို့ မေးနေတာပါ။

အမျိုးသမီးက ပြုံးပြီး ယန်ယဲ့ကို စိုက်ကြည့်ရင်း "မောင်ငယ်လေး၊ နင်က နန်လီ မျိုးနွယ်ကို သွားနေတာလား"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

အမျိုးသမီးက ဖော်ရွေစွာ ပြုံးပြီး

"အဲဒီကို မသွားပါနဲ့"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

"နည်းနည်းတော့ ပြန်လုပ်ရမှာပေါ့"

အမျိုးသမီးက ပြုံးပြီး ခေါင်းညိတ်ကာ

“ငါ့ကို ဖြတ်ကျော်လိုက်။

နင့်စိတ်တိုင်းကျလုပ်နိုင်တယ်”

ယန်ယဲ့က ရုတ်တရက်

မော့ကြည့်လိုက်သည်။

ဆူး…

အလင်းတန်းတစ်ချက်

လက်သွားပြီးနောက် သွေးဆောဘာက

အမျိုးသမီး၏အထက်မှ

ဆင်းသက်လာသည်။ သို့သော်လည်း

အမျိုးသမီးက တုံ့ပြန်မှုမရှိဘဲ
သူမ၏ကိုယ်ပေါ်သို့ကျရောက်ခွင့်ပြုလို
က်ပါသည်။

သွေးဆေဘာ ပိုင်းချလိုက်သည်နှင့်
အောက်ဖက်ရှိ အာကာသဟာ
အပိုင်းပိုင်းကွဲထွက်သွားသည်။

သို့သော် အမျိုးသမီးကို လုံးဝ ထိခိုက်မှု မရှိခဲ့ပေ။ ထိုနေရာတွင် ရပ်နေဆဲဖြစ်သည်။

ဓားစာလိပ်က ချက်ချင်းမျက်မှောင်ကြုတ်လိုက်သည်။

ယန်ယဲ့က မရပ်တန့်ပေ။ သွေးဆေဘာကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ပြီး အလျားလိုက် ပိုင်းချလိုက်သည်။

သွေးဆောဘာက အရာအားလုံးကို
ပိုင်းဖြတ်သွားသည်။ သို့သော်လည်း
အမျိုးသမီး ရှေ့ကိုရောက်သောအခါ
လက်နှစ်ချောင်းနဲ့တင်
ရပ်တန့်သွားရသည်။

အမျိုးသမီးက ယန်ယဲ့ကိုကြည့်ရင်း
 ပြုံးပြီး "ငါ နင့်ကို နည်းနည်း
အနိုင်ကျင့်နေသလိုပဲ။ ဒါပေမဲ့

မတတ်နိုင်ပါဘူး။ ငါ ဒါကို
ဝင်စွက်ဖက်ရမယ်"

သူမ၏လက်ချောင်းများကို
ဖြည်းညှင်းစွာ ခါလိုက်သည်။

ဘမ်း...

ယန်ယဲ့သည် ယခင်က
သူရပ်နေသည့်နေရာကိုပြန်ရောက်သွား
၏။ သို့သော် ဒဏ်ရာတော့မရခဲ့ပေ။

ယန်ယဲ့က
ထပ်ပြီးတိုက်ခိုက်ရန်ပြင်လိုက်စဉ်
ဓားစာလိပ်က တားခဲ့သည်။ သူမက
 “နောက်တစ်ခါ ထပ်တိုက်ခိုက်ဖို့
မလိုတော့ဘူး။ သူမဟာ

လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀,၀၀၀) တုန်းက

ထာဝရနယ်စပ်တစ်ခုလုံးမှာ

နာမည်ကျော်ခဲ့တဲ့

နန်လီကလန်ရဲ့ညာဏ်ကြီးရှင် နန်လီမုန့်ပဲ"

"နန်လီမုန့်... "

ထိုနာမည်က

အနည်းငယ်ကြားဖူးသလိုရှိသဖြင့်

ယန်ယွဲ့လည်း အံ့သြသွားသည်။

သိပ်မကြာလိုက်ဘဲ

ပြန်တွေးမိလိုက်သည်။ နန်လီမုန့် သည်

"ထာဝရနယ်စပ်နှင့် ကမ္ဘာပေါင်းများစွာ"

ဟူသော

စာအုပ်ကိုရေးသားခဲ့သူဖြစ်သည်။

ထို့အပြင် ပိုင်ဇီရှန်၏ပြောစကားအရ

နန်လီမုန့်ဟာ အတိတ်တစ်ချိန်က

ထာဝရနယ်စပ်၏မြင့်မြတ်အဆင့် ၃

မှာရပ်တည်ခဲ့သည်။

နန်လီမုန့်က ဓားစာလိပ်ကို

တစ်ချက်ကြည့်လိုက်ပြီး

"နင်ငါ့ကိုမှတ်မိလား"

ဓားစာလိပ်က "လွန်ခဲ့တဲ့နှစ်ပေါင်း

(၁၀,၀၀၀)တုန်းက

ထာဝရနယ်စပ်တစ်ခုလုံးကို

တုန်လှုပ်သွားစေတဲ့သူကို

မမှတ်မိဘဲနေမလား"

နန်လီမုန့် က ပြုံးပြီး ယန်ယဲ့ကို

စိုက်ကြည့်ရင်း "မောင်ငယ်လေးယန်၊

နန်လီမျိုးနွယ်က ငါ့ကို အရေးပေါ်

ပြန်လာဖို့ တောင်းဆိုချက်တစ်ခု

ပို့ခဲ့တယ်။ ဒါ့ကြောင့် ကြီးကြီးမားမား

တစ်ခုခု ဖြစ်သွားတယ်ဆိုတာ ငါ

သိပါတယ်။ ငါပြန်လာပြီးတာနဲ့

ဘာဖြစ်သွားမှန်း သိလိုက်ရတယ်။

ငါ့နန်လီမျိုးနွယ်က မှားနေတာပါ။

ငါပြန်ရောက်တာနဲ့ လက်ရှိ ဘိုးဘေးကို

နေအိမ်အကျဉ်းချထားလိုက်မယ်။

နောင်နှစ်ပေါင်း ၁၀၀ အထိ

သူ့ကိုအပြင်ထွက်ခွင့်မပေးဘူး။

အရင်တုန်းက နင့်နောက်ကိုလိုက်ဖမ်းတဲ့

မူလတာအိုသခင်တွေကုန်

သေသွားပြီဆိုတော့ နန်လီမျိုးနွယ်ကို

ကရုဏာပြပေးပါ။ အဆင်ပြေမလား"

သူမက ခဏတုံ့ဆိုင်းသွားပြီး

“အချက်အလက်တစ်ခု

အခမဲ့ပေးလို့ရတယ်။ ငါ့အသိအရ

အင်မော်တယ်အိမ်တော် ဟာ နင့်အတွက်

ကြီးကြီးမားမားတစ်ခုစီစဉ်နေတယ်”

ဓားစာလိပ်က  “ဘာကိုဆိုလိုတာလဲ” ဟု

လေးနက်စွာ မေးလိုက်သည်။

နန်လီမုန့်က ပြုံးပြီး

"အင်မော်တယ်အိမ်တော်က

ငါ့ကိုဆက်သွယ်လာတယ်။ပြီးတော့

သူတို့နဲ့ပေါင်းပြီး

ယန်ယဲ့ကိုဖယ်ရှားဖို့တောင်းဆိုတယ်။

ဒါပေမဲ့ ငါ့နန်လီမျိုးနွယ်က

အခုလောလောဆယ် ဘယ်ပဋိပက္ခကိုမှ

ဝင်မပါချင်ဘူး။ ဒါ့ကြောင့်

မောင်ငယ်လေးယန် က

ငါ့နန်လီမျိုးနွယ်ကို

ကရုဏာပြနေသရွေ့တော့ ငါတို့ဟာ

သူ့ကိုပစ်မှတ်ထားမှာမဟုတ်ဘူးလို့

အာမခံတယ်။ သေချာပါတယ်၊

နင့်နှလုံးသားထဲက အမုန်းတရားတွေကို

တကယ်လက်မလွှတ်နိုင်ဘဲ

ငါ့နန်လီမျိုးနွယ်ကို

ဖျက်ဆီးချင်တယ်ဆိုရင်တော့

ငါလည်းမတတ်နိုင်တော့ဘူး"

ယန်ယဲ့က စကားပြန်မပြောဘဲ
ငြိမ်သက်သွားသည်။

ဤအချိန်တွင် ဓားစာလိပ်က
"အင်မော်တယ်အိမ်တော်ကို မမေ့နဲ့။
သူတို့က နင့်ရဲ့ အကြီးမားဆုံးရန်သူပဲ”

ယန်ယဲ့၏မျက်လုံးများ အနည်းငယ်
ကျဉ်းမြောင်းသွားပြီး "မူလကမ္ဘာအဆင့်

ကျင့်ကြံသူတစ်ယောက်

ဆုံးရှုံးပြီးတာတောင်

ငါ့ဆီကိုလာနေတုန်းပဲလား"

"နင်မှားနေပြီ" နန်လီမုန့်က ပြုံးပြီး “နင်က

သူတို့ရဲ့ မူလကမ္ဘာအဆင့်

ကျင့်ကြံသူတစ်ယောက်ကို

သတ်လိုက်တဲ့အတွက် သူတို့ နင့်ကို

လုံးဝမလွှတ်ပေးဘူး။ ကြောက်လို့ပဲ၊ နင်

သူတို့ကို ကြောက်အောင် လုပ်လိုက်တာ။

နင့်လိုမျိုး ညာဏ်ကြီးရှင်တစ်ယောက်ဟာ
မိတ်ဆွေမဟုတ်ရင် ဖယ်ရှားပစ်တာက
အကောင်းဆုံးပဲလေ။ အခု ရန်သူတွေ
ဖြစ်နေပြီဆိုတော့
ပိုတောင်ဆိုးသေးတယ်။ ဒါဆို
သူတို့အတွက် နင့်ကို
ဆက်ပြီးကြီးထွားအောင်
ခွင့်ပြုပေးနိုင်ပါ့မလား"

ဆားစာလိပ် က "ဒါဟာ သူတို့ကိုယ်တိုင်

ရွေးချယ်တဲ့လမ်းပဲ"

နန်လီမုန့် က ခေါင်းညိတ်ပြီး

"နင်ပြောတာမှန်တယ်၊ အဲဒါက

သူတို့ကိုယ်တိုင်ရွေးချယ်တဲ့လမ်းပါ။

သူတို့မှာထွက်လမ်းမရှိဘူး။ ဒါ့အပြင်

အင်မော်တယ်အိမ်တော် ဟာ

ထာဝရနယ်စပ်ရဲ့

နံပါတ်တစ်အင်အားစုပဲ။ ဒီတော့

သူတို့ရှုံးနိမ့်တာကို ဝန်ခံပြီး
ဖန်ဆင်းရှင်တစ်ပါးနဲ့ အပေးအယူလုပ်ဖို့
ဖြစ်နိုင်တယ်လို့ နင်ထင်လား။
မဖြစ်နိုင်ဘူး”

ဤအချိန်တွင် သူမက ယန်ယဲ့ကို
စူးစိုက်ကြည့်ကာ "ငါသာ
နင့်နေရာမှာဆိုရင်
ဓားအပျက်အစီးနယ်မြေဆီကို
ချက်ချင်းပြန်သွားလိမ့်မယ်။ ငါထင်

တာမများရင်

နှင့်ရဲ့မိသားစုတွေရှိသေးတယ်"

ယန်ယဲ့က ထိုစကားကိုကြားသောအခါ

မျက်မှောင်ကြုတ်သွားသည်။ ထို့နောက်

နှင်းပွင့်ကို ပွေ့ချီလျက်

ကောင်းကင်ထက်သို့

ပျောက်ကွယ်သွားခဲ့သည်။

စုချင်းရှီနှင့် သူ၏မိသားစုဝင်များ ။

သူသည် လက်စားချေဖို့ကိုသာ
စိတ်စောနေသောကြောင့်
အားလုံးမေ့လုနီးပါးပင်။

ဓားစာလိပ်နှင့် နန်လီမုန့်တို့သာလျှင်
ဤနေရာတွင် ကျန်ခဲ့သည်။

ဓားစာလိပ် က နန်လီမုန့်ကို

စိုက်ကြည့်ရင်း “ဒါကို နင်လည်း

မြင်သွားပြီမဟုတ်လား”

"ဘာကို ပြောချင်တာလဲ" နန်လီမုန့် က

အနည်းငယ် အံ့သြသော

မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။

ဓားစာလိပ်က နန်လီမုန့်ကို

အချိန်အကြာကြီး စိုက်ကြည့်ရင်း ပြုံးပြီး

"နင် ဘယ်သူ့ကိုမှ မပြောရဲလို့

ဟုတ်တယ်မလား"

နန်လီမုန့် က ပြုံးပြီး "ဘာလို့လဲ"

ဓားစာလိပ် က ပြုံးပြီး

"နင်ကြောက်နေတယ်"

နန်လီမုန့်၏ မျက်လုံးများ အနည်းငယ်

ကျဉ်းသွားကာ "ဘာကို ကြောက်တာလဲ"

ဓားစာလိပ်က  ပြုံးပြီး "နင်က

အရမ်းသန်မာတယ်၊ ဒါပေမဲ့

နင့်ခွန်အားက ဝိညာဉ်ဖန်ဆင်းရှင်ကို

ပိုင်ဆိုင်ထားဖို့ မလုံလောက်ဘူး။

နင်သူ့ဆီက ယူနိုင်ရင်တောင် နင်အပေါ

နန်လီမျိုးနွယ်အတွက်

ကပ်ဘေးကျလိမ့်မယ်။ ဒါ့အပြင်

ဝိညာဉ်ဖန်ဆင်းရှင်ဟာ  လူသားတစ်ဦးနဲ့

အခုလိုမျိုးနီးကပ်လွန်းမယ်လို့

မထင်ထားဘူးမဟုတ်လား။ ယန်ယဲ့ကိုသတ်ပြီး လုယူခဲ့ရင်တောင်မှ ဝိညာဉ်ဖန်ဆင်းရှင်ဟာ သူ့ကိုယ်စား လက်စားချေမှာပဲလေ။ ဒါ့ကြောင့် အတိုချုပ်ပြောရရင် သူမကို ရယူတာက နင့်အတွက် ကံကောင်းတာမဟုတ်ဘဲ၊ အဲဒီအစား ကံဆိုးတာ"

နန်လီမုန့်က သူမ၏ မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်ပြီး "ငါ့အသိအရ

ဒီနေရာမှာ ဝိညာဉ်ဖန်ဆင်းရှင်တစ်ပါး ပေါ်လာဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါဆို ဘာလို့လဲ"

ဓားစာလိပ်က “ဒါဟာ တစ်ခါမှ မဖြစ်ဖူးပေမယ့် မဖြစ်နိုင်ဘူးဆိုတာကို ကိုယ်စားမပြုပါဘူး။ အရာရာတိုင်းအတွက် ပထမဆုံး အကြိမ်ဆိုတာ အမြဲရှိတယ် မဟုတ်လား”

နန်လီမုန့် က ဓားစာလိပ်ကို

စိုက်ကြည့်ရင်း "သူဟာ အဆုံးမဲ့

ဒုက္ခတွေကို ရင်ဆိုင်ရမှာပါ။

တဖြည်းဖြည်းနဲ့တောင် ပြင်းထန်လာပြီ။

သူ့ရဲ့လက်ရှိခွန်အားကိုအခြေခံပြီး

ဝိညာဉ်ဖန်ဆင်းရှင်အကြောင်းသာ

သတင်းပြန့်သွားတာနဲ့ ဒီလောကကနေ

ပျောက်ကွယ်သွားဖို့

အလားအလာအရမ်းများတယ်”

ဓားစာလိပ်က တိတ်ဆိတ်သွားသည်။

"သူလက်လျှော့လိုက်ရင်

အကောင်းဆုံးပဲ" နန်လီမုန့် က "သူ့မှာ

ဝိညာဉ်ဖန်ဆင်းရှင်ကို

ပိုင်ဆိုင်ဖို့ ခွန်အားမရှိပါဘူး။

သူ့ကိုမပြောနဲ့၊

အင်မော်တယ်အိမ်တော်မှာ

ဝိညာဉ်ဖန်ဆင်းရှင် ရှိနေရင် သူတိ

ြ့တောင် ထာဝရနယ်စပ်ကနေ

ချက်ချင်း ကွယ်ပျောက်သွားလိမ့်မယ်”

ဓားစာလိပ်က သူမ၏ မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပြီး “သူမကို

လက်လျှော့မယ်မထင်ပါဘူး။

ဒီကလေးက သူ့ဘဝထက် သူမကို

ပိုအရေးကြီးတယ်လို့သတ်မှတ်ထားတာ”

သူမက ခါးသက်သက် ရယ်မောရင်း

“နင်သိလား... အခုချိန်ထိ သူ့ကို

ငါမသိသေးပါဘူး”

နန်လီမုန့် က "စိတ်ရင်းမှန်နဲ့ နှလုံးသားပါ"

"အင်မော်တယ်အိမ်တော် က

အပေါ်ယံအင်အားစုပဲလို့

နင်ပြောခဲ့တာမဟုတ်လား" ဓားစာလိပ် က

“ဒါဆို အရိပ်ထဲမှာ ပုန်းအောင်းနေတဲ့

အင်အားစုတွေ ရှိလား” ဟု
မေးလိုက်သည်။

နန်လီမုန့်က ပြုံးပြီး “တချို့လူတွေနဲ့
အင်အားစုတွေက
နာမည်ကျော်ကြားရတာကို
သဘောကျပေမယ့် တချို့က
နှိမ့်ချပြီးနေရတာကိုပဲ ကြိုက်ကြတယ်။
ထာဝရလျှို့ဝှက်နယ်မြေထဲမှာရှိတဲ့
ထာဝရကျေးရွာ လိုပဲ။ ဟုတ်တယ်၊

မောင်ငယ်လေးယန် က

ထာဝရကျေးရွာရဲ့

အခြေအနေအကြောင်းကို

ကောင်းကောင်းသိထားမယ်ထင်တယ်။

ဒီရွာက သာမန်မဟုတ်ဘူး၊

အင်မော်တယ်အိမ်တော် တောင်မှပဲ

အဲဒီရွာကို မစော်ကားရဲဘူးလို့

ထင်ပါတယ်။

ထာဝရနယ်စပ်တစ်ခုလုံးမှာ

ဒီလိုမျိုးအင်အားစုတွေ၊

နေရာတွေအများကြီးရှိတယ်”

နန်လီမုန့်က သူမ၏စာလိပ်ကို

ဝှေ့ယမ်းရင်း “ဒါက

ငါရေးသားထားတဲ့ကမ္ဘာသစ်ပဲ။

ဝယ်ယူချင်သလား"

ဓားစာလိပ် က သူမကို
တစ်ချက်ကြည့်လိုက်ပြီး
"ဘယ်လောက်လဲ" ဟု မေးသည်။

နန်လီမုန့် က
လက်ညိုးတစ်ချောင်းထောင်ပြပြီး
"မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်၊
ဓားဘုရားသီး ဒါမှမဟုတ်
ထာဝရနတ်ရတနာတစ်ပါး၊ ဒါမှမဟုတ်
ထာဝရသလင်းကျောက် ၁၀၀ ဆိုလည်း

ဆွေးနွေးနိုင်ပါတယ်။

အရမ်းကြီးအလျင်စလိုထွက်မသွားပါနဲ့။

ဈေးနှုန်းကို ဆွေးနွေးနိုင်ပါတယ်...”

ဓားစာလိပ် က ဘာစကားမှပြန်မပြောဘဲ

နေရာမှာပင် ပျောက်ကွယ်သွားသည်။

နန်လီမုန့်က ပခုံးတွန့်ပြပြီးနောက်

သူမ၏စာလိပ်ကြီးကိုဖွင့်လိုက်သည်။

ထို့နောက်

စာလိပ်၏နောက်ဆုံးစာမျက်နှာကို

လှန်ကာ

စုတ်တံတစ်ချောင်းဖြင့်ရေးသားလိုက်သ

ည်။ ခဏအကြာတွင် စကားလုံးအချို့

ပေါ်လာသည် “စကြာဝဠာကြီး၊ ယန်ယွဲ့။

ထာဝရစားဘူးသီး၊ မူလရှေးဦးပုဆိန်၊

သဘာဝတရား၏မူလစေတီ၊

မူလနတ်ဆိုးနွား၊ အမည်မသိ

ဆန်းကြယ်သောမျိုးနွယ်ဝင်ကလေးမ

လေး၊ အဓိပတိနတ်ဆား၊ အရိပ်မဲ့ဆောဘာ၊
ဝိညာဉ်ဖန်ဆင်းရှင်...”

ဤအချိန်တွင် နန်လီမုန့် က
အချိန်အတော်ကြာ တုံ့ဆိုင်းနေပြီး
"ဝိညာဉ်အင်ပါယာပဲ
ကောင်းပါတယ်လေ"

ထိုစာလုံးကို ရေးသားပြီးသည်နှင့်
စာလိပ်ကို ပြန်လိပ်လိုက်သည်။

ခဏအကြာတွင် စာလိပ်က အနည်းငယ်
တုန်လှုပ်သွားသည်။ ထို့နောက်
စာလိပ်ထဲမှ စာလုံးများသည်
အာကာသထဲသို့ တိုးဝင်သွားခဲ့သည်။

နန်လီမုန့်က အကြာကြီး
ငြိမ်သက်သွားပြီးနောက် ယန်ယဲ့
ထွက်ခွာသွားသော လမ်းကြောင်းကို
တစ်ချက်ကြည့်လိုက်သည်။

...

ယန်ယွဲ့သည် သူ၏အရှိန်ကို
အမြန်ဆုံးမြှင့်တင်ကာ
ဓားအပျက်အစီးနယ်မြေသို့
ပျံသန်းနေခဲ့သည်။

သိပ်ပြီးမကြာလိုက်ပေ၊ ယန်ယွဲ့သည်
ဓားအပျက်အစီးနယ်မြေ အဝင်ဝသို့
ရောက်လာခဲ့သည်။

သို့သော် ရုတ်တရက်
မျက်မှောင်ကြုတ်ကာ ညာဖက်သို့
လှမ်းကြည့်လိုက်သည်။ ဤအချိန်တွင်
ထိုနေရာမှ "ယန်ယွဲ့၊ ငါမင်းကို
စောင့်နေတာ" ဟူသော
အသံတစ်သံထွက်ပေါ်လာသည်။

စကားသံနှင့်အတူ
ရွှေရောင်ချပ်ဝတ်တန်ဆာဝတ်ဆင်

ထား သက်လတ်ပိုင်းအမျိုးသားတစ်ဦး ပေါ်လာခဲ့သည်။

ဟင်းလင်းပြင်နတ်ဘုရားအဆင့်...

ထိုလူ၏ဘယ်ဖက်ရင်အုံပေါ်တွင် "仙" ဟူသော စာလုံးပါရှိသည်။

သက်လတ်ပိုင်းအမျိုးသား က ယန်ယဲ့ကို

ကြည့်ကာ အေးစက်စွာရယ်မောပြီး "ယန်ယွဲ့၊ ငါ့အင်မော်တယ်အိမ်တော်ရဲ့ အဖွဲ့ဝင်တစ်ယောက်ကို သတ်လိုက်ရင် ပြန်ပေးရတဲ့တန်ကြေးတစ်ခုရှိတယ်။ မင်း…”

ယန်ယွဲ့က ဘာစကားမှမပြောဘဲ နေရာမှာပင် ပျောက်ကွယ်သွားသည်။

တစ်ချိန်တည်းမှာပဲ ဓားအူသံတစ်သံ

ပွဲတင်ထပ်လာသည်။

ထိုခဏလေးမှာပဲ ဓားတစ်ချောင်းဟာ

သက်လတ်ပိုင်းအမျိုးသား၏ခေါင်းပေါ်မှ

လျင်မြန်စွာ ဆင်းသက်လာသည်။

သက်လတ်ပိုင်းအမျိုးသားက

ထိတ်လန့်တကြားနဲ့ “ကယ်...”

ဆူး...

စကားပင်မဆုံးသေးပါ၊
သူ၏ခန္ဓာကိုယ်ဟာ အလယ်တည့်တည့်မှ
ထက်ခြမ်းကွဲထွက်သွားသည်။

ယန်ယွဲ့က သူ့ဓားကို ပြန်သိမ်းလိုက်ပြီး
ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ကာ
“ဟင်းလင်းပြင်နတ်ဘုရားအဆင့်တွေက
အားနည်းလွန်းတယ်၊ ငါသတ်တာကို

မခံနိုင်လောက်ဘူး။ အဲဒီအစား

ငါ့ကိုသတ်ဖို့ မူလကမ္ဘာအဆင့်

နှစ်ယောက်လောက် စေလွှတ်လိုက်”

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၀၄ - အင်မော်တယ်အိမ်တော်မှ

ပညာရှင်

မလုံလောက်ဘူးတဲ့လား ။

"အံ့သြစရာပဲ... " ဤအချိန်တွင်

ဘေးဖက်မှ အသံတစ်သံထွက်လာသည်။

ယန်ယွဲ့က လှည့်ကြည့်လိုက်တော့

အဘိုးကြီးတစ်ဦးကို တွေ့လိုက်ရသည်။

အဘိုးကြီး၏အော်ရာ သိပ်သည်းလှပြီး

မမြင်နိုင်ပေ။

အဘိုးကြီးက ယန်ယဲ့ကို
ခဏစိုက်ကြည့်ပြီး "မင်းလို
ဖန်ဆင်းရှင်တစ်ပါးက
ဟင်းလင်းပြင်နတ်ဘုရားအဆင့်ကို
ချက်ချင်းသတ်ပစ်လိုက်တယ်။ မင်းရဲ့
ခွန်အားက ငါ့ကို ရှက်စရာလို့တောင်
ပြောရမလိုဘဲ"

ယန်ယဲ့ သည် သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်သည်။

ဆူး...

ထို့နောက် ပုံရိပ်တစ်ခု ပေါ်လာသည်။

သွေးဆောဘာစွမ်းအင်တစ်စင်းဟာ
အဘိုးကြီး၏အထက်၌ပေါ်လာပြီး

နှစ်ခြမ်းခွဲတော့မည့်အလား

လျင်မြန်စွာဆင်းသက်လာသည်။

အဘိုးကြီး၏အမူအရာက

အပြောင်းအလဲမရှိပေ။

ရွှေရောင်စွမ်းအင်အလွှာတစ်ခုက သူ့ကို

ဝန်းရံထားသည်။

ဘမ်း…

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

ယန်ယဲ့ဟာ

သွေးဆောဘာကိုကိုင်ထားလျက်ပင်

ယခင်ရပ်နေသည့်နေရာကို

ပြန်လွင့်သွားသည်။

ရွှေရောင်အလင်းလွှာကတော့

အက်ကွဲကြောင်းအချို့သာရှိခဲ့သည်။

သို့သော် မကြာခင်မှာပဲ အလင်းလွှာပေါ်ရှိ

အကဲ်ရာများဟာ

သူ့အလိုလိုပျောက်ကွယ်သွားခဲ့သည်။

"ဓားနဲ့ဆေဘာတာအို ကျင့်ကြံသူ"

အဘိုးကြီးက ယန်ယွဲ၏လက်ထဲမှာ

ကိုင်ထားသော သွေးဆေဘာကို

တစ်ချက်ကြည့်လိုက်ပြီး

"သူများတွေပြောတာတော့

မင်းရဲ့ဓားက အစွမ်းထက်ဆုံးလို့ပြောတာ
ငါကြားမိတယ်။ စမ်းကြည့်ရအောင်"

ယန်ယွဲ့က သွေးဆေဘာကို
သူ့နောက်ကျောမှာ သိုင်းလွှယ်လိုက်ရင်း
ညာလက်ကို ဆန့်လိုက်သည်။

အောင်း...

စူးရှသော ဓားအူသံ

ထွက်ပေါ်လာပြီးနောက်

ရွှေရောင်အလင်းတန်းတစ်ခု

လင်းလက်လာသည်။

သိပ်မကြာလိုက်ပေ၊

ယန်ယဲ့၏ညာဖက်လက်ထဲမှာ

ရွှေရောင်ဓားတစ်ချောင်း ပေါ်လာသည်။

အဓိပတိဓား ပင်ဖြစ်သည်။

တစ်ချိန်တည်းမှာပဲ

သူ၏ညာခြေကိုတစ်ချက်ဆောင့်ကာ

ဓားစွမ်းအင်တစ်စင်းအလား

ရှေ့သို့ပြေးတက်လာခဲ့သည်။

သို့သော် အဘိုးကြီး၏ပုံစံက

ဘာမှထူးခြားသွားပုံမပေါ်၊

သူ့မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်ထားလေသည်။

သူ့ခန္ဓာကိုယ်တစ်ဝိုက်မှာ

ရွှေရောင်အလင်းလွှာပါးပါးလေး ပေါ်လာပြန်သည်။ ဤအချိန်တွင် ယန်ယဲ့၏အဓိပတိဓားက ရွှေရောင်အလင်းလွှာကို တည့်တည့်ပိုင်းချလိုက်သည်။

ဘမ်း...

အလင်းလွှာသည် ပြင်းထန်စွာ တုန်ခါသွားသည်။

သို့သော် တစ်ချိန်တည်းမှာပင်
ယန်ယွဲ့၏ခန္ဓာကိုယ်ဟာ
ထူးဆန်းစွာအသွင်ပြောင်းလာတော့သည်
။

အဘိုးကြီးက အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည်။ ဒီအချိန်မှာ
ယန်ယွဲ့က အဓိပတိဓားကိုမြှောက်ပြီး
ဆတ်ခနဲပိုင်းချလိုက်သည်။

ဖောင်း...

ရွှေရောင်အလင်းလွှာသည်

ပေါက်ကွဲသွား၏။ ထို့နောက်တွင်

အဘိုးကြီးဟာ မီတာ ၃၀၀

ကျော်အကွာသို့

ပြန်ဆုတ်သွားလိုက်ရသည်။

နောက်ပြန်ဆုတ်သွားသည့်

တစ်လျှောက်တွင်

ရှည်လျားသောအက်ကြောင်းနှစ်ခုရှိနေခဲ့

သည်။ တန်ပြန်အားလှိုင်းကြောင့်

ဖြစ်ပေါ်လာသည့်

အဘိုးကြီး၏ခြေရာများပင်။

"ဓားနယ်မြေ... " အဘိုးကြီးဟာ ယန်ယဲ့ကို

စိုက်ကြည့်လိုက်ပြီး

မျက်လုံးအနည်းငယ်မှိတ်သွားကာ

"ငါ့အင်မော်တယ်အိမ်တော်ရဲ့

မူလကမ္ဘာအဆင့်ကို

ဓားတစ်ချက်တည်းနဲ့သတ်ပစ်နိုင်တာဟာ

အံ့ဩစရာမဟုတ်တော့ဘူး။

မင်းရဲ့တိုက်ခိုက်မှုက မူလကမ္ဘာအဆင့်

ထက်ကို ကျော်လွန်သွားပြီ။ အခုတော့

ငါ့အလှည့်ပဲ”

ထိုစကားပြောပြီးသည်နှင့်

သူ၏ညာလက်ကို ဆန့်ထုတ်၍ အဝေးရှိ

ယန်ယဲ့ကို လှမ်းကိုင်လိုက်သည်။

ဆူး ...ဆူး ...ဆူး... ဆူး ...ဆူး...

အာကာသပြင်မှ ကွဲအက်သံများ
ကျယ်လောင်စွာ
ထွက်ပေါ်လာသည်နှင့်အတူ ယန်ယဲ့၏
ခန္ဓာကိုယ်ဟာ အက်ကွဲစပြုလာသည်။

ယန်ယဲ့ သည် ချက်ချင်း
မျက်မှောင်ကြုတ်လိုက်၏။ သို့သော်
သူ့တွင် စဉ်းစားနေရန်အချိန်မရှိသဖြင့်

အဝိပတိဓားကိုမြှောက်ပြီးပိုင်းချလိုက်လေတော့သည်။

ဆူး...

သူ့ရှေ့ရှိ အာကာသပြင်ဟာ ကွဲထွက်သွားသည်။

ဤအချိန်တွင် အဘိုးကြီးက နေရာမှာပင် ပျောက်ကွယ်သွားခဲ့သည်။

အုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

ယန်ယဲ့သည် ၃ ကီလိုမီတာအကွာသို့

ပေါက်ကွဲသွားခဲ့သည်။ သူ့ကိုယ်သူ

ရပ်တန့်လိုက်သည်နှင့် ရပ်နေတဲ့နေရာဟာ

ချက်ချင်း ကွဲအက်သွားသည်။

တစ်ချိန်တည်းမှာပင် မမြင်နိုင်သော

ဖိအားလှိုင်းတစ်ခုက သူ့အပေါ်ကို ဖိချလာသည်။

ခလွပ်...

ယန်ယွဲ့၏ခန္ဓာကိုယ်က ရှေ့သို့ ကွေးသွားသည်။ ဤအခိုက်အတန့်တွင် သူ့အပေါ်ကို တောင်ပေါင်းတစ်သန်းကျော် ဖိချနေသကဲ့သို့ ခံစားရသည်။

ပြင်းထန်သော ဖိအားကြောင့်
သူ၏ကိုယ်တွင်းအင်္ဂါများ ပင်
ကွဲအက်လုနီးနီး ဖြစ်သည်။

သူ့ရှေ့ရှိ အဘိုးကြီးဟာ အန်တီယန်
အပါအဝင် ထာဝရကျေးရွာ၏
ကျင့်ကြံသူများနှင့် မယှဉ်နိုင်လျှင်ပင်
အားနည်းမှာမဟုတ်ပေ။

"အား..." ဒီအချိန်မှာ ယန်ယဲ့သည်

ရုတ်တရက်ဆိုသလို

ဒေါသတကြီးအော်ဟစ်လိုက်လေသည်။

တစ်ချိန်တည်းမှာပဲ သူ့ထံမှ

ကြောက်မက်ဖွယ်ရာ စိတ်ဆန္ဒနှစ်ခု

ပေါက်ကွဲထွက်လာသည်။ ထို့နောက်

အဓိပတိဓားကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်ပြီး ပိုင်းချလိုက်တော့သည်။

ဆူး...

သူ့ရှေ့က အာကာပြင်ဟာ

ကွဲထွက်သွားသည်။ ယန်ယဲ့အပေါ်

ဖိနှိပ်ထားသည့် အားလှိုင်းများလည်း

ချက်ချင်း ပျောက်သွားတယ်။

ထို့နောက်တွင် ယန်ယဲ့သည် ညာခြေကို

တစ်ချက်ဆောင့်၍

အဘိုးကြီးထံခုန်ဝင်လိုက်သည်။

ဆူး...

သူ ဖြတ်သန်းသွားသည့် နေရာတိုင်းတွင်
ကြားကွက်လပ်အလွှာဟာ
အပိုင်းပိုင်းကွဲထွက်သွား၏။

အဘိုးကြီး၏ မျက်လုံးများပင်လျှင်
အနည်းငယ် ကျဉ်းမြောင်းသွားပြီး
သူ့လက်သီးကို ရှေ့သို့
လှမ်းထိုးလိုက်သည်။

ဘုန်း...

အဘိုးကြီး၏လက်သီးထိပ်မှ
ရွှေရောင်အလင်းတန်းများ
ဖြာထွက်လာသည်။

ဘမ်း...

တိုက်မိသည်နှင့် တပြိုင်နက်
အထက်ကောင်းကင်ယံတွင်

မမြင်နိုင်သော စွမ်းအင်လှိုင်းကြီးတစ်ခု

တဟုန်ထိုးရိုက်ခတ်လာသည်။ ၎င်း

ဖြတ်သန်းသွားရာ နေရာတိုင်းတွင်

အာကာသပြင်ဟာ တုန်ခါနေသည်၊

ပွက်ပွက်ဆူနေသော ရေကဲ့သို့

တုန်ခါသွားသည်။

အုန်း...

ရုတ်တရက်ဆိုသလိုပင်

ပေါက်ကွဲသံတစ်ချက်

ထွက်ပေါ်လာပြီးနောက် ပုံရိပ်တစ်ခုဟာ

၁၀ ကီလိုမီတာအကွာထိ

လွင့်ထွက်လာသည်။

အဘိုးကြီးတော့ မဟုတ်ပါ၊ ယန်ယဲ့

ပင်ဖြစ်သည်။

သူရပ်တန့်သည်နှင့်
ပါးစပ်ထောင့်ကနေသွေးများ
စီးကျလာသည်။

ဒီအချိန်မှာ ယန်ယဲ့၏နံဘေးမှာ
အနီရောင်ဝတ်စုံဝတ်အမျိုးသမီးတစ်ဦး
ရုတ်တရက်ပေါ်လာသည်။ ဓားစာလိပ်ပါ
။

ဆားစာလိပ်က အဘိုးကြီးအား

တစ်ချက်ကြည့်လိုက်ပြီးနောက်

စိုးရိမ်စိတ်အပြည့်ဖြစ်နေသည့်

နှင်းပွင့်လေးကို လှည့်ကြည့်ရင်း

"ဆားဘူးသီးကို ပေးလိုက်"

ဟုပြောခဲ့သည်။

နှင်းပွင့်လေးဟာ

ခဏကြာအောင်ထိတ်လန့်နေလေသည်။

ထို့နောက်မှ

ခါးဘူးသီးကိုအမြန်ဆွဲဖြုတ်ကာ

ယန်ယွဲ့ဆီကိုပစ်ပေးလိုက်လေသည်။

သို့သော် ခါးဘူးသီးက

ရှေ့ကိုတိုးမသွားဘဲ

နှင်းပွင့်လေးဆီကိုသာ ပြန်ရောက်လာ၏။

ခါးဘူးသီးက ယန်ယွဲ့အား

ငြင်းပယ်လိုက်တာပါ။

နှင်းပွင့်လေးဟာ
ချက်ချင်းပင်ဒေါသထွက်သွားလေတော့
သည်။

သူမလေးက လေထဲသို့ ပျံတက်ကာ
ဓားဘူးသီးကို ဖမ်းကိုင်လိုက်၏။
ထို့နောက် ဒေါသတကြီး အော်ဟစ်ရင်း
နေရာတိုင်းကို
ဆောင့်ရိုက်လိုက်တော့သည်။

နွားနတ်ဆိုးက နှင်းပွင့်လေး

ဒေါသထွက်နေသည်ကို မြင်သောအခါ

နောက်သို့

ခြေတစ်လှမ်းဆုတ်သွားခဲ့သည်။ သူက

နှင်းပွင့်လေးကို ကြည့်ပြီး

အနည်းငယ်ကြောက်ရွံ့သွားတာပါ။

နှင်းပွင့်က ဓားဘူးသီးကို

အကြိမ်ကြိမ်ထုရိုက်နေရာမှ

ကောင်းကင်ပေါ်သို့ ပစ်တင်လိုက်သည်။

ဝှစ်....

ဘူးသီးနက်ကို

လွှင့်ပစ်လိုက်တာဖြစ်သည်။

သူမ မလိုချင်တော့ဘူးလို့ပြောနေတာပါ။

အခြားတစ်ဖက်တွင် ဓားစာလိပ်က

ဤမြင်ကွင်းကြောင့်

ပါးစပ်ထောင့်များအနည်းငယ်

လှုပ်ယမ်းသွားကာ

"ထာဝရဘုရားသီးနက်ကို

ဒီလိုမျိုးဆက်ဆံရဲ့တာဟာ

ထာဝရနယ်နိမိတ်ထဲမှာ

သူတစ်ယောက်ပဲရှိနိုင်မယ်

ထာဝရဘုရားသီးနက်က သူမကို လုံးလုံး

ဒေါသမထွက်ရဲဘူးပဲ"

အဘိုးကြီးဟာ ဤမြင်ကွင်းကြောင့်

အနည်းငယ်အံ့သြသွားသော်လည်း

ဆက်ပြီးအာရုံစိုက်မနေတော့ပေ။

ယန်ယဲ့ကိုသာ

တိုက်ခိုက်လိုက်ပါတော့သည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့ သည်

သူ၏ဘယ်ဖက်လက်ကိုဆန့်ပြီး

သေွးဆေဘာကိုဆုပ်ကိုင်လိုက်သည်။

ထို့နောက်

သူ၏လက်နှစ်ဖက်ကိုမြှောက်ကာ
အဓိပတိဓားနှင့် သွေးဆော်ဘာကို
ပစ်ပေါက်လိုက်သည်။

ဆူး...

သွေးနီရောင်ဆော်ဘာစွမ်းအင်နှင့်
ဓားအလင်းတန်းများဟာ ကောင်းကင်ကို
ပိုင်းဖြတ်သွားခဲ့သည်။ ၎င်းမှ
သယ်ဆောင်လာသော ဖိအားကြောင့်

ဓားနှင့် ဆောဘာအလင်းတန်း

ဖြတ်သွားရာ

အာကာသပြင်တစ်လျှောက်ဟာ

အပိုင်းပိုင်းကွဲထွက်သွားခဲ့လေသည်။

ဤအချိန်တွင်

ရွှေရောင်အလင်းတန်းတစ်ခုရောက်ရှိလာ

သည်။

ဂျုန်း...

ကောင်းကင်တစ်ခုလုံး ပြင်းထန်စွာ

တုန်ခါသွားပြီးနောက်

ဓားအပျက်အစီးနယ်မြေ၏

အထက်ကောင်းကင်ယံသည်

အက်ကွဲသွားသည်။ ထို့အပြင်

အက်ကွဲကြောင်းများသည် နေရာတိုင်းသို့

လျင်မြန်စွာ ပြန့်နှံ့လာခဲ့သည်။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့ သည်

မီတာရာချီအထိ
လွင့်ထွက်သွားပြန်သည်။

အဘိုးကြီးက
ထပ်ပြီးတိုက်ခိုက်ရန်ပြင်လိုက်စဉ်
ဘေးကို ရုတ်တရက်
လှည့်ကြည့်လိုက်သည်။ ထိုနေရာမှ
ပုဆိန်တစ်လက်ပေါ်လာပြီး
အဘိုးကြီးအားခုတ်ချလေသည်။

အဘိုးကြီးက တုန်လှုပ်မသွားဘဲ

သူ့လက်ဝါးကို ငွေ့ယမ်းလိုက်သည်။

ဘမ်း…

ပုဆိန်က ကွဲထွက်သွားသည်။

သို့သော်လည်း

အဘိုးကြီး၏လက်ဝါးပြင်မှာ

ပုဆိန်ခုတ်ရာတစ်ချက်ပေါ်လာသည်။

သူက ချက်ချင်းမျက်မှောင်ကြုတ်ပြီး

အဝေးရှိ နှင်းပွင့်ကို

မော့ကြည့်လိုက်သည်။

ဤအခိုက်အတန့်တွင် နှင်းပွင့်လေးက

ပုဆိန်နှစ်လက်ကိုင်ထားရင်း

အဘိုးကြီးကိုစိုက်ကြည့်နေလေသည်။

ထို့နောက် မျက်တောင်တစ်ချက်ခတ်ပြီး

အဘိုးကြီးကို ပုဆိန်နှစ်လက်ဖြင့်

ပစ်ပေါက်လိုက်လေသည်။

ဘမ်း...

ပုဆိန်များ ပိုင်းဖြတ်သွားသည့်
အာကာသပြင်တစ်လျှောက်ဟာ
ချက်ချင်းပင်ပြိုခဲ့သည်။

အဘိုးကြီးဟာ
အနည်းငယ်မျက်မှောင်ကြုတ်ရင်း
သူ့ညာဖက်လက်ကို ဆန့်ပြီး
ယမ်းလိုက်သည်။

ဘမ်း....

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်၏ကိုယ်ပွားဟာ ချက်ချင်းပင်ပေါက်ကွဲသွားသည်။

တစ်ချိန်တည်းမှာပဲ ပြင်းထန်သောဖိအားလှိုင်းတစ်ခု ရုတ်တရက်ပေါ်လာပြီးနှင်းပွင့်လေးကို ဖိချလိုက်သည်။

နှင်းပွင့်၏မျက်လုံးလေးများဟာ

ချက်ချင်းပင် ပြူးကျယ်သွားသည် ။

ဒီအချိန်မှာ နွားနတ်ဆိုးက

နှင်းပွင့်ရှေ့တွင် ပေါ်လာပြီး ပုဆိန်ကို

ဖမ်းဆုပ်ထားလိုက်သည်။ သို့သော်

နွားနတ်ဆိုးဟာ မီတာ ၁၀၀

ကျော်အကွာထိပင်

ပြန်ဆုတ်သွားလိုက်ရသည်။

ခဏအကြာတွင်

သူ့အလိုလိုရပ်သွားသည်နှင့်

ပုဆိန်ကိုကိုင်ထားလျက်

နှင်းပွင့်လေးထံလျှောက်သွားခဲ့သည်။

ထို့နောက် ပုဆိန်ကို ပြန်ပေးလိုက်၏။

နှင်းပွင့်လေးက မျက်တောင်ခတ်ပြီး

ပုဆိန်ကိုမြှောက်၍ အဘိုးကြီးထံ

နောက်တစ်ကြိမ်

ပစ်ပေါက်လိုက်လေသည်။

ဤမြင်ကွင်းကြောင့် အဘိုးကြီးဟာ

မျက်ခွံများ

အနည်းငယ်လှုပ်ယမ်းသွားသည်။

ထိုအကောင်လေးက

အားနည်းသော်လည်း

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် ဟာ

ကြောက်စရာကောင်းလှသည်။

ဤအချိန်တွင် ပုဆိန်က

လေထုကိုဆုတ်ဖြဲ၍ ခုတ်ချလာသည်။
အာကာသသည် ပုဆိန်ခုတ်ချက်ကို
မခံနိုင်တော့သည့်အလား
တဝုန်းဝုန်းပြိုကျလာသည်။

အဘိုးကြီးက နှင်းပွင့်ကို
ခဏစိုက်ကြည့်နေပြီးနောက်
နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။
ထို့နောက် နှင်းပွင့်ရှေ့မှာပေါ်လာ၏။
သို့သော်လည်း

ရောမအနက်ရောင်လက်သီးကြီးက
အဘိုးကြီးကိုဆောင့်ထိုးချလိုက်သည်။

အဘိုးကြီးဟာ မျက်လုံးများ
အနည်းငယ်ကျဉ်းမြောင်းသွားပြီး
သူ့လက်သီးကို မြှောက်၍ ရှေ့သို့
လှမ်းထိုးလိုက်သည်။

ဘမ်း...

လက်သီးနှစ်ချက် ထိပ်တိုက်အတွေ့တွင်
ကျယ်လောင်သော ပေါက်ကွဲသံ
ထွက်ပေါ်လာပြီးနောက် အဘိုးကြီးဟာ
မီတာ ၃၀၀ ခန့်အကွာသို့
ပြန်ဆုတ်သွားရသည်။

သူရပ်တန့်လိုက်ပြီးနောက်
ရှေ့ကိုလှမ်းကြည့်လိုက်ရာ
နှင်းပွင့်ရှေ့မှာရပ်နေသည့် နွားနတ်ဆိုးကို
မြင်လိုက်သည်။

တစ်ချိန်တည်းမှာပဲ ဘေးဖက်ကို

လှမ်းကြည့်လိုက်ရာ

ရွှေရောင်တလက်လက်တောက်ပနေ

သော စားစွမ်းအင်တစ်စင်း

ဆင်းသက်လာသည်။

ယန်ယဲ့၏ အနန္တစားနယ်မြေ ပင်။

ထို့အပြင်

တိုက်ခိုက်မှုတစ်ခုတည်းမဟုတ်ပါ၊

ဆေဘာစွမ်းအင်နှင့် ဓားစွမ်းအင်ကို

တစ်သားတည်းဖြစ်အောင်

ပေါင်းစပ်ထားတာပါ။

အဘိုးကြီး၏မျက်လုံးများဟာ

အနည်းငယ် ကျဉ်းမြောင်းလာသည်။

သူ့လက်နှစ်ဖက်ကို ဝှေ့ယမ်းလိုက်ရာ

စူးရှတောက်ပသော

ရွှေရောင်အလင်းတန်းများ

ဖြာထွက်လာပြီး ရှေ့သို့

ပစ်လွှတ်လိုက်သည်။

ဘမ်း...

ကျယ်လောင်သော

ပေါက်ကွဲသံကြီးတစ်ချက်ထွက်ပေါ်လာ

ပြီးနောက် နှစ်ယောက်စလုံး ဟာ

အသီးသီးလွင့်ထွက်လာကြသည်။

အဘိုးကြီးက ၁ ကီလိုမီတာအကွာတွင် ရပ်တန့်သွားသည်။ ဒီအချိန်မှာ သူ့နှဖူးထက်၌ အတော်လေးနက်သော ဓားဒဏ်ရာတစ်ချက်ရှိနေ၏။ ထိုနေရာမှ သွေးများ အဆက်မပြတ် စီးထွက်လာသည်။

ငယ်ထိပ် ပွင့်လုနီးပါးပင်။

အဘိုးကြီး၏ မျက်လုံးများ အနည်းငယ် ကျဉ်းမြောင်းသွားပြီး ခပ်လှမ်းလှမ်းရှိ ယန်ယဲ့အား မော့ကြည့်လိုက်သည်။ ဤတိုက်ခိုက်မှုသာ အနည်းငယ်နက်သွားလျှင် သူဟာ အလောင်းကောင်ဖြစ်နေလောက်ပေသည်။

အဘိုးကြီးဟာ ယန်ယဲ့ကို အချိန်အကြာကြီး စိုက်ကြည့်ပြီးနောက်

သူ့လက်ကို ဖြည်းညှင်းစွာ
မြှောက်လိုက်သည်။

ဝုန်း....ဂျိန်း...

အထက်ကောင်းကင်ပြင်သည်
ရုတ်တရက် ပြင်းထန်စွာတုန်ခါလာသည်။
ထို့နောက်တွင် ကောင်းကင်ထက်မှ
မရေမတွက်နိုင်သော အနက်ရောင်
လျှပ်စီးကြောင်းများ အဆက်မပြတ်

ထွက်ပေါ်လာခဲ့လေသည်။ ဒီအချိန်မှာ

ကောင်းကင်ပြင်သည်

တိမ်ညိုတိမ်မည်းများ ဖုံးလွှမ်းထားပြီး

တစ်လောက်လုံး

အမှောင်အတိကျသွားခဲ့သည်။

တစ်ချိန်တည်းမှာပင်

အောက်မြေပြင်သည် ပြင်းထန်စွာ

လှုပ်ခါသွားပြီးနောက် မြေကြီးထဲမှ

ရွှေရောက်လက်ဝါးကြီးတစ်ဖက်

ထိုးထွက်လာကာ ယန်ယဲ့ကို
ဖမ်းချုပ်လိုက်လေသည်။

ထို့အပြင် အထက်ကောင်းကင်ယံရှိ
မရေမတွက်နိုင်သော
လျှပ်စီးကြောင်းများဟာ ယန်ယဲ့ပေါ်သို့
ဆင်းသက်လာကြသည်။

"လောကစွမ်းအား... "

ဤမြင်ကွင်းကြောင့်

ဓားစာလိပ်၏အမူအရာက

အနည်းငယ်ပြောင်းလဲသွားသည်။

ထို့နောက် ဘူးသီးနက်ကို

အလျင်စလိုကြည့်ကာ “ဒါ

နင့်ရဲ့နောက်ဆုံးအခွင့်အရေးပဲ”

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်ဟာ

နတ်ရတနာသတ်မှတ်ချက်၌

အကြီးမြတ်ဆုံးဖြစ်သော်လည်း

၎င်း၏ပင်မခန္ဓာကိုယ်ဟာ

အပြင်ထွက်မလာနိုင်သဖြင့်

ဘာမှမတတ်နိုင်ပေ။

ဤအချိန်တွင် နှင်းပွင့်လေးက

ဘူးသီးနက်ကို စိုက်ကြည့်နေသည်။

ဘူးသီးနက်ဟာ

အနည်းငယ် တုန်လှုပ်သွားပြီး

ယန်ယဲ့ဆီသို့ ပျံသန်းသွား၏။

သို့သော်လည်း ယန်ယဲ့ သည်

လစ်လျူရှုထားလိုက်သည်။

"သောက်ကျိုးနည်း ဘူးသီးနက်၊

မင်းမပါရင်တောင်

ငါ့ဘာသာငါတိုက်ခိုက်နိုင်တယ်"

ဘမ်း .... ဘမ်း...

ယန်ယဲ့ထံမှ ကြောက်မက်ဖွယ်ရာ
ဓားကြီးတစ်ချောင်းနှင့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ
ပေါက်ကွဲထွက်လာသည်။ ထို့နောက်
သူ၏လက်ထဲမှာ ဆုပ်ကိုင်ထားသော
အဓိပတိဓား ဆီသို့ တိုးဝင်သွားသည်။
တစ်ချိန်တည်းမှာပင် ယန်ယဲ့၏
လက်မောင်းနှစ်ဖက်ရှိ သွေးကြောများ
ပေါက်ထွက်လာခဲ့သည် ။

မူလဆန်းကြယ်စွမ်းအင်...

သိပ်သည်းသော

စွမ်းအင်စီးကြောင်းများဟာ အဓိပတိဓား

ဆီသို့ တိုက်ရိုက်စီးဝင်လာသည်။

ယန်ယဲ့၏မျက်လုံးထဲမှ

ရက်စက်သောအရိပ်အယောင်များ

တဖျပ်ဖျပ်လက်ကာ အဓိပတိဓားကို

လက်နှစ်ဖြင့်ဆုပ်ကိုင်၍
ပိုင်းချလိုက်လေတော့သည်။

အနန္တစားနယ်မြေ...

နောက်တစ်ကြိမ် ထပ်လုပ်မယ် ။

ယန်ယဲ့ သည် အနန္တစားနယ်မြေကို
နှစ်ကြိမ်ဆက် ထုတ်ဖော်လိုက်သည်။

တိုက်ခိုက်မှုနှစ်ခုအား ထပ်ထားလေရာ

ကမ္ဘာကြီးတစ်ခုလုံး ကွဲအက်သွားသည်။

သို့သော်၊ ထိုမျှက အဆုံးမဟုတ်သေးပါ။

တတိယမြောက်

စားနယ်မြေတိုက်ခိုက်မှုဟာ လျင်မြန်စွာ

ဆင်းသက်လာသည်။

အနန္တစားနယ်မြေကို ၃

ကြိမ်ဆက်တိုက်ထုတ်ဖော်လိုက်သဖြင့်

ယန်ယဲ့၏ခန္ဓာကိုယ်ဟာ ရုတ်တရက်

အက်ကွဲသွားပြီး

သွေးများပန်းထွက်လာပါသည်။

Translated By NyiNyiSoe